
ပညာရှင် စာပေတိုက်

# ရွှေဒေါင်းလူ



စုံထောက်မောင်လှကလေး

နှင့်

ပဗွန်းသက်ကျိန်စာ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင် ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မောင်ပြည့်ဝ စီစဉ်သည်။


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၅၀၇၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၆၀၃၂

ထုတ်ဝေသူ - ဒေါ်ခင်မာရှိ (ဝန်းဝေဝေစာပေ )၊

ပုံနှိပ်သူ - ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

ပုံနှိပ်ခြင်း - ဇွန်လ ၊ ၂၀၁၂

မျက်နှာဖုံးဒီဇိုင်း - ကျော်ထိုက်လတ်

(ဟူးရှင်စာပေတိုက်)

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - ၁၅၀၀ ကျပ်

CIP

ရွှေခေါင်းလှ ရှင်ထု

စုံထောက်မောင်လှကာလေးနှင့် ပဋ္ဌာန်းထောက်တရှိန်စား ရန်ကုန်။

ဝန်းဝေဝေစာပေ၊ ၂၀၁၂။

၁၉၉ - စာ၊ ၁၉ × ၁၃ စင်တီ။

စုံထောက်မောင်လှကာလေးနှင့် ပဋ္ဌာန်းထောက်တရှိန်စား။

ရွှေဒေါင်းလူ

# ရုံထောက်မောင်လူတလေး

နှင့်

# ပဋ္ဌန်းဆက်ကျိန်စာ

(၁)

လူမော်အင်မတန်မှ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်မှာ သိတတ်စအရွယ်ကတည်းက အစပြု၍ ယခု အသက် (၂၀) ပြည့်သည့်အထိပင် ဟု ဆိုရပေမည်။

လပြည့်ညရောက်တိုင်း ထိုအိပ်မက်ကို မြင်မက်ရခြင်းဖြစ်၏။ ပထမတော့ ထိုအိပ်မက်ကို သိပ်အလေးမမူ။ ကာလအတန်ကြာ လပြည့်ညပုံမှန် တစ်ထေရာတည်း တစ်ပုံစံတည်း စွဲစွဲမြဲမြဲမက်လာသောအခါ လူမော် တစ်ယောက်လပြည့်ည ရောက်လာမှာကိုကြောက်နေပြီ။

လပြည့်ညရောက်လျှင် လူမော်အိပ်မရတော့။ ထိုအိပ်မက်ကို မြင်မက်ရမှာ တွေးပြီး ကြောက်နေခြင်းကြောင့် ဖြစ်၏။

ညရောက်ပြီဆိုသည်နှင့် ဖောရွှေးများပြန်ကာ သွေးပျက်ချောက် ချားခဲ့ရသည်။

သို့ရာတွင် ဝို၍ထူးခြားခဲ့ခြင်းမှာ ညဦးပိုင်း သွေးပျက်ချောက်ချားပြီးအိပ်မပျော်ရှိသော်လည်းညသန်းခေါင်လွန်လာသည့်အခါ မည်သို့မျှကြိုးစားရုပ်တည်းမရဘဲ သတိလက်လွတ်အိပ်ပျော်သွားရခြင်းကြောင့်ဖြစ်၏။

မည်သို့မျှမအိပ်ဟု စိတ်တင်းပြီး ဆုံးဖြတ်သော်ငြား မရခဲ့။ သတိလက်လွတ်ဖြစ်ကာ အိပ်ပျော်သွားခဲ့သည် ချည်းပင်။

အိပ်ပျော်သွားသည့်အခါ ထိုအိပ်မက်ကို မြင်မက် ရတော့၏။

ဆိုခဲ့သည့်အတိုင်း အိပ်မက်က အင်မတန်မှ ထူးဆန်းပြီး သွေးပျက်ချောက်ချားဖွယ်ကောင်းလှ၏။

လူမော်တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော မြန်မာပြည်အလယ်ပိုင်း ရှိ မြို့ပြကြီးတစ်မြို့ကို အမြဲတမ်း မြင်မက်ခဲ့ခြင်းဖြစ်၏။

ထိုမြို့ပြကြီးနှင့်မနီးမဝေး တောအုပ်မှတစ်ဆင့် တောင်ကုန်းတစ်ခု၊ ထိုတောင်ကုန်းတစ်နေရာတွင် ၎င်းနှင့်ရုပ်ချင်း ချွတ်စွပ်တူသော လူတစ်ယောက်၊ ထိုလူနှင့်၎င်းကား အလွန်ချစ်ကြသော ပုံစံမျိုးကိုတွေ့ရ၏။ ပြီးတော့ ၎င်းနှင့်ထိုလူကို အင်မတန်မှ ခက်ထန်မာကျောသော လူကြီးတစ်ဦးမှ အမျိုးမျိုးနှိပ်စက်ခဲ့၏။

ထို့အတူထိုလူကြီးသည် ၎င်းနှင့်ထိုလူကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သောမြင်ကွင်း စသည်တို့ကို သွေးပျက်ချောက်ချားဖွယ်မြင်မက်ခဲ့ရခြင်း ပင်ဖြစ်၏။

ထိုအိပ်မက်ကြောင့် လူမော်သည် ၎င်းတို့အားရက်ရက်စက်စက်သတ်ခဲ့သော ထိုလူသတ်သမားကြီးကို ပြန်ကလဲ့စားချေချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတော့၏။အလိုလိုအမုန်းစိတ်တွေ ကြီးထွားလာသည်။ ခံပြင်းနာကျင်မှုတွေ ရင်နှင့်မဆံ့ ပြည့်နက်လာသည်။ထို့ကြောင့် ထိုအိပ်မက်နှင့်ပတ်သက်၍လူသတ်သမားကြီးကိုတစ်နေ့နေ့ တစ်ချိန်ချိန်မှာ ၎င်းလက်စားပြန်ချေနိုင်လိမ့်မည် ဟုလဲ ယုံကြည်ခဲ့၏။

သို့ရာတွင် လူမော်သည် မိခင်ဖြစ်သူအား ထိုကိစ္စနှင့်ပတ်သက်၍ တစ်စွန်းမျှ မပြောတော့။ ၎င်းအပေါ် စိုးရိမ်ပူပန်နေလိမ့်မည်။

ယခင် ၎င်းငယ်စဉ်ကတော့ ထိုအိပ်မက်အကြောင်းတို့အား ကြိမ်ဖန်များစွာပြောပြဖြစ်ခဲ့၏။ အဲ့ဒီတုန်းထဲက ၎င်းအပေ ါ် စိုးရိမ် ပူပန်ခဲ့ပါသည်။နောက်ပိုင်း၎င်းသည် မိခင်ဖြစ်သူအား စိုးရိမ်ပူပန်မှုမဖြစ်စေလို၍ ယခုကဲ့သို့ကာလ များစွာ မြိုသိပ်ထားခဲ့ခြင်းဖြစ်လေ၏။

သို့သော်၎င်း၏ယုံကြည်စိတ်ချရဆုံးငယ်ပေါင်းကြီးဖော်ကျော်စွာနှင့်နန္ဒကိုတော့ ၎င်းအိပ်မက်မက်တိုင်း  ပြောပြဆွေးနွေးဖြစ်ခဲ့လေသည်။

"မင်းအိပ်မက်က သိပ်ထူးဆန်းတယ် လူမော်၊ သွေးလေခြောက်ချားမှု၊စိတ်စွဲလမ်းမှုကြောင့် တစ်ခါတစ်ရံ မက်တယ်ဆိုရင် ထားတော့။

အခုဟာက တစ်လတစ်ကြိမ်၊ လပြည့်ညရောက်တိုင်း မက်တယ်ဆိုတော့ သိပ်ကိုအံ့ဩစရာကောင်းတယ်"

"ပြီးတော့ ဒီအိပ်မက်ထဲက အကြောင်းအရာတွေနဲ့ မင်းဘယ်လို ဆက်စပ်ပတ်သက်နေတယ်၊ ဘာကြောင့် ရက်ရက်စက်စက် အသတ်ခံ ရတယ် ဆိုတဲ့ မြင်မက်မှုဟာ ပိုပြီး စိတ်ဝင်စားစရာကောင်းတယ်"

ထိုစဉ်က ကျော်စွာနှင့် နန္ဒက အထက်ပါအတိုင်း မှတ်ချက်ပေးခဲ့ ဖူးကြ၏။

"နောက်ပြီး အိပ်မက်ထဲက အကြောင်းအရာပေါ် မူတည်ပြီး လူသတ်သမားအပေါ် မင်းရင်ထဲက အမုန်းနာကြည်းစိတ်၊ ကလဲ့စား ချေချင်စိတ်တွေ အပြင်မှာလက်ရှိ ဖြစ်ပေါ်လာတာလဲ အင်မတန်မှအံ့ဩ စရာကောင်းတဲ့ အချက်ပဲ"

ဟူ၍လည်းတညီတညွတ်ထဲ မှတ်ချက်ပြုခဲ့ကြပါသေး၏။

ၛင်းတို့နှစ်ဦး မှတ်ချက်ပြုခဲ့သည့်အတိုင်းၛင်းကိုယ်တိုင်လည်း ထိုကိစ္စအပေါ် အံ့ဩအဖြေရှာ၍မဆုံး။

နောက်ဆုံးတော့ မဖြစ်မနေ ကလဲ့စားပြန်ချေရန် အခွင့်အလမ်း ကို စောင့်ဆိုင်းနေပါတော့သည်။

သို့သော် ၛင်းခိုင်ခိုင်မာမာ ဆုံးဖြတ်ထားသော်လည်း လတ်တ လောအချိန်၌ မိခင်မုဆိုးမကြီးကို တစ်ယောက်ထဲထား၍ လူသတ်သမား

ကို ရှာရန် အခြေအနေမပေးသေး ပါချေ။ အနေးနှင့် အမြန်တော့ ၎င်းဆုံး ဖြတ်ထားသည့်အတိုင်း လူသတ်သမားကိုရှာပြီး ကလဲ့စားပြန်ချေခွင့် ရလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုလည်းပြီးခဲ့သော လပြည့်ညက ထိုအိပ်မက်ကို မက်ခဲ့ပြန်၏။ ထို့ကြောင့် ၎င်းသည် ဒီတစ်ကြိမ်တွင် မျက်စိစုံမှိတ်ကာ လူသတ်သမားကို ရှာဖို့အတွက် ဆုံးဖြတ်ချက် ချလိုက်ပါတော့၏။

"မင်းတကယ် ဆုံးဖြတ်ပြီးပြီလား လူမော်၊ ဒီကိစ္စဟာ အန္တရာယ် အင်မတန်များနိုင်တယ်နော်"

ကျော်စွာက သတိပေးစကားဆိုသည်။

နန္ဒကလည်း ...

"ဟုတ်တယ် လူမော်၊ အိပ်မက်ထဲကလူသတ်သမားကို ရှာဖို့ဆို တာကိုယ့်အတွက် အန္တရာယ်သိပ်ကြီးသလို၊ အပြင်မှာတကယ်ရှာတွေ့ဖို့ ဆိုတာလည်း မလွယ်ကူဘူး၊ ပြီးတော့ အဲ့ဒီ လူသတ်သမားကို ရှာတွေ့တဲ့ အခါ ဘယ်လိုသက်သေအထောက်အထားမျိုးနဲ့ မင်းကိုသတ်ခဲ့တဲ့ အကြောင်း စွဲချက်တင်မလဲ၊ ဒီကိစ္စဟာ အင်မတန်မှ ရှုပ်ထွေးကြောင်း နိုင်တဲ့ကိစ္စကြီးကွ၊ အများကကြားရင်တော့ဒီလိုပဲ မှတ်ချက်ပြုကြမှာ"

ဟု တွေးတွေးချင့်ချင့် စကားဆိုလာတော့၏။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ့ရင်ထဲက အမုန်းတရားတွေ အတွက်တော့ ဒီနည်းနဲ့ပဲ ဖြေဖျောက်လို့ရနိုင်မှာ၊ ခုဆိုရင် အဲ့ဒီအရိပ်မည်းကြီးဟာ ငါ့ဘဝကို ဘယ်လောက်ခြောက်လှန့် နေခဲ့သလဲဆိုတာ မင်းတို့အသိဆုံးပါကွာ၊ ဒီအတိုင်းပဲ ဆက်သွားရင်တော့ ငါ့ဘဝဟာ ဘယ်တော့မှ ငြိမ်းအေးချမ်းသာနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် အဲ့ဒီလူသတ်သမားကို မတွေ့တွေ့အောင်ရှာပြီး လက်စားချေဖို့ ဆုံးဖြတ်လိုက်တာ"

ဟု ရင်းကပြောပြီး သက်ပြင်းကို လေးလေးပင်ပင်ချလိုက်တော့၏။

"တားမရလည်း မင်းဆန္ဒအတိုင်းပေ့ါကွာ၊ ဒါပေမယ့် မင်းအမေ အရီးလေးကို စောင့်ရှောက်ဖို့ကိစ္စအတွက် ငါတို့နှစ်ယောက်တာဝန်ထား၊ ကိုယ့်မိဘအရင်းလို ကာကွယ်စောင့်ရှောက်သွားမယ်ဆိုတာ ကတိပေးတယ်"

ဟု ကျော်စွာက ပြောလိုက်လေ၏။ ထိုအခါ ရင်းက

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်၊ မကြာခင်ရက်အတွင်းမှာ ငါခရီးထွက်တော့မှာကွ"

"ဒါဆိုရင် မင်းအတွက် ဘာတွေလိုအပ်လဲ"

ဟုနန္ဒကမေးသောအခါ ရင်းကခေါင်းယမ်းလိုက်ပြီး

"ဘာမှ မလိုအပ်ဘူး။ ဒါပေမယ့် ငါ့ရည်ရွယ်ချက် ပြည့်မြောက်ဖို့ပဲ လိုအပ်တယ်၊ ပြီးတော့ ငါမရှိတဲ့နောက်မှာ ခုကိစ္စအတွက်ငါ့ကိုယ်စား အမေ့ ကို ရှင်းပြပေးဖို့လည်းလိုအပ်တယ်"

ဟု အားကိုးယုံကြည်စွာ ပြောလိုက်၏။ ကျော်စွာက

"ကောင်းပြီ၊ ဒီကိစ္စအတွက် မင်းစိတ်ချပါ။ နောက်ကြောင်း အေးအေးထားပြီးသွားပါကွာ"

ကျော်စွာနှင့် နန္ဒက ကတိပေးစကား တညီတညွတ်တည်းဆို ကြသည်။

ထိုရက်ပိုင်းအတွင်းမှာ ရင်းအိပ်မက်ထဲတွင် မြင်မက်ခဲ့ရသော မြန်မာပြည်အလယ်ပိုင်းရှိ မြို့ကြီးသို့ ခရီးထွက်စွာ ခဲ့လေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၂)

လှမော်သည် ၎င်း၏တို့မြို့လေးမှ မြန်မာပြည်အလယ်ပိုင်းရှိ မြို့ကြီးသို့ ခရီးထွက်ခွာခဲ့ရာတွင် ပထမရထားစီးရသည်။ ထိုမှတဆင့် ကားစီးကာ ထိုမြို့ပြကြီးသို့ ရောက်ရှိလေတော့၏။ ရက်သတ္တတစ်ပတ်ခရီးကြာ ညောင်းခဲ့သည်။

သို့ဖြင့် လှမော်သည် ထိုမြို့ကြီးသို့ ရောက်သောအခါသင့်တော်သည့် တည်းခိုခန်းတစ်ခုတွင်တည်းခိုလိုက်၏။ ပထမ၎င်းအိပ်မက်ထဲက မြို့ကြီးကိုရှာဖွေရာတွင် လွန်စွာမှ ခက်ခဲလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း တကယ်တမ်း ၎င်းကိုယ်တိုင် ရှာဖွေသည့်အခါ အင်မတန်မှ ထူးဆန်းအံ့ဩစရာကောင်းလောက်အောင် ထိုမြို့ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါသည်။ သမာဒေဝ နတ်ကောင်း နတ်မြတ်များက လမ်းညွှန်ပေးရှာသလားဟု ပင် ထင်မှတ်ရသည်။

ဘာပဲဖြစ်ဖြစ် ထိုမြို့ကြီးသို့ ၎င်းအခက်အခဲမရှိ အလွယ်တကူ ရောက်ရှိလာခဲ့ခြင်းအတွက် ရည်မှန်းချက်တစ်ဝက် အောင်မြင်ပြီဟု သတ်မှတ်ကာ အတန်ငယ် စိတ်ကျေနပ်မှုရရှိခဲ့လေတော့၏။

ထိုနေ့ညနေပိုင်းက ၎င်းသည် မြို့၏အခြေအနေကို လေ့လာစုံစမ်းပြီး တည်းခိုခန်းသို့ ပြန်ရောက်လာသည့်အခါ အံ့သြစရာတစ်ခုကို ကြုံရလေသည်။

"မနက်က အစ်ကိုလူကျော် စုံစမ်းခိုင်းထားတဲ့ကိစ္စ သတင်းအစ အနစတော့ရပြီး"

ဟု တည်းခိုးခန်းမှ ဝန်ထမ်းလုပ်သားလေးတစ်ဦးက၎င်းအား လူမှား၍ လာရောက်ပြောဆိုလာ၏။

အဘယ်ကြောင့်ဆိုသော် ၎င်းသည် မနက်က မြို့ထဲသို့ ထွက်ခဲ့သည်မှာ မှန်သော်လည်း မည်သည့်ကိစ္စမျှ တစ်စုံတစ်ဦးကို မစုံစမ်းခိုင်းပါချေ။ ပြီးတော့ ၎င်းအမည်က လူမော်ဖြစ်သည်။ တည်းခိုခန်းလုပ်သားလေး အမည်ခေါ်ချက်အရ လူမော်နှင့် လူကျော် မှားယွင်းနေကြောင်းထင်ရှားနေ၏။

ထို့ကြောင့် မဟုတ်မှလွဲရော၊ ၎င်းနှင့်လူကျော်ဆိုသော ပုဂ္ဂိုလ်မှာ အမည်သံတူကြောင်းကွဲ ဆင်ခဲ့သလို၊ ရုပ်ချင်း ချွတ်စွတ်တူပြီး အသက်အရွယ်ချင်းပါ မတိမ်းမယိမ်း ရှိနေလိမ့်မည်မှာ ဧကန်မုချပင်။

ထို့ကြောင့် ၎င်းသည် လူကျော်မဟုတ်ကြောင်း ရှင်းမပြတော့ဘဲ တည်းခိုခန်းဝန်ထမ်းလုပ်သားလေးထံမှ သတင်းကို ရယူလိုက်တော့သည်။

ဒီတော့မှ၎င်းအတွက်ပို၍အံ့ဩထိတ်လန့်သွားခဲ့ရ၏။

လူကျော်ဆိုသောပုဂ္ဂိုလ်စုံစမ်းခိုင်းစေသည့်ကိစ္စမှာ၎င်းအိပ်မက်ထဲမှ စွဲလန်းစွာမက်ခဲ့ရသော၊ ၎င်းကိုယ်တိုင်လာရောက်စုံစမ်းရှာဖွေနေသောမြို့အပြင်ရှိ တောအုပ်အုပ်ထဲမှ တောင်ကုန်းတစ်ခုဖြစ်နေခြင်းကြောင့်ပင်။

အင်မတန်မှ ထူးဆန်းတိုက်ဆိုင်သောဖြစ်ရပ်ပင်မဟုတ်ပါလား။

လူကျော်ဆိုသောပုဂ္ဂိုလ်သည် ၎င်းကဲ့သို့ ဒီမြို့သို့ ရောက်ရှိလာခြင်းမှာ၎င်းနှင့်ရည်ရွယ်ချက်တူနေသည်။ မည်သည့်ကိစ္စကြောင့် ထိုတောင်ကုန်းကို စုံစမ်းခိုင်းစေခဲ့ သနည်း။

သို့ရာတွင် အိပ်မက်ထဲက မြင်မက်ခဲ့ရသော ၎င်းနှင့် သံယောဇဉ်အလွန်ရှိကြသည့် လူတစ်ဦးပေလော။ ထိုကဲ့သို့ တိုက်ဆိုင်နေခြင်းမှာသာမန်ဖြစ်ရိုးဖြစ်စဉ် တိုက်ဆိုင်ခြင်း မျိုးမဟုတ်ဘဲ အကြောင်းတစ်ရပ်အခြေခံမှုအပေါ်မှာ တိုက်ဆိုင်ခြင်းသာ ဖြစ်ဖို့သေချာသည်။

ပဟေဠိဆန်ခဲ့သော ထိုအဖြေကို ညနေအတော်လေးစောင်း သွားချိန်မှ ၎င်းရရှိခဲ့လေ၏။

ထိုအချိန်မှာ မနက်ကထဲက ၎င်းနည်းတူ မြို့ထဲသို့ ထွက်သွားသော လူကျော်ဆိုသောပုဂ္ဂိုလ် တည်းခိုခန်းသို့ ပြန်ရောက်လာပြီး ၎င်းနှင့်အခန်းချင်းကပ်လျက် တည်းခိုရှုံသာမက ၎င်းနှင့် ရုပ်ချင်းပါ ချွတ်စွတ်တူပြီး ၎င်းနှင့်အသက်အရွယ်ပါ မတိမ်းမယိမ်းရှိနေခြင်းကြောင့် ဖြစ်လေတော့သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၃)

လူကျော်သည် မိမိတည်းခိုရာ တည်းခိုခန်းသို့ ပြန်ရောက်ရှိပြီး နောက် မမျှော်လင့် မထင်မှတ်သော တိုက်ဆိုင်မှုများကြောင့် အံ့ဩစိတ် လှုပ်ရှားခဲ့ရ၏။

မိမိ ဒီဒေသသို့ ရောက်ရှိလာခြင်းမှာ အခြားသူတွေကဲ့သို့ လုပ်ငန်းကိစ္စ၊ သာမန်ခရီးသွားခြင်းမျိုးမဟုတ်ဘဲ မိမိအား အနှစ်နှစ်အလလက အရိပ်တစ္ဆေပမာ ခြောက်လန့်သွေးပျက်စေခဲ့သော အိပ်မက်တစ်ခု ကြောင့် ဖြစ်သည်။

ထိုအိပ်မက်သည် လွန်စွာမှ ထူးဆန်း၏။ မိမိသိတတ်စအရွယ် ကာလကထဲက ထိုအိပ်မက်ကို တစ်လတစ်ကြိမ် လပြည့်ညရောက်တိုင်းမြင် တော်ရလေ့ရှိသည်။

အိပ်မက်ထဲတွင်မိမိတစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော မြို့ပြ [illegible] ထိုမြို့ပြကြီးနှင့် မနီးမဝေးရှိတောအုပ်အုပ်ထဲမှ တောင်ကုန်း [illegible]သော မိမိနှင့်ရုပ်ချင်းချွတ်စွတ်တူသော လူငယ်တစ်ယောက်။

ထိုလူငယ်နှင့် မိမိသည် အလွန်သံယောဇဉ်ရှိကြသော ပုံရိပ်ကို မြင်ရ၏။ ထိုမှတဖန် အင်မတန်မှ ခက်ထန်မာကျောသော လူကြီးတစ်ယောက်သည် မိမိနှင့်ရုပ်ချင်းချွတ်စွတ်တူသည့် လူငယ်လေးအား တောင်ကုန်းတစ်ခုနေရာတွင် အမျိုးမျိုးနှိပ်စက်ခဲ့၏။

ထိုမှတဖန် မိမိနှင့် ထိုလူငယ်အား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သောမြင်ကွင်း။ ထိုလူကြီးသည် မိမိတို့အား မည်သို့ကြောင့် ယခုကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ရသနည်း။

ပို၍ထူးဆန်းစရာ ကောင်းသောအချက်မှာ ထိုအိပ်မက်ကို မြင်မက်ချိန်ကာလအတွင်းက ထိုလူကြီးကိုလွန်စွာမုန်းတီးစိတ်များ ဖြစ်ပေါ်ကာ ပြန်ကလဲ့စားချေချင်စိတ်များ ဖြစ်ပေါ်ခဲ့၏။

ပထမတော့ ထိုအိပ်မက်ကို မေ့ဖျောက်ဖို့ ကြိုးစားခဲ့သေး၏။သို့ရာတွင်တစ်လတစ်ကြိမ် ပုံမှန်မြင်မက်ရသည့်အခါ မိမိသည်ရှီးရိုးတိုက်ဆိုင်မှုတခုမဟုတ်ဟုထင်ကာ မြန်မာပြည်အလယ်ပိုင်းရှိ မြို့ပြကြီးသို့ အရောက်သွားပြီး ထိုလူကြီးအား ပြန်ကလဲ့စားချေမည်ဟူ၍ ခိုင်မာစွာ ဆုံးဖြတ်ချက်ချ ခဲ့ခြင်းကြောင့်ဖြစ်၏။

မိမိသည် ထိုကိစ္စကို ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူအား အကြိမ်ကြိမ်ပြောပြခဲ့ရာတွင် ပထမတွင် ဖခင်ဖြစ်သူမှာ ယုံကြည်မှုမရှိခဲ့၊ ပြော

ဖန်များလာသောအခါ ထိုအိပ်မက်နှင့်ပတ်သက်၍ မိမိအပေါ် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်ခဲ့၏။

ထို့ကြောင့် မိမိသည် နောက်ပိုင်းထိုအိပ်မက်နှင့် ပတ်သက်၍ ဖခင်ဖြစ်သူအား စိုးရိမ်ပူပန်မှုဖြစ်ပေါ်မည်စိုး၍ တစ်လုံးတစ်ပါဒမျှပင်ဖွင့် မဟာတော့။ မိမိစိတ်အတွင်း၌သာထား၍ ယခုကဲ့သို့မြန်မာပြည် အလယ်ပိုင်းရှိ မြို့ပြကြီးသို့ ကားတစ်တန်၊ ရထားတစ်တန်၊ သင်္ဘော တစ်တန်ဖြင့် ခက်ခက်ခဲခဲ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

မိမိရောက်ရှိပြီး နောက်တစ်နေ့ ညနေပိုင်းမှာပင် တည်းခိုခန်းသို့ ပြန်ရောက်လာသောအခါ အံ့ဩမှုကို စတင်ကြုံရခြင်း ဖြစ်တော့၏။

"ငါ့ညီ အစ်ကိုမနက်က စုံစမ်းခိုင်းထားတဲ့ကိစ္စ ဘာထူးသလဲ"

ဟု မိမိကတည်းခိုခန်းပြန်ရောက်ရောက်ချင်း တည်းခိုခန်းဝန်ထမ်းလူငယ်လေးအား မေးလိုက်၏။ ထိုအခါ လူငယ်လေးက အံ့ဩစွာကြည့်ပြီး ...

"ဟင် ...ခုနက အစ်ကို့ကို အဲဒီကိစ္စ ကျွန်တော်အသိပေးလိုက်တယ်မဟုတ်လား"

"ဟာ ...မဟုတ်တာပဲ၊ ငါ ခုမှတည်းခိုခန်းကို ပြန်ရောက်တာကွ"

မိမိစကားကြောင့် လူငယ်လေးသည် မယုံကြည်နိုင်စွာကြည့်ပြီး အူကြောင်ကြောင် ဖြစ်သွားပြီး ...

"အစ်ကို တကယ်ပြောတာလား"

ဟု သံသယရှိစွာ မေးလာလေသည်။ ထိုအခါ မိမိက...

"ငါလိမ်ပြောရမလား၊ မင်းရှုးနေတာပဲ ဖြစ်လိမ့်မယ်"

ဟု ပြောဆိုလိုက်၏။ လူငယ်က ဇဝေဇဝါဖြင့်

"ဒါဆိုရင် တစ်ခုခု မှားနေပြီဗျ"

"ဟုတ်တယ်...မင်း သေသေချာချာ ပြန်စဉ်းစားစမ်းပါဦး"

"ကျွန်တော် ဘယ်လိုစဉ်းစားစဉ်းစား ဒီအဖြေပဲထွက်တယ်၊ ခုန တင်ပဲ အစ်ကိုနဲ့တူတဲ့ လူတစ်ယောက်ကို အစ်ကိုပဲထင်ပြီး ပြောပြလိုက်တာ"

"အဲဒီလူ ဘယ်ရောက်သွားပြီလဲ"

"အပေါ်ထပ်တက်သွားတယ်၊ အစ်ကိုလည်း အပေါ်ထပ်မှာ တည်းတာဆိုတော့ အစ်ကို့အခန်း အစ်ကိုပြန်နားတယ်ထင်ပြီး လိုက်မသွားတာ"

"ဟာ...ဒါဆိုရင် မဖြစ်ဘူး"

ဟုပြောကာ မိမိအပေါ်ထပ်သို့ အမြန်ဆုံးတက်ရောက်ရန် ကြိုးစားလိုက်ချိန်မှာပင်...

"ဒီအဖြစ်မှန်တွေ အားလုံးဟုတ်ပါတယ်"

အသံလာရာသို့ ကြည့်လိုက်တော့ မိမိနှင့် ရုပ်ချင်းချွတ်စွတ်တူသည်ဆိုသော လူတစ်ဦး။ မိမိထိုလူကိုကြည့်ပြီး ကိုယ့်ရုပ်ကိုယ်မှန်နှင့် ပြန်ကြည့်နေရသကဲ့သို့ ရှိနေ၏။

"ဟင်...မင်း...မင်း...ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ဘယ်ကလဲ"

ဟု မိမိတအံ့တသြနှင့် မေးလိုက်ချိန်မှာပင် ထိုလူလှေကားမှ တဖြည်းဖြည်း ဆင်းရောက်လာလေတော့၏။

••••••••••••••••••••••••••••••••••••

(၄)

"ငါ့နာမည်က လှမော်၊ မြန်မာပြည်အောက်ပိုင်းက မြို့လေးတစ်မြို့မှာနေတယ်၊ အဖေမရှိတော့ဘူး။ ငါငယ်ငယ်ကတည်းက ငါ့အဖေက စက်လှေလုပ်သား အလုပ်ကိုလုပ်ရင်း စက်လှေနစ်မြုပ်တဲ့အထဲပါ သွားတယ်၊ အမေမုဆိုးမနဲ့အတူနေတာ (၁၆)နှစ်ကျော်ပြီ၊ ဒီကိုလာရောက်ရတဲ့ ရည်ရွယ်ချက်က..."

ဟူ၍ပြောဆိုကာ လှမော်သည် ၎င်းသိတတ်စအရွယ်ကတည်းက တစ်လတစ်ကြိမ် လပြည့်ညရောက်တိုင်း မြင်မက်ခဲ့သော အိပ်မက်အကြောင်းအရာနှင့် ပတ်သက်၍ ယခုကဲ့သို့ ဒီမြို့ကြီးသို့ ရောက်ရှိလာခဲ့ကြောင်း ရှင်းပြလိုက်လေ၏။

ထိုအခါ လှကျော်သည် မိမိနှင့်ဘဝချင်း၊ ရည်ရွယ်ချက်ချင်း၊ စိတ်ခံစားမှုချင်း၊ ထူးဆန်းသော အိပ်မက်မြင်မက်ရပုံချင်းတူနေသောကြောင့် တအံ့တဩ ဖြစ်သွားရလေ၏။ ပြီးမှ...

"ငါ့အမည်က လူကျော်၊ မြန်မာပြည်အထက်ပိုင်း မြို့လေးတစ်မြို့မှာနေတယ်၊ အမေမရှိတော့ဘူး၊ ငါ့ကိုမွေးပြီး သုံးနှစ်ကျော်ကျော်မှာ ဆုံးပါးသွားခဲ့တယ်၊ အဖေမုဆိုးဖိုနဲ့ပဲ အတူနေခဲ့တာ(၁၆)နှစ်ကျော်ပြီ၊ ဒီကိုလာရောက်ရတဲ့ ရည်ရွယ်ချက်ကလည်း..."

ဟူ၍ပြောဆိုကာ မိမိငယ်စဉ်ကတည်းက အရိပ်ပမာ စွဲထင်မက်ခဲ့သောအိပ်မက်ကြောင့် ယခုကဲ့သို့ ဒီမြို့သို့လာရောက်ခဲ့ရကြောင်း ရှင်းပြလိုက်လေတော့သည်။

"ဒါဆိုရင် မင်းအဖြစ်နဲ့ ငါ့အဖြစ်ကထပ်တူကျပြီး ရည်ရွယ်ချက်ချင်း တူညီနေပါလား"

ဟု လူမော်က အံ့သြဖွယ်ပြောဆိုလိုက်၏။ ထိုအခါ လူကျော်ကလည်း...

"ဟုတ်တယ်နော်၊ အဖြစ်အပျက်ဟာ သိပ်ကိုထူးဆန်းပြီးတိုက်ဆိုင်လွန်းတယ်၊ ငါ့အထင် အိပ်မက်ထဲကသိပ်ချစ်ပြီး သံယောဇဉ်ရှိကြတဲ့ လူငယ်နှစ်ဦးဟာ မင်းနဲ့ငါပဲ ဖြစ်လိမ့်မယ်"

ဟု ထောက်ခံပြောဆိုလေ၏။

"ဒါ အသေအချာပဲ၊ မင်းနဲ့ငါဟာ စိတ်ချင်းဆက်သလို၊ တစ်ချိန်တည်း တစ်ပုံစံတည်း မြင်မက်ခဲ့ကြတယ်၊ အဲဒီအိပ်မက်ကြောင့် လက်စားချေဖို့အတွက် ဒီမြို့ကိုတစ်ချိန်တည်း ရောက်လာကြတယ်၊ တည်းခိုတာ

လည်း တစ်နေရာထဲ၊ ပြီးတော့အပြင်မှာ မင်းနဲ့ငါဟာ အမှုသည်အဖြစ်ကိုတောင် ထင်ရလောက်အောင် ရုပ်ချင်းရွှတ်စွတ်တူနေတယ်"

လူမော်က ပြောဆိုထောက်ပြလိုက်သဖြင့် လူကျော်ခေါင်းတဆတ်ဆတ်ညိတ် ထောက်ခံပြီး...

"အင်း...အဖြစ်အပျက်ဟာ လုံးဝမယုံကြည်နိုင်စရာပဲကွာ၊ မျက်မြင်ကိုယ်တွေ့ဖြစ်လို့သာ ယုံကြည်ရတယ်၊ ရက်ရက်စက်စက် အသတ်ခံလိုက်ရတဲ့ မင်းနဲ့ငါပဲဆိုပါစို့၊ အဲဒီအချိန်ကတည်းက ထူးဆန်းတဲ့စိတ်ချင်းဆက်နွယ်မှုတွေ ရှိခဲ့ကြလိမ့်မယ်၊ ခုနကငါပဟေဠိဖြစ်ခဲ့တာကွေတော့ ရှင်းသွားပါပြီ"

ဟုပြောလေသည်။ လူမော်က သက်ပြင်းရှည် တစ်ချက်ချလိုက်ပြီး...

"ငါလည်း ဒီလိုပါပဲ၊ ဒါကြောင့် မင်းနဲ့ငါပေါင်းပြီး ဒီကိစ္စကို အတူဖြေရှင်းကြရင် မကောင်းဘူးလား"

"ဟာ...သိပ်ကောင်းတဲ့ အကြံပဲ"

လူကျော်က လက်ဖျောက်တစ်ချက်တီး၍ အားတက်သရော ထောက်ခံကာ ဝမ်းသာသွားပုံရ၏။

"ဒါဆိုရင် မင်းနဲ့ငါ အိပ်မက်ထဲက ရက်ရက်စက်စက် သတ်သွားတဲ့လူကြီးကို ဒီမြို့မှာမြေလှန်ရှာပြီး ကလဲ့စားပြန်ချေရမယ်"

ဟုလှမော်ကအံ့ကိုတင်းတင်းကြိတ်ပြီးပြောလိုက်သည့်အခါလှကျော်ကလည်း လက်သီးလက်မောင်းတန်း၍ အောက်ပါအတိုင်း ရင့်ကျူးကြွေးကျော်လိုက်လေတော့၏။

"ကိုင်း...ကျုပ်တို့ကို ရက်ရက်စက်စက် သတ်သွားတဲ့လူကြီး ဒီမြို့မှာ ခင်ဗျားအတွက် ပြေးစရာမြေ မရှိစေရဘူးဗျ"

ဟူ၍ဖြစ်လေသတည်း။

•••••••••••••••••••••••••••••••••••••

## (၅)

ထုံးစံအတိုင်း လူကျော်နှင့်လူမော်တို့နှစ်ယောက်ပေါင်းပြီး ထိုကိစ္စကို တိတ်တဆိတ် စုံစမ်းခဲ့ကြ၏။

သို့ရာတွင် ၎င်းတို့စုံစမ်းသောကိစ္စသည် အိပ်မက်ထဲကအကြောင်းအရာဖြစ်ပြီး ပုံပြင်တစ်ပုဒ်၊ ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ဖြစ်နေသဖြင့် ကြားသိသူအားလုံးက ခပ်ကြောင်ကြောင် လူနှစ်ယောက်ဟု မြင်ကာ ဝိုင်းဟားကြသည်။ လှောင်ကြသည်။

၎င်းတို့ စုံစမ်းသော နေရာများကား ကားဂိတ်၊ ဈေး၊ ထမင်းဆိုင်၊ ပျော်ပွဲစားရုံနှင့် မထင်မရှား အရက်ဆိုင်တို့ပင် ဖြစ်ကြသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦး စုံစမ်းသောကိစ္စမှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို လွန်စွာမှခက်ခဲလှချေသည်။

သို့ရာတွင် ၎င်းတို့နှစ်ဦးသည် စိတ်ဓာတ်မကျဘဲ ဆက်လက်စုံစမ်းရှာဖွေခဲ့၏။

အထူးသဖြင့် ၎င်းတို့ရှာဖွေသော လူသတ်သမား၏ အမည်ကိုလည်းမည်သူမည်ဝါ အတိအကျနိုင်နိုင်လုံလုံ မပြောနိုင်သောကြောင့်ယခုကဲ့သို့ လူအများကဝိုင်းဟားကြခြင်းဖြစ်သည်။

သို့ဖြင့် ၎င်းတို့နှစ်ဦးသည် ရက်သတ္တတစ်ပတ်မြောက်သော နေ့တွင် ၎င်းတို့အိပ်မက်ထဲတွင် မြင်မက်ခဲ့သော မြို့နှင့်မလှမ်းမကမ်းရှိ တောအုပ်အုပ်အတွင်း တောင်ကုန်းနေရာသို့ ရောက်ရှိခဲ့ကြသည်။

တစ်နေ့ကုန် ထိုတောင်ကုန်းပေါ်တွင် ထိုင်စဉ်းစားပြီး ပတ်ဝန်းကျင်အနီးသို့ လျှောက်ကြည့်ရာတွင် မမျှော်လင့်ဘဲ တောင်ကုန်းနှင့် အတန်ငယ်လှမ်းသော မြေပြန့်တစ်နေရာတွင် တဲတစ်လုံးကို လှမ်းတွေ့ရလေ၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ထိုတဲရှိရာသို့ လျှောက်ခဲ့သည်။

တဲဝသို့ ရောက်သောအခါ အထဲသို့လှမ်းကြည့်လိုက်ရာတွင် အိပ်ရာပေါ်၌ အသက်ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ကြိုးစားပြီး အသက်ရှူနေပုံရသော ခပ်စုတ်စုတ် အဘိုးအိုတစ်ဦးကို တွေ့ရှိလိုက်ကြ၏။

"အထဲမှာ လူမမာအဘိုးအို တစ်ဦးဖြစ်ပုံရတယ်၊ ငါတို့ဝင်ကြည့်ရအောင်"

လူမော်က ပြောလိုက်ပြီး နှစ်ယောက်သား အဘိုးအိုရှိရာတဲပေါ်သို့ တက်လိုက်ကြ၏။

"အဘိုး ကျွန်တော်တို့ ခွင့်မတောင်းဘဲ တက်လာတဲ့အတွက် ခွင့်လွှတ်ပါ"

ဟု လူမော်က ဆိုလိုက်၏။

ဒီတော့မှ အသက်ကိုကြိုးစားပြီး ရှူသွင်းနေပုံရသော အဘိုးအို မှာ မျက်စိအသာဖွင့်လျက် ပက်လက်အနေအထားမှ ၎င်းတို့ကို ကြည့် လိုက်သည်။

"ရ...ရပါတယ်ကွယ်၊ ဒါနဲ့ မောင်ရင်တို့က ဘယ်သူများတုံး"

ရုတ်တရက် အဘိုးအို မေးလာသော မေးခွန်းအတွက် လူကျော် က အလွယ်တကူပင် ပါးနပ်စွာ ဖြေကြားလိုက်၏။

"ကျွန်တော်တို့က ခရီးသွားလူငယ်နှစ်ယောက်ပါ၊ မျက်စိလည် ပြီး ဒီဘက်ကိုရောက်လာရင်း အဘိုးရဲ့တဲကိုတွေ့လို့ ဝင်လာခဲ့တာ"

"ဪ...ဪ...ခရီးသွားတွေပဲ၊ အင်း...အဘိုးဟာ မြင်တဲ့ အတိုင်းပဲ၊ လူကလေးတို့ကို ကောင်းကောင်းဧည့်မခံနိုင်တာ စိတ်မရှိပါ နဲ့ကွယ်"

ဟု လေသံတိုးတိုးဖြင့် ပြောလာလေ၏ ထိုအခါ လူမော်က...

"ဟာ...ကိစ္စမရှိပါဘူးအဘိုး၊ ကျွန်တော်တို့အတွက် ဘာမှ မလို အပ်ပါဘူး၊ ဒါနဲ့ အဘိုးက ဘာရောဂါနဲ့ အခုလို အိပ်ရာထဲလဲနေတာလဲ"

ဟု စိတ်မကောင်းဟန် မေးလိုက်၏။ ထိုအခါ အဘိုးအိုက ၎င်းတို့နှစ်ဦးကိုစူးစမ်းသလို တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းချ လေ၏။

"အင်း...အိပ်ရာထဲလဲနေတာ နှစ်နှစ်ကျော်နေပြီ၊ ကောင်းလိုက်ပြန်လဲလိုက်နဲ့ သံသရာကို လည်နေတာပါပဲကွယ်၊ ဘာရောဂါလည်းဆိုတော့ နာတာရှည်လူကြီးရောဂါပေါ့ကွယ်"

ဟူ၍ တစ်လုံးချင်း ဖြေကြားလေ၏။ ထိုအခါ လူကျော်က စကားထောက်ပြီး ဝင်မေးလိုက်ပြန်သည်။

"ဟုတ်ကဲ့ ...ကြားရတာ စိတ်မကောင်းပါဘူး၊ ဒါနဲ့ အဘိုးမှာ ဆွေမျိုးသားချင်းတွေ မရှိဘူးလား"

"အင်း...အဘိုးက တစ်ကောင်ကြွက်ပါ၊ ဒီတောထဲတောင်ထဲမှာပဲ ကြီးပြင်းလာတာ၊ အဘိုးဟာ တစ်သက်လုံးက ဒီတောထဲမှာပဲ မုဆိုးအလုပ်နဲ့ ကျင်လည်ခဲ့တာဆိုတော့၊ အင်း...ခုချိန်ဟာ အဘိုးရဲ့ နေဝင်ချိန်တန်ပြီလို့ ပြောရမယ်၊ တစ်လျှောက်လုံးသူများအသက်ကို ချည်းသတ်ခဲ့တဲ့ အကုသိုလ်တွေက စုပုံပြီးပြန်ဝင့်လည်ခံစားနေရတာ ဖြစ်ပါလိမ့်မယ်"

ဟု အဘိုးက ညည်းညည်းညူညူ ပြောလာသဖြင့် ၎င်းတို့နှစ်ဦး စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ကြသည်။

သို့ရာတွင် အဘိုးအိုပြောစကားအရ ဒီတောထဲမှာ ကြီးပြင်းပြီး မုဆိုးအလုပ်လုပ်ခဲ့တာပါ ဆိုသောအချက်မှာ ၎င်းတို့အတွက်စိတ်ဝင်စား

စရာဖြစ်၏။ ၎င်းတို့စုံစမ်းရှာဖွေနေသော ကိစ္စအတွက်လည်းတစ်စုံတစ်ရာ အထောက်အကူပြု သဲလွန်စရရှိရခြင်းအားတက်သွားကြသည်။

ထို့ကြောင့် လူမော်နှင့်လူကျော်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာလိုက်ကြပြီး တစ်စုံတစ်ရာအပေါ် စိတ်တူကိုယ်တူ နားလည်နေဟန်ဖြင့် ခေါင်းညိတ်လိုက်ကြသည်။

သို့ဖြင့် အဘိုးအိုအား ၎င်းတို့သိချင်သော ကိစ္စကို ကြားဖူးနားဝ ပုံစံမျိုး သွယ်ဝိုက်သောနည်းဖြင့် မေးမြန်းရန်ကြိုးစားလိုက်ကြတော့သည်။ လူမော်က...

"ဘာမှအားမငယ်နဲ့အဘိုး၊ အဘိုးကို ကျွန်တော်တို့တတ်နိုင်သလောက်ပြုစုပေးပါ့မယ်၊ ကျွန်တော်တို့အတွက်လည်း ကုသိုလ်ရပါတယ်"

ဟုပြောဆိုလိုက်၏။ လူကျော်ကလည်း...

"ဟုတ်ပါတယ် အဘိုး။ ကျွန်တော်တို့က ခရီးသွားတွေဆိုပေမယ့် အဘိုးနဲ့ရေစက်ရှိလို့ အခုလိုဆုံရတာ၊ ဆုံတဲ့အတွက် ကိုယ်တတ်နိုင်တဲ့ဘက်ကကူညီပေးရတာ ကျွန်တော်တို့အတွက် အပန်းမကြီးပါဘူး"

ဟုထောက်ခံပြောဆိုလိုက်သည်။ ထိုအခါအဘိုးအိုက သူ့အခြေအနေ သူသိနေဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး...

"သာခုပါကွယ်...သာခု...သာခု၊ ဒါပေမယ့်...အဘိုးကိုပြုစုလည်း မောင်ရင်တို့အတွက် အချိန်ကုန်ပြီး အလကားပဲဖြစ်ပါလိမ့်မယ်၊ အဘိုးဟာမကြာခင် သေရတော့မယ်လူတစ်ယောက်ပါ။ အဘိုးသေမှာကို မကြောက်ပါဘူး။ အင်း...လူ့ဘဝဆိုတာ တိုလွန်းပေမယ့် အချိုးအကွေ့၊ အနိမ့်အမြင့်၊ အနီးအဝေး၊ အသွားအပြန်ဆိုတာမျိုးဟာ အိပ်မက်တမျှလို ထူးဆန်းလွန်းလှတယ်ကွယ်"

ဟုပြောလာသော အဘိုးအို၏နောက်ဆုံးစကားက အဓိပ္ပါယ်ရှိနေသဖြင့် စဉ်းစားစရာတွေ အများကြီးရရှိလိုက်၏။

ထို့ကြောင့် ရင်းတို့နှစ်ဦးသည် တစ်ချိန်လုံး၊ တစ်လျှောက်လုံးအိပ်မက်ဆိုးသဖွယ်ကြုံခဲ့ကြရသော အဖြစ်မှန်ကိုဖွင့်ပြောပြီး ထိုကိစ္စနှင့် ပတ်သက်၍ မေးမြန်းကြည့်မည်ဟု ဆုံးဖြတ်လိုက်တော့၏။

လှမော်က...

"အဘိုးကို ကျွန်တော်တို့ ကိစ္စတစ်ခုလောက် မေးပါရစေ"

ဟုဆိုလိုက်သဖြင့် အဘိုးအိုက ဘာမှမထူးခြားသောဟန်ဖြင့်..

"မေးပါကွယ်...မေးပါ"

ဟုခွင့်ပေးလာ၏ ထိုအခါ လှမော်က ဆက်လက်၍

"ဒီလိုပါအဘိုး၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနယ်၊ ဒီနေရာမှာ ထူးဆန်းတဲ့အဖြစ်အပျက် တစ်ခုခုများ ရှိခဲ့ဖူးလား"

ဟု မေးမြန်းလိုက်လေ၏။

"ထူးဆန်းတဲ့အဖြစ်အပျက်၊ မောင်ရင်ဆိုလိုတာကဘာယ်လိုအဖြစ်အပျက်မျိုးလည်း"

ဒီတော့မှ အဘိုးအိုက နားမလည်ဟန်ဖြင့် ပြန်မေးလာ၏။ လူကျော်ကဝင်၍...

"ဒီလိုပါအဘိုး၊ လူနှစ်ယောက်ကိုလူတစ်ယောက်က ရက်ရက်စက်စက်သတ်တဲ့အဖြစ်မျိုးပါ"

ဟုရှင်းပြလိုက်သည်။ ထိုအခါအဘိုးအိုသည်အသက်ကို မှန်မှန်ရှူသွင်းရင်းမှ မျက်မှောင်ကြုတ် တစ်ချက်စဉ်းစားလိုက်ပြီး...

"အင်း...မောင်ရင်တို့ မေးပုံအရဆို ဒီတောင်ကုန်းတစ်နေရာမှာလွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်က အဘိုးအမဲလိုက်ရင်းကြုံခဲ့တဲ့အဖြစ်အပျက်တစ်ခုရှိတယ်"

ဟု ဖြေကြားလာသဖြင့် ၎င်းတို့နှစ်ဦး လွန်စွာမှစိတ်လှုပ်ရှားကာလွန်စွာမှစိတ်ဝင်စားသွားကြ၏။

"ဒါဆိုရင် ကျွန်တော်တို့ကိုပြောပြပါလား အဘိုး"

ဟု လူမော်က မျိုသိပ်မရသဲ လောပြီးပြောဆိုလိုက်၏။ အဘိုးအိုကအရောင်ယှဲ့ယှဲ့သူ့မျက်လုံးများကိုအသာမှိတ်လိုက်ပြီးအောက်ပါအတိုင်းဖြေကြားလာတော့၏။

"အဖြစ်အပျက်ကကြာပြီဆိုပေမယ့် အဘိုးအဓနေနဲ့ ဒီကိစ္စတွေ ကိုယ်တိုင်ကြုံတွေ့ ကြားသိခဲ့ရတာဆိုတော့ မနေ့တစ်နေ့က အတိုင်းလို ပါပဲကွယ်၊ အဲဒီအချိန်တုန်းက ဒီမြို့ကြီးရဲ့နယ်တစ်ကြောမှာ အင်မတန်မှ နာမည်ကြီးတဲ့ ဓားပြကြီး တိမ်ညိုဆိုတာရှိခဲ့တယ်"

"ဒီနာမည်ကြားတာနဲ့ဒီနယ်တကြောမှာ အားလုံးတုန်လှုပ် ချောက်ချားပြီး ကြောက်ရွံ့ကြတယ်၊ ပြောရရင်တော့ အရည်ကြီးပါ၊ ပထမ တိမ်ညိုဆိုတဲ့ ဓားပြကြီးဟာ ဆင်းရဲသားနင်းပြားတွေဘက်က ရပ်တည် ပြီး အင်္ဂလိပ်အစိုးရဘက်က မြို့ပိုင်တို့၊ နယ်ပိုင်တို့ကို အခွင့်အရေးရတာနဲ့ အမျိုးမျိုးပညာပေးခဲ့တယ်"

"ဆင်းရဲသားနင်းပြားတွေအပေါ် အမြတ်ကြီးစား ဝုတ်သွေးစုတ် တဲ့ အရင်းရှင်များနဲ့ ချစ်တီးကုလားများပါမကျန် ဓားပြတိုက် အပြတ်ရှင်း ပစ်တယ်၊ မတရားချုပ်ဆိုထားတဲ့ စာချုပ်တွေကို ဖျက်စီးပစ်တယ်၊ ဓားပြတိုက်လို့ ရထားတဲ့ပစ္စည်းတွေကို ဆင်းရဲသားတွေ ဝေငှပေးတယ်"

"ဒီလိုနဲ့ နှစ်အတော်လေးကြာတဲ့အခါမှာ ဓားပြကြီးတိမ်ညိုဟာ ဘယ်လိုကဘယ်လို စိတ်ပြောင်းသွားတယ် မသိဘူး၊ ချစ်တီးကုလားတွေ ဆီကပစ္စည်းတွေကို မဝေငှတော့တဲ့အပြင် သူစက်ကွင်းထဲရောက်လာတဲ့ မိန်းမပျိုလေးတွေမှန်သမျှ အလွတ်မပေးဘဲ ဖျက်ဆီးပစ်တယ်"

"ဒီတော့ ဓားပြကြီးတိမ်ညိုဟာ ဆင်းရဲသား နင်းပြားများရဲ့ ကျေးဇူးရှင်အဖြစ်အသိအမှတ်ပြုထားရာမှ ဆင်းရဲသားနင်းပြားများ တောင်ချမ်းသာမပေးတော့ဘဲ တကယ့်ကိုကြောက်စရာကောင်းတဲ့ ရန်သူကြီးဖြစ်လာတယ်"

"ဓားပြကြီးတိမ်ညို အရှင်လတ်လတ်ပြောင်းသွားရတဲ့ကိစ္စ ဘယ်သူမှမယုံကြည်ချင်ကြဘူး၊ တကယ်တော့ ဒီအဖြစ်အပျက်ဟာ သိပ်ကိုရှုပ်ထွေးခဲ့တယ်"

"အဲ...ဒီနေရာမှာ အရေးကြီးဆုံး ကျန်ခဲ့တဲ့ အချက်တစ်ချက်က ဓားပြကြီးတိမ်ညို့မူလရည်ရွယ်ချက်လုပ်ငန်းစဉ်မပြောင်းခင်အချိန်တုန်းက သူ့ဆီကို အသက်နှစ်ဆယ်ဝန်းကျင် ညီအစ်ကိုနှစ်ယောက်ရောက်လာကြတယ်"

"အတိုချုံးပြောရရင် အဲဒီညီအစ်ကိုနှစ်ယောက်ဟာ တိဘက်လူမျိုးတွေ၊ သူတို့ဆီမှာ အနှိမ်ခံဘဝနဲ့ ရပ်တည်ခဲ့ရတဲ့အတွက် အဲဒီမှာ အုပ်ချုပ်တဲ့အရင်းရှင်အကြီးအကဲကရန်သူအဖြစ်သတ်မှတ်၊ ဆုငွေ ထုတ်လိုက်တဲ့အတွက် မြန်မာပြည်အစွန်အဖျား ဒီနယ်ထဲကို ခိုလှုံဖို့ရောက်လာကြရင်းနဲ့ ဓားပြကြီးတိမ်ညိုနဲ့တွေ့ပြီး ဓားပြကြီးတိမ်ညိုရဲ့ မွေးစားသားတပည့်အဖြစ် ခံယူလိုက်ကြတယ်"

"သူတို့သုံးယောက်ပေါင်းပြီး လှုပ်ရှားတဲ့သတင်းဟာ ဒီနယ်တစ်ကြောမှာပါမက အခြားမြို့ရွာတွေမှာပါ ဆင်းရဲသားနင်းပြားများရဲ့ ကယ်တင်ရှင်အဖြစ် "တိမ်ညိုသုံးဖော်" လို့တောင် တင်စားခေါ်ဝေါ်ကြတဲ့အထိကျော်ကြားခဲ့ကြတယ်"

"အဲဒီကနေ စုနစကားကိုပြန်ဆက်ရရင် တိမ်ညိုသုံးဖော်ဟာ ကောင်းတဲ့ဘက်ကနေ၊ မကောင်းတဲ့ဘက်ကို နာမည်ပျက်ပြီး လူတိုင်းအောနလုံးနာ ရွံမုန်းသွားခဲ့ကြတဲ့အထိပဲ"

ဟုအဘိုးအိုကပြောပြီးစကားကိုခေတ္တဖြတ်လိုက်သည်။အတော်လေးမောပန်းလာသဖြင့် အသက်ကိုမှန်မှန်ရှူသွင်းနေရ၏။

အဘိုးအိုကိုကြည့်ပြီး ငှင်းတို့စိတ်မကောင်းပါ။ သို့ရာတွင် အဖြစ်အပျက်က အရေးကြီးဆုံးအချိန်ရောက်နေ၍ အဘိုးအိုအားမပြောပါနှင့်တော့ဟု မတားမြစ်တော့ဘဲ ပြောလာချိန်ကိုသာ စောင့်ဆိုင်းနေခဲ့ကြတော့၏။

အတန်ငယ်အမောပြေသွားသောအခါ အဘိုးအိုကဆက်လက်ရှင်းပြလာသည်။

"တကယ်တော့ ဒီအဖြစ်အပျက်တွေဟာ သိပ်ကိုဆန်းကြယ်ပြီးကြေကွဲစရာကောင်းတယ်၊ အများကတော့ ဓားပြကြီးတိမ်ညိုဟာဖွတ်ထွက်မှတောင်ပို့မုန်းသိတဲ့ လူယုတ်မာကြီးလို့ပဲ သတ်မှတ်ခဲ့ကြတယ်"

"မဟုတ်ဘူးလား အဘိုး"

ဟု လူကျော်က စကားဝင်ထောက်လိုက်လေ၏။ အဘိုးအိုက ခေါင်းယမ်းပြီး…

"မဟုတ်ဘူး လူကလေးတို့ဒီအဖြစ်မှန်ကိုမသိရင်တော့ ဓားပြကြီးတိမ်ညိုဟာ သူတို့ထင်သလိုပါပဲ၊ တကယ်တော့ ဓားပြကြီးတိမ်ညို အစစ်ဟာ တကယ့်ကိုရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ ယောက်ျားကောင်းတစ် ယောက်ပါကွယ်၊ ဒီလိုအောက်တန်းကျတဲ့အလုပ်မျိုးကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး"

"ဘယ်လို အဘိုး၊ ဓားပြကြီးတိမ်ညိုအစစ်ဟုတ်လား၊ဒါဆိုဓားပြ ကြီးတိမ်ညိုအတုရှိတယ်ဆိုတဲ့ အဓိပ္ပါယ်လားအဘိုး"

ဟု လူမော်က အံ့ဩဟန်ဖြင့်မေးလိုက်၏။ အဘိုးအိုက

"သိပ်ဟုတ်တာပေါ့ကွယ်၊ ဓားပြကြီး တိမ်ညိုအစစ်ရဲ့နာမည်ကို အသုံးချပြီး လူယုတ်မာဓားပြကြီးတိမ်ညိုအတုဟာ မသမာမှုတွေအများ ကြီးကျူးလွန်ခဲ့တာ၊ တစ်နေ့မှာ ဓားပြကြီးတိမ်ညိုအစစ်ဟာ သူ့ခမ္မးစား သားတိဘက်ကလေးညီအစ်ကိုနှစ်ယောက်ကို တောထဲကိုခေတ္တထားပြီး ကိစ္စတစ်ခုနဲ့ ခရီးထွက်သွားခဲ့တယ်"

"ညအချိန် တောလမ်းတစ်နေရာမှာ ဓားပြကြီးတိမ်ညို အိပ်ပျော် နေတုံး ကိုယ်ခံပညာအဆင့်အတန်းမြင့်မြင့်တတ်ထားတဲ့ ကျော်ခေါင်

အမည်ခံ ဓားပြကြီးတိမ်ညိုအဖွဲ့ဟာ တိတ်တဆိတ်လုပ်ကြံသတ်ဖြတ်လိုက်ကယ်"

"ပြီးတော့ ဓားပြကြီးတိမ်ညိုအတုကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာ အတော်လေးကျွမ်းကျင်တဲ့အတွက်အလွယ်တကူပဲ ဓားပြကြီးတိမ်ညိုအစစ်နေရာကို ရုပ်ပြောင်းရုပ်လွှဲနဲ့အစားထိုးဝင်ပြီး ပြန်လာခဲ့တယ်"

"ဘာကြောင့် ဒီအကြောင်းတွေဇစ်ဇစ်မြစ်မြစ် သိရသလဲဆိုတော့ ခုနအဘိုးဆိုခဲ့သလို အဘိုးဟာဒီတောထဲမှာ နှစ်ပေါင်းများစွာမုဆိုးဘဝနဲ့နေထိုင်ခဲ့တယ်ဆိုတာ၊ တကယ်တော့အဘိုးဟာမြေအောက်တော်လှန်ရေးသမားတစ်ဦးဘဝနဲ့ မုဆိုးအလုပ်လုပ်ပြီး နေထိုင်ခဲ့တာကြောင့်ပဲ"

"နောက်ပြီးလူယုတ်မာကျော်ခေါင်ဟာ အဘိုးနဲ့သိုင်းပညာသင်ဆရာတည်းထွက်ဖြစ်ဖူးတယ်၊ အဘိုး(၁၅)နှစ်သားအရွယ်ကသာယာဝတီနယ်ဘက်က အင်မတန်နာမည်ကြီးတဲ့ ရှမ်းသိုင်းဆရာကြီးတစ်ဦးဆီမှာသိုင်းပညာသင်ခဲ့ကြတာ"

"သိုင်းပညာတတ်ပြီးကထဲက ဒီကောင်ဟာ မသမာမှုတွေကို ကျူးလွန်တော့တာပဲ၊ ဒါကြောင့် ကျော်ခေါင်ရဲ့အကြောင်းကို အဘိုးအဆုံးသိခဲ့တာ၊ ဒီလိုနဲ့ လူယုတ်မာကျော်ခေါင်ရဲ့ လက်ချက်နဲ့ ဓားပြကြီးတိမ်ညိုအမည်ခံရုပ်ပြောင်း ပုံစံတူနဲ့ လူယုတ်မာကျော်ခေါင်ဟာ ဆန့်ကျင်ဘက်ကောင်းမှုတွေကို ဆက်တိုက်ကျူးလွန်တော့တာပဲ"

"ဒါပေမယ့် တိဘက်ကလေးညီအစ်ကိုနှစ်ယောက်ဟာ သူတို့ဆရာမားပြကြီးတိမ်ညို စိတ်ဓာတ်လိုပဲ မဟုတ်မခံ၊ မမှန်တာမလုပ်ဘူး။ ဆင်းရဲသားနင်းပြားများဘက်ကပဲရပ်တည်ကြတယ်၊ဒါကြောင့် ခရီးထွက်သွားပြီးပြန်လာတဲ့သူတို့ဆရာအပေါ် သံသယဖြစ်လာတယ်၊ယခင် သူတို့ဆရာပုံစံမျိုးနဲ့ ဆန့်ကျင်ဘက်မကောင်းတာလုပ်ဖို့၊ ကျူးလွန်ဖို့နိုင်းစေတိုင်း ညီအစ်ကိုနှစ်ယောက်ဟာ လက်မခံဘူးငြင်းဆိုတယ်၊ ဆန့်ကျင်ခဲ့တယ်"

"တစ်နေ့မှာ သူတို့ဆရာစမ်းချောင်းမှာ ရေချိုးနေတုန်း တိတ်တဆိတ်လိုက်သွားပြီး မသင်္ကာလို့ကြည့်လိုက်တဲ့အခါ သူတို့ဆရာတိမ်ညိုအစစ်နဲ့ပုံစံတူတဲ့ မျက်နှာဖုံးစွပ်တစ်ခုကိုကမ်းစပ်မှာတွေ့ရှိပြီး ကျော်ခေါင်ရဲ့အလိမ်တွေ ပေါ်တော့တာပဲ"

"သူ့အဖြစ်မှန်ကိုသိသွားတဲ့အတွက် လူယုတ်မာကျော်ခေါင်ဟာ တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်နောက်ကိုအသည်းအသန်လိုက်ဖမ်းဆီးပြီး ဒီတောထဲက တောင်ကုန်းလေးမှာ နှုတ်ပိတ်ပစ်လိုက်တယ်"

"အဲဒီအချိန်မှာ တိဘက်ကလေးညီအစ်ကိုနှစ်ယောက်ဟာ အင်မတန်မှ ကြောက်စရာကောင်းလောက်အောင် သေအံ့မူးမူးအချိန်မှာ သစ္စာပြုကျိန်စာတိုက်သွားခဲ့ကြတယ်။ "သူတို့ညီအစ်ကိုနှစ်ယောက်ဟာ သိတက်စအရွယ်ကတည်းက ဆင်းရဲသားနင်းပြားတွေဘက်ကရပ်တည်

ပြီး အမုန်တရားကို ချစ်မြတ်နိုးခဲ့ကြတယ်၊ ဤသစ္စာကြောင့် သူတို့ညီအစ်ကိုနှစ်ဦး သွေးမြေကျခဲ့သလို ဖြစ်လေရာဘဝဆက်တိုင်းမှာ... ဤအဖြစ်ဆိုးကြီးကို မုန်ရိပ်သဖွယ်ပြန်မြင်ပြီး လူယုတ်မာအားလက်စားချေခွင့် ရပါစေလို၏ လို့ သစ္စာပြုကျိန်စာ တိုက်ခဲ့တာပဲကွ"

ဟု အဘိုးအိုရှင်းပြလိုက်သည့်အခါ လှမော်နှင့်လှကျော်သည် ယခုပင် ဒင်းတို့ကိုယ်တိုင် ကြုံတွေ့နေရသလို ပြန်မြင်ပြီး အံကိုတင်းတင်းကြိတ်လက်သီးကိုကျစ်ကျစ်ဆုပ်ကာလွန်စွာမှနာကြည်းဒေါသထွက်သွားရတော့၏။

"တောက်...အတော်ယုတ်မာပက်စက်လိုက်တာကွာ"

ဟု လှမော်က စိတ်မထိန်းနိုင်ဘဲ အပြင်သို့ပွင့်ထွက်သွား၏။ လှကျော်မှာလည်း...

"ဒင်းကိုဘယ်တော့မှ ကျွှာမကြေဘူးမှတ်၊ ငါတို့ဆရာကိုလည်းသတ်တယ်၊ ငါတို့ညီအစ်ကိုကိုလည်းရက်ရက်စက် သတ်ခဲ့တယ်၊ ဒင်းကိုကလဲ့စားပြန်ချေမယ်ကွ"

ဟု ရင့်ကျူးကြွေးကျော်သံက ကြောက်စရာကောင်းလောက်အောင် ထွက်ပေါ်သွားတော့၏။

အဘိုးအိုက အခြေအနေကို ရိပ်စားမိလိုက်ဟန်ဖြင့် ယဲ့ယဲ့ပြုံးလိုက်ပြီး...

"အိမ်း . . . လူကလေးတို့တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီကို ရောက်လာလိမ့်မယ်လို့အဘိုးကြိုတွက်မိပါတယ်၊ ဘာကြောင့်လဲဆိုတော့ တိဘက်လူမျိုးတွေဟာ သစ္စာတရားအပေါ်အခြေခံကြတဲ့အတွက် မမြင်နိုင်တဲ့ပညာရပ်တွေဟာအစွမ်းထက်ခဲ့ကြတယ်ကွယ့်၊ ပြီးတော့ လူကလေးတို့နှစ်ယောက် အဘိုးဆီရောက်လာကတည်းက ဟိုဘဝကတိဘက်ကလေးညီအစ်ကိုနှစ်ယောက်ဆိုတာလည်းအတတ်သိလိုက်တယ်"

"ဘာကြောင့်ဆိုတာ တိဘက်ကလေးညီအစ်ကိုနှစ်ယောက် အနက် အစ်ကိုဖြစ်သူရဲ့ဘယ်ဘက်ပါးစွန်းမှာ အမှတ်နက်တစ်ခုရှိသလို၊ ညီဖြစ်သူရဲ့ ညာဘက်ပါးစွန်းမှာလည်း အမှတ်နက်တစ်ခုရှိခဲ့တယ်၊ ခုမောင်ရင်တို့ နှစ်ယောက်မှာလည်း အဲဒီအမှတ်အသားတွေ ရှိနေတာ တွေ့လိုက်ရလို့ပဲကွယ့်"

ဒီတော့မှ လူမော်နှင့် လူကျော် ရင်းတို့ဆီမှ အမှတ်အသားများကို သတိပြုမိလိုက်ကြတော့၏။ လူမော်၏ ညာဘက်ပါးစွန်တွင် ဖီးစေ့ခန့် အမှတ်နက်တစ်ခုရှိသလို၊ လူကျော်၏ ဘယ်ဘက်ပါးစွန်တွင်လည်း ဆီးစေ့ခန့် အမှတ်နက်တစ်ခု ကိုယ်စီရှိနေကြပါ၏။

"ဒါကြောင့်မောင်ရင်တို့မေးကတည်းကဒီအကြောင်းတွေအဘိုး အလွယ်တကူရှင်းပြလိုက်တာပေါ့ကွယ်"

"အဘိုးအခုလိုရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ အဲဒီလူယုတ်မာလူသတ်သမားကျော်ခေါင် ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်တို့သိချင်ပါတယ်အဘိုး"

ဟု လူမော်ကအဖြစ်မှန်ကို ဖုံးကွယ်မနေတော့ဘဲ ဒွဲတိုးသာမေးချလိုက်တော့၏။ လူကျော်ကလည်း အဖြစ်မှန်ကိုဝန်ခံပြီးမေးမြန်းလိုက်တော့သည်။

"ဟုတ်ပါတယ် အဘိုး၊ ကျွန်တော်တို့ဟာ အဲဒီလူသတ်သမားကို ကလဲ့စားပြန်ချေဖို့ ရောက်လာကြတဲ့ သူတွေပါ၊ ဒီလူယုတ်မာရှိတဲ့နေရာ အဘိုးသိရင် တဆိတ်လောက် လမ်းညွှန်ပေးပါ"

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

"အင်း ... အဖြစ်မှန်ကိုပြောရရင် အဲဒီအချိန် တိဘက်ကလေးညီအစ်ကိုနှစ်ယောက်ကို ရက်ရက်စက်စက် သတ်လိုက်ပြီးကတည်းက လူယုတ်မာကျော်ခေါင်ရဲ့ဘီလူးခေါင်းကိုဖြုတ်ချဖို့ အဘိုးကိုယ်တိုင်ကြိုးစားနေချိန်မှာပဲ လူယုတ်မာကျော်ခေါင်ဟာ သာယာဝတီမြို့ကို အသွားလမ်းကနေဖြတ်ပြီးမြို့ကာပုလိပ်အဖွဲ့လက်ရဖမ်းဆီးလိုက်ကြတယ်"

"ပြစ်မှုတွေကျူးလွန်တဲ့ အဲဒီလူယုတ်မာကျော်ခေါင်ကိုတစ်ကျွန်းပို့လိုက်တယ်လို့ကြားသိရတယ်၊ အဲဒီနောက်ကျွန်းကနေ လွတ်လာပြီး ဒီမြို့မှာပဲ ရုပ်ပြောင်းရုပ်လွှဲနဲ့ ပြန်ခိုအောင်းနေထိုင်သလိုလို၊ ယခင်က

မြေပုံနဲ့ မြှုပ်နှံထားတဲ့ပစ္စည်းတွေနဲ့ ဒီမြို့မှာ တခြားအမည်ခံပြီး စီးပွားရေး လုပ်ငန်း လုပ်ကိုင်နေသလိုလို ကြားသိခဲ့ရတယ်"

"ဒါပေမယ့် ဒီလူယုတ်မာဟာ ကျွန်းကနေ ပြန်လွတ်လာတယ်ပဲ ထားဦးတော့ ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန်မှကျွမ်းကျင်တဲ့အတွက် သူ့ရဲ့မူလဇာတိအကြောင်းကို ဖော်ထုတ်ဖို့ဆိုတာ မလွယ်ကူဘူးကွယ့်"

ဟု အဘိုးအိုက စိတ်မကောင်းဟန်ဖြင့် ရှင်းပြလာသည့်အခါ လူမော်က...

"ဘာပဲဖြစ်ဖြစ် ဒီလူယုတ်မာ ရုပ်ပြောင်းရုပ်လွှဲနဲ့ ဘယ်အထိ လွတ်အောင်ပြေးမလဲ၊ ပြေးစမ်းပါ၊ မြေလှန်ရှာပြီးလက်စားချေပစ်မယ်"

ဟုကြုံးဝါးလိုက်တော့၏။ လူကျော်ကလည်း...

"ဟုတ်တယ်၊ ကျွန်တော်တို့လက်က ဒီလူယုတ်မာ လွတ်အောင် မပြေးနိုင်ပါဘူး၊ ဟိုဘဝက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ရဲ့မမြင် နိုင်တဲ့ အစွမ်းတွေနဲ့ မရရအောင် ကမ္ဘာပတ်ပြီးရှာရမယ်"

ဟုပြောဆိုကြွေးကြော်လိုက်သည့်အခါ အဘိုးအိုက...

"အိမ်း . . . လူကလေးတို့ရဲ့စိတ်ဓာတ်နဲ့ ခံယူချက်ကိုတော့ အဘိုးချီးကျူးပါတယ်ကွယ်၊ ဒါပေမယ့် ပြန်ကလဲ့စားချေခြင်းဆိုတာ သိပ်ကိုဆိုးရွားလွန်းတဲ့အဖြစ်ပဲ၊ ပြီးတော့ဒါဟာ သံသရာလည်စေတဲ့ အကြောင်းတရားတွေပဲ လူကလေးတို့"

ဟာ့အဘိုးအိုကဖြောင်းဖျစကားဆိုလိုက်၏။ သို့ရာတွင် ၎င်းတို့နှစ်ဦးကား ရဲ၀့်စွန့်စားလိုသော လူငယ်ဝီဝီ အတိတ်ကအရိပ်ပမာ စွဲထင်နေသော နာကြည်းမှုအဖုံဖုံတို့ကြောင့် မည်သို့မျှနောက်မဆုတ်နိုင် ပါချေ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၄)

ထို့ကြောင့် ဇင်းတို့နှစ်ဦးသည် ယခုဘဝ ငယ်စဉ်ကတည်းက အရိပ်သဖွယ် စွဲထင်ခဲ့သောအိပ်မက်နှင့် ပတ်သက်သောအဖြစ်အပျက်များကို အစအဆုံးရှင်းပြလိုက်တော့သည်။

ထိုပြင် အဘိုးအိုရှင်းပြမှုဇင်းတို့ဟိုးဘဝက အဖြစ်ဆိုးများကိုလည်း ဂဃနဏသိရှိလိုက်သည့်အတွက်လက်စားချေဖို့က ပို၍ခိုင်မာသွားတော့သည်။

"အိမ်း . . . လူကလေးတို့ရဲ့ စိတ်ဓာတ်နဲ့ ခံယူချက်ကိုတော့ အဘိုးချီးကျူးပါတယ်ကွယ်၊ ဒါပေမယ့် ပြန်ကလဲ့စားချေခြင်းဆိုတာသိပ်ကိုဆိုးရွားလွန်းတဲ့အဖြစ်ပဲ၊ ပြီးတော့ ဒါဟာသံသရာလည်စေတဲ့ အကြောင်းတရားတွေပဲ လူကလေးတို့"

ဟု အဘိုးအိုက ဖြောင်းဖျစကားဆိုလိုက်၏။ သို့ရာတွင် ဇင်းတို့နှစ်ဦးကားရဲဝံ့စွန့်စားလိုသောလူငယ်ပီပီ အတိတ်ကအရိပ်ပမာစွဲထင်နေသော နာကြည်းမှုအဖုံဖုံတို့ကြောင့် မည်သို့မျှ နောက်မဆုတ်နိုင်ပါချေ။

ထို့ကြောင့် ဇင်းတို့နှစ်ဦးသည် ယခုဘဝဝယ်စဉ်ကတည်းက အရိပ်သဖွယ်စွဲထင်ခဲ့သောအိပ်မက်နှင့် ပတ်သက်သော အဖြစ်အပျက်များကို အစအဆုံးရှင်းပြလိုက်တော့သည်။

ထို့ပြင် အဘိုးအိုရှင်းပြမှ ဇင်းတို့ဟိုးဘဝက အဖြစ်ဆိုးများကိုလည်း ကာလသနကာသိရှိလိုက်သည့်အတွက် လက်စားချေဖို့က ပို၍ခိုင်မာသွားတော့သည်။

"အိမ်း . . . လူကလေးတို့ဘက်က ကြည့်ရင်လည်းမမှားပါဘူးကွယ်၊ နောက်ဆုံးတော့ ရရှိလာတဲ့အဖြေဟာ တို့ပြည်သူပြည်သားတွေအပေါ် အမျိုးမျိုးစော်ကား အနိုင်ကျင့်ခဲ့တဲ့ လူယုတ်မာတစ်ယောက်ဟာ ဒီမြေပေါ်မှာ မရှိလေကောင်းလေပဲ၊ ဒါပေမယ့် ဒီလူယုတ်မာ ဘယ်မှာရှိတယ်ဆိုတာ အဘိုးအတိအကျလမ်းညွှန်မကူညီပေးနိုင်တဲ့အတွက်စိတ်မကောင်းပါဘူး"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး လူကလေးတို့ရယ်၊ အခုလက်ရှိအဘိုးကိုပဲကြည့်လေ ကောင်းတာတွေအတန် အသင့်လုပ်ခဲ့ပေမယ့် မကောင်းတဲ့ဘက်မှာ အားသာပြီး ကိုယ့်ဘဝကို ကိုယ်ဖာတ်မြှုပ်ခဲ့တဲ့အတွက်နေဝင်ချိန်မှာမကောင်းတာလုပ်ခဲ့တာတွေပဲ စုပုံပြီး ပြန်ခံနေရတယ်မဟုတ်လား"

ဟု စိတ်မကောင်းဟန်ဖြင့် ပြောဆိုလာလေတော့၏။

ထို့နောက် အဘိုးအိုအား ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်ပြီး ၎င်းတို့တည်းခိုရာ တည်းခိုခန်းသို့ ပြန်ခဲ့၏။

နောက်တစ်နေ့တွင် ၎င်းတို့နှစ်ဦးသည် လူမမာအဘိုးအိုအတွက် အားရှိသော အစားအသောက်များနှင့် ဆေးဝါးများကိုဝယ်ယူပြီးသွားရောက်ကာ အဘိုးအိုအား ကျွေးမွေးပြုစုပေးခဲ့ကြ၏။

သို့ရာတွင် နောက်နှစ်ရက်ခန့် ကြာလာသောအခါ နှစ်ရှည်လများ ရောဂါခံစားနေရသော အဘိုးအို ဆုံးပါးသွားလေတော့သည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် အဘိုးအို၏ အလောင်းအား ကောင်းစွာသင်္ဂြိုလ်ပေးပြီးနောက် တည်းခိုခန်းသို့ ပြန်ခဲ့ကြပါသည်။

တည်းခိုခန်းသို့ပြန်ရောက်ပြီးနောက် ၎င်းတို့ကြီးမားစွာ လက်စားချေရမည်ဖြစ်သော လူယုတ်မာ ကျော်ခေါင်၏ သတင်းအစအနကား ပျောက်ဆုံးသွားပြီဖြစ်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွားကြသည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည်လမ်းပျောက်သော်လည်း စိတ်ဓာတ်မကျသေးဘဲ ဒီမြို့တွင်ရက်သတ္တတစ်ပတ်လောက် ပုံသဏ္ဌာန်တစ်မျိုးပြောင်းပြီး ဆက်လက်ရှာဖွေစုံစမ်းရန် အကြံတစ်မျိုး ပေါ်ပေါက်လာသဖြင့် တည်းခိုခန်းမှ အပြီးတိုင် ထွက်ခွာခဲ့ကြသည်။

မြို့ထဲသို့ ၎င်းတို့နှစ်ဦးသည် သူဖုန်းစား(သူတောင်းစား) အသွင်ပြောင်း၍တစ်လမ်းဝင်၊ တစ်လမ်းထွက် တောင်းရမ်းရင်း သတင်းတို့ကို တိတ်တဆိတ် စုံစမ်းခဲ့ကြသည်။

ထို့သို့ဖြင့် နှစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ငှင်းတို့နှစ်ဦး သည် မြို့အပြင်ရှိသချိုင်းကုန်းကြီးသို့ မမျှော်လင့်ဘဲ ရောက်ရှိသွား ကြသည်။

သချိုင်းဇရပ်ပျက်ကြီးတစ်ခုကိုတွေ့ရသဖြင့် ငှင်းတို့နှစ်ဦးအပေါ် သို့ တက်ရောက်ပြီး ပါလာသောထမင်းထုပ်များကို ဖြည်စားကြရန် ပြင်ဆင်နေချိန်မှာပင်လွန်စွာမှ စိတ်ပျက်ဖွယ်ကောင်းသော ရယ်သံကြီး တစ်ခုကိုကြားလိုက်ရ၏။

အသံလာရာသို့ ကြည့်လိုက်သောအခါ ဇရပ်ထုပ်တန်းပေါ်တွင် ခြေထောက်တစ်ဖက် တွဲလောင်းချကာ ပက်လက်လှန်အိပ်နေသော အဝတ်အစားခပ်စုပ်စုပ်ဝတ်ဆင်ထားသည့် တရုတ်ဘိန်းစားကြီးတစ် ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဒီနေရာလေးဟာ သိပ်အေးချမ်းတယ်၊ ဘာအနှောင်အဖွဲ့၊ ဘာအတားအဆီးမှမရှိဘူး၊ ငွေမရှိဘူး၊ ဂုဏ်မရှိဘူး၊ အာဏာမရှိဘူး၊ ရန်သူမရှိ၊ လောကမှာ မရှိခြင်းငါးပါးဆိုတဲ့အရပ်ဟာ ဒီလိုနေရာမျိုးကို ခေါ်တယ်ကွ"

ဟု တရုတ်ဘိန်းစားကြီး၏ စကားက ထူးခြားနေသဖြင့် ငှင်းတို့ ကြောင်အအ ဖြစ်သွားကြသည်။

"မောင်ရင်တို့ ဒီနေရာကို ရောက်လာပြီဆိုကတည်းက မြို့လည်း မြို့စည်းကမ်း၊ ရွာလည်းရွာစည်းကမ်း၊ သချိုင်းလည်းသချိုင်း စည်းကမ်း ရှိတယ်၊ မောင်ရင်တို့ လိုက်နာနိုင်ပါ့မလား"

ငရင်းတို့ဘာပြောရမှန်းမသိ ဆွံ့အသွားကြသည်။

ထိုအချိန်မှာ တရုတ်ဘိန်းစားကြီးက ရေပ်ထုတ်တန်းပေါ်မှလွှား ခနဲ ခုန်ချလာသည်။

"ဘယ်လိုသဘောရလဲ မောင်ရင်တို့ လိုက်နာနိုင်ပါ့မလား"

"ကျွန်တော်တို့က ဧည့်သွားတွေပါ"

ဟု လူမော်ကဆိုလိုက်၏။ ထိုအခါ တရုတ်ဘိန်းစားကြီးက တဟားဟားရယ်မောရင်း...

"မောင်ရင်တို့က အတော်ရယ်စရာကောင်းတဲ့ သတ္တဝါလေး တွေပဲ"

ပြောပြီး ရယ်နေပြန်၏။ တရုတ်ဘိန်းစားကြီးကိုကြည့်ပြီး ငရင်းတို့ နားမလည်နိုင်၊ ဒီလူရူးများရူးနေသလားဟုပင် ထင်မှတ်လိုက်မိ၏။

"ဘာလဲ...ငါ့ကိုရူးနေတယ်လို့ထင်သလား၊ ဟား...ဟား...ဟား ...တကယ်တော့ အားလုံးဟာ အရူးတွေပါကွာ၊ ဒါပေမယ့် ငါရူးတာက ငွေရူး၊ ဂုဏ်ရူး၊ လောဘရူး၊ ဒေါသရူး၊ မောဟရူးသူတွေနဲ့ တရင် "ဝ၊ ထ၊ က၊ လ၊ သ" ဆိုတဲ့ "အ" သုံးလုံး ကျော်ထားတဲ့ နတ္ထိအရူး၊ သုဘရာဇာ အရူးပေါ့ကွာ"

"အကျယ် ပြောရရင် "ဝ" ဆိုတာ ငါ့ဘဝမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတွေ မရှိတော့ဘူး၊ "ထ" ဆိုတာ ငါ့ဘဝအတွက် ထည်ဝါခြင်း၊ ထူထောင်ခြင်းဆိုတာတွေ မလိုအပ်တော့ဘူး၊ "က" ဆိုတာ ငါ့ဘဝရဲ့ ကိုးကွယ်ရာ အစစ်အမှန်ကို တွေ့ရှိခဲ့ပြီးပြီ၊ "လ" ဆိုတာ လူ့ဘဝရဲ့ လွတ်လပ်ဆုံးနေရာကို ငါရှာတွေ့ခဲ့တယ်၊ "သ" ဆိုတာ သင်ယူလို့မရတဲ့ ပညာထဲမှာ အသိဉာဏ်ပညာဟာ ခက်ခဲဆုံးပဲ ဆိုတာကို ငါသိလိုက်တဲ့ နေ့ကစပြီး ဟောဒီသုသာန်မှာ သင်္ချိုင်းရ လူသားတွေ သက်တောင့် သက်သာအိပ်စက်ဖို့အတွက် သုဘရာဇာကြီး ဖြစ်လာတယ်ဆိုပါတော့ကွာ"

ဟုပြောပြီးဒင်း၏လွယ်အိတ်အစုတ်ကြီးထဲသို့ လက်ထိုးနှိုက်ကာ တစ်စုံတစ်ခုအား ဆွဲထုတ်ယူလိုက်ပြီးလျှင်...

"ရော့ ... မောင်ရင်တို့ ဗိုက်ထဲက သတ္တဝါတွေကို ဟောဒီရေအေးအေးနဲ့ ပူလောင်မှုတွေကို ချုပ်ငြိမ်းပေးလိုက်ကြဦး၊ သဘာဝတရားကြီးက အပူနဲ့အအေးဆိုတာကို မျှတအောင်ဖန်တီးပေးထားတယ်၊ ကိုယ်ကမယူတတ်ရင် သဘာဝတရားကြီးကဒဏ်ခတ်လိမ့်မယ်ကွ"

ချေးအထပ်ထပ်တက်နေသော ရေဗူးကြီးကိုလှမ်းပေးကာ ဒင်းတို့ လိုက်မမှီနိုင်သည့် ဒဿနဆန်ဆန် စကားကို တရုတ်ဘိန်းစားကြီးက ဆိုလာလေ၏။

ဇင်းတို့နှစ်ဦး စဉ်းစားမနေတော့ဘဲ ရေဗူးကိုလှမ်းယူကာ တစ်ယောက်တစ်လှည့်စီသောက်လိုက်ကြသည်။

"အေး . . . ဒါမှပေါ့ကွ။ သဘာဝတရားကြီးက မောင်ရင်တို့ဆန္ဒအတိုင်းပြည့်ဝအောင် တောင်းဆိုးပေးပါလိမ့်မယ်၊ ဒါဟာ သဘာဝတရားကြီးရဲ့ ဖန်တီးမှုကိုလက်ခံတဲ့လူသားတွေအဖြစ်အကျိုးဆက်ရလာဒ်ပဲ...ဟား...ဟား...ဟား..."

ဟုပြောပြီး ဇင်းကိုယ်ရင်း သဘောကျစွာ ရယ်လိုက်လေတော့သည်။ ဇင်းတို့မည်သို့နားလည်ရမှန်း မသိချေ။

သေချာတာကတော့ တရုတ်ဘိန်းစားကြီးသည် သာမန်လူထဲက လူတစ်ယောက်မဟုတ်ဘူးဆိုတာပင် ဖြစ်သည်။

"ကျေးဇူးပါပဲဗျာ"

ဟု လူမော်ကပြောလေရာ တရုတ်ဘိန်းစားကြီး ခေါင်းယမ်းလိုက်ပြီး ...

"ကျေးဇူးဆိုတာတင်ပြီးရင် ပြန်ဆပ်ရခက်တယ်ကွ၊ ဒါကြောင့် ငါ့ကိုကျေးဇူးမတင်နဲ့၊ သဘာဝတရားကြီးကိုပဲ ကျေးဇူးတင်၊ သဘာဝတရားကြီးကို ယုံကြည်တဲ့အတွက် လက်ငင်းအကျိုးပေးတာကွ၊ မှတ်ထားဟား...ဟား...ဟား"

ဟုပြောပြီး အရူးတစ်ယောက်လို ရယ်လိုက်ပြန်သည်။

ဘာပဲဖြစ်ဖြစ် တရုတ်ဘိန်းစားကြီးလိုလူမျိုးနှင့် မမျှော်လင့်ဘဲ ဆုံတွေ့ရိုက်မှာ ထူးဆန်းသည်ဟု မြင်မိသော်လည်း အကျိုးမဲ့ခြင်းမရှိကြောင်းကိုတော့ ယုံကြည်သည်။ ထို့ကြောင့် ၎င်းက...

"အဘိုးကို တစ်ခုမေးပါရစေ"

ဟုပြောလိုက်ရာ တရုတ်ဘိန်းစားကြီးက ဘာမျှမထူးခြားသလို ဟန်နှင့်...

"ဘာများပါလိမ့်"

ဟု စကားဝင်ထောက်လေ၏။ ၎င်းကဆက်၍...

"တခြားတော့မဟုတ်ပါဘူး၊ အဘိုးဒီမှာနေထိုင်တာ ဘယ်လောက်ကြာပြီလဲ"

"ကြာဆို ငါ့တစ်သက်ရှိပြီကွ၊ ဒီမြို့မှာ ငါ့အကြောင်းမသိတဲ့လူမရှိဘူး၊ ငါမသိတဲ့အရာလည်း ဒီမြို့မှာမရှိဘူး"

ဟုဆိုလာသဖြင့် ၎င်းနှင့်လူကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာလိုက်ကြသည်။

လူကျော်က နားလည်စွာ ခေါင်းညိတ်ပြလိုက်သဖြင့် ၎င်းက

"ဒါဆိုရင် ကျွန်တော်တစ်ခုလောက် မေးပါရစေ"

ဟုပြောလိုက်လေရာ တရုတ်ဘိန်းစားကြီးက တဟားဟား ရယ်မောလိုက်ပြီး...

"မောင်ရင်တို့ မမေးလည်း မောင်ရင်တို့ ဘာကိစ္စနဲ့ ဒီမြို့ကို ရောက်လာတယ်၊ အခုငါ့ကိုဘာမေးမယ်ဆိုတာကအစ အဆုံးသိတယ်"

ဟုဆိုလာသဖြင့် ၎င်းနှင့်လူကျော် မျက်လုံးပြူးသွားကြလေ၏။

"ဗျာ ... ကျွန်တော်တို့ မေးမယ့်ကိစ္စ အဘိုးအကုန်သိနေတယ် ဟုတ်လား"

ဟု ၎င်းက တအံ့တသြ မေးလိုက်လျှင် တရုတ်ဘိန်းစားကြီးက အောင်နိုင်သူအပြုံးဖြင့် ...

"သိပ်ဟုတ်လိုက်လေကွာ၊ တစ်ချိန်က ဒီမြို့နယ်တစ်ကြော အင်မတန် နာမည်ကြီးခဲ့တဲ့ ဓားပြကြီးတိမ်ညို အမည်ခံ ဦးကျော်ခေါင် ရှိမရှိ သိချင်တာမဟုတ်လား"

"ဟာ"

"ဟင်"

၎င်းနှင့်လူကျော် မျက်လုံးမျက်ဆံပြူးကာ အံ့သြသွားကြတော့၏။ ကောင်တာ တရုတ်ဘိန်းစားကြီး အကြားအမြင်များ ရနေသလား မသိချေ။

"ကဲ ... ဟုတ်မဟုတ် မောင်ရင်တို့ဖြေကြလေ၊ ဘာမှ သံသယ မရှိနဲ့၊ ငါ အကြားအမြင်မရဘူး၊ ပြောပြီးပြီ မဟုတ်လား ဒီမြို့မှာ ငါမသိတဲ့ အရာ ဘာမှမရှိဘူးဆိုတာလေ"

"ဟုတ်...ဟုတ်ပါတယ်"

"အမှန်ပါပဲခင်ဗျား အံ့ဩလွန်းလို့ ဘာပြောရမှန်းတောင်မသိတော့ပါဘူး"

ဂုင်းနှင့်လူကျော် အံ့ဩစကားဆိုကာ ဝန်ခံလိုက်ကြ၏။

"အေး ... အဲဒီလိုမသိဘူးဆိုတာကိုက ကိုယ့်ဘဝအတွက်အတားအဆီးပဲ၊ မသိခြင်းများစွာထဲမှာ အဆိုးဝါးဆုံးက အံ့ဩမှုကြောင့် ဘာပြောရမှန်းမသိခြင်း၊ ထိတ်လန့်မှုကြောင့် ဘာလုပ်ရမှန်းမသိခြင်း၊ ဝမ်းသာခြင်းကြောင့် ဘာဆိုရမှန်းမသိခြင်း၊ ဝမ်းနည်းခြင်းကြောင့် ဘာကိုင်ရမှန်းမသိခြင်းတွေပဲ ဖြစ်တယ်၊ ဒီတော့ ကိုယ့်ဘဝ အတွက် အရေးကြီးဆုံးအလုပ်ကိုလုပ်တော့မယ်ဆိုရင် အဲဒီအရာတွေကိုဖယ်ရှားထားနိုင်ရမယ်၊ ဒါမှ လိုသလို လျှောက်လှမ်းလို့ရမှာ"

ဟု တရုတ်ဘိန်းစားကြီးက ပြောလေရာ ဂုင်းက ...

"ဟုတ်...ဟုတ်ကဲ့ကျွန်တော်တို့နားလည်ပါပြီအဘိုး၊အဲဒီစိတ်ကိုကြိုးစားပြီး ဖျောက်ပါ့မယ်"

ဂုင်းစကားကြောင့် တရုတ်ဘိန်းစားကြီးက ခေါင်းတဆတ်ဆတ်ညိတ်လေတော့၏။

ထို့နောက် ဂုင်းနှင့်လူကျော်သည် ဒီမြို့သို့ လာရောက်ရခြင်းနှင့် ထူးဆန်းသောအိပ်မက်မှ အစပြု၍ လက်ရှိဂုင်းတို့စိတ်တွင် ဖြစ်ပေါ်နေ

သော စိတ်ဒဏ်ရာများ၊ နာကြည်းမှုများတို့ကို အစအဆုံး ပြောဆိုရှင်း ပြလိုက်လေတော့၏။

စကားအဆုံးတွင် တရုတ်အိန်းစားကြီးက စိတ်မသက်မသာ ပုံစံမျိုး သက်ပြင်းချလိုက်ရင်း…

"အင်း… မောင်ရင်တို့အဖြစ်ကလည်း ထူးဆန်းပြီးအံ့ဩစရာကောင်းလိုက်တာ၊ သံသရာဆိုတာ လည်စမြဲပဲကွ၊ အဲဒီသံသရာကြီးလည်နေသမျှ လူတွေဟာ အမှောင်တွင်းထဲကို ကျသထက်ကျလာကြတယ်"

"ဒါပေမယ့် ပုထုဇဉ်လူသားဆိုတော့ ဒါတွေရှောင်လွှဲလို့မရဘူးကွ၊ ဘာပဲဖြစ်ဖြစ် မောင်ရင်တို့နှစ်ယောက်ရဲ့ စိတ်ဓာတ်ကိုအံ့ဩတယ်ကွ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဒီအဖြစ်အပျက်တွေကိုငါတို့လည်းကြားသိထားတဲ့အတွက် လက်ခံခဲ့တာ"

"တခြားသူတွေဆိုရင်တော့ မောင်ရင်တို့ကို ရူးနေတယ်လို့ပြောကြလိမ့်မယ်၊ ဒါကြောင့် လောကကြီးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာအားလုံး "မဖြစ်နိုင်" "မဖြစ်နိုင်ပါဘူး" လို့ စောဒကတက်တဲ့သူတွေဟာ လောကကြီးကို (အထူးသဖြင့်) လူတွေအကြောင်းကိုအထက်တန်းကျကျ မတွေ့ဖူး၊ မလေ့လာဖူးတဲ့ သူတွေသာ ဖြစ်တယ်"

"ဒီတော့ မောင်ရင်တို့ ရှေ့လျှောက်လူလုပ်ရမှာတွေ အများကြီးရှိသေးတယ်၊ မဖြစ်နိုင်ဘူးဆိုတဲ့အရာ တော်တော်များများကို ဖြစ်နိုင်ချေ

ဘက်ကတွေးပြီးကြိုးစားပါ၊ အဲဒီကြိုးစားမှုဟာဖြစ်နိုင်ဖို့အတွက် အဖြေပဲ၊ အဲဒီအဖြေကို ဆုပ်ကိုင်နိုင်ပြီဆိုရင် မောင်ရင်တို့ဟာ လူထဲက လူထဲမှာ အထက်တန်းကျတဲ့လူတွေ ဖြစ်လာလိမ့်မယ်၊ အဲဒီလို လူမျိုးဖြစ်သွားတဲ့အခါမှာ လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေ အားလုံးဟာ မောင်ရင်တို့အတွက် ရယ်စရာကြီးဖြစ်သွားလိမ့်မယ်ကွ"

ဟု ရှည်လျားစွာပြောလေတော့၏။ တရုတ်ဘိန်းစားကြီး၏ စကားမှာ အမှန်တွေချည်းဖြစ်၍ ၎င်းနှင့်လူကျော် လွန်စွာသဘောကျ၍ စိတ်ထဲက ခင်တွယ်သွားမိ၏။

၎င်းတို့နှင့် ဆုံစည်းရခြင်းမှာနောက်ကျလေခြင်းဟုလည်း တွေးမိသည်။ တရုတ်ဘိန်းစားကြီးက...

"ကဲ...မောင်ရင်တို့ဘာဆက်လုပ်ကြမလဲ၊နောက်ဘာသိချင်လဲ"

ဟု စူးစမ်းသလို မေးလေရာ ၎င်းက...

"ဒီမြို့မှာ လူယုတ်မာကျော်ခေါင် ရှိမရှိသိချင်ပါတယ်"

ဟုပြောလိုက်သဖြင့် တရုတ်ဘိန်းစားကြီးက တဟားဟားရယ်လိုက်ရင်း...

"မင်းတို့ကိုပြောပြီးပြီးပဲလူညံ့ကလေးတွေရ၊ ဒီအချိန်မှာ မောင်ရင်တို့ရဲ့အစွမ်းအစကို ပြရမယ့်အချိန်ပဲကွ၊ အဲဒီအချိန်ဟာ မောင်ရင်တို့ရဲ့အောင်မြင်မှုပဲလို့ယုံကြည်ရင်မဖြစ်နိုင်တာ ဘာမှမရှိဘူးကွ ဟား...ဟား...ဟား"

ဟုပြောဆိုရယ်မောပြီး စကားဖြတ်လိုက်၏။ ပြီးမှ ၎င်းတို့နှစ်ယောက်ကို အကဲခတ်ကြည့်သည်။ ၎င်းတို့နှစ်ယောက်လုံး မည်သည့်အဖြေမျှ ရှာမရသေးသဖြင့် တရုတ်ဘိန်းစားကြီးက သနားစဖွယ်ကြည့်လိုက်ရင်း...

"မောင်ရင်တို့ရဲ့ ရိုးသားမှုကိုကြိုက်တယ်ကွာ။ ဒါပေမယ့် အဲဒီလိုရိုးသားခြင်းဟာ နေရာတိုင်း၊ အသုံးမဝင်ဘူးကွ၊ ကိုယ့်ရဲ့ ရိုးသားမှုနဲ့ လိမ္မာပါးနပ်မှုဟာ ရေလိုက်ငါးလိုက် အသုံးချတတ်ရတယ်ကွ၊ အင်း... ဒါပေမယ့် မောင်ရင်တို့ ရိုးသားမှုနဲ့ ခိုင်မာတဲ့စိတ်ဓာတ်ဟာ ကိုယ့်ရည်ရွယ်ချက်အတွက် အကောင်းဆုံးလက်နက်ပဲကွ"

"မကြာခင် အဲဒီလက်နက်တွေနဲ့ မောင်ရင်တို့အလိုရှိတဲ့ လက်စားချေမှုကြီးတစ်ရပ်မှာ အသုံးချလိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါပေမယ့် မောင်ရင်တို့ဟာ မလွဲမသွေ ကာလတစ်ခုနဲ့ အလောင်းအစားပြုလုပ်ရလိမ့်မယ်"

ဟု ဆိုလာသဖြင့် ၎င်းနှင့်လူကျော် စိတ်လှုပ်ရှားရင်း နားမလည်နိုင် ဖြစ်သွားကြ၏။ ထို့ကြောင့် ၎င်းက...

"အဘိုးပြောတဲ့ အဓိပ္ပါယ် ကျွန်တော်တို့ မရှင်းဘူး။ အချိန်ကာလတစ်ခုနဲ့ အလောင်းအစားပြုလုပ်ရလိမ့်မယ်ဆိုတာ ဘာကိုပြောတာလဲ"

ဟုမေးလေရာ တရုတ်ဘိန်းစားကြီးက "မင်းတို့လှူညံ့ကလေးတွေပဲ" ဟု အထင်သေးစွာ မရယ်တော့ဘဲ "မင်းတို့သနားစရာကောင်းလိုက်တာ" ဟု ကရုဏာသက်သလိုပုံစံမျိုး ရယ်လိုက်ပြီး အောက်ပါအတိုင်းဖြေလေတော့၏။

"အခိပ္ပါယ်က ဘာမှမခက်ဘူး၊ ရှင်းရှင်းကလေးပါကွာ၊ မောင်ရင်တို့အလိုရှိနေတဲ့ လှူယုတ်မာကျော်ခေါင်ကို လက်စားချေနိုင်ဖို့ အချိန်တစ်ခုစောင့်ဆိုင်းရမယ်လို့ ပြောတာကွ၊ အဲဒီအချိန်ဟာ ကြာရင်ကြာမယ်၊ မြန်ရင်မြန်မယ်၊ တစ်နှစ်လည်းဖြစ်နိုင်တယ်၊ တစ်လလည်းဖြစ်နိုင်တယ်၊ တစ်ရက်လည်းဖြစ်နိုင်တယ်၊ တစ်နာရီလည်းဖြစ်နိုင်တယ်၊ နောက်ဆုံး... တစ်မိနစ်လည်း ဖြစ်နိုင်တယ်လို့ ပြောတာကွ"

ဟု ရှင်းပြလေရာ ငရင်းကဆက်၍...

"ဒါဆိုရင် ဦးကျော်ခေါင်ကို လက်စားချေဖို့ဟာ အချိန်ပေးရမယ်၊ မလွယ်ဘူးဆိုတဲ့သဘောပေါ့ဟုတ်လား"

ဟုမေးမြန်းလိုက်သောအခါ တရုတ်ဘိန်းစားကြီးက ခေါင်းညိတ်လိုက်ရင်း...

"အမှန်ပဲကွ၊ လက်စားချေနိုင်ဖို့ထက် သူ့ဘယ်မှာရှိနိုင်တယ်ဆိုတာ အရင်ဆုံးစုံစမ်းရမှာကွ"

ဟုပြောလေရာ ဂျင်းနှင့်လူကျော် စိတ်ပျက်သလို ဖြစ်သွားကြ၏။

"ဟင် ...ဒါဆို ဦးကျော်ခေါင် ဒီမြို့မှာမရှိဘူးလား"

ဟု လူကျော်က စိတ်လှုပ်ရှားစွာ မေးလိုက်၏။ တရုတ်ဘိန်းစားကြီးက တစ်ဘက်သို့ ခြေသုံးလေးလှမ်း လျှောက်သွားပြီး

"ရှိတယ်"

"ဒါဆို အဖြေကရှင်းနေတာပဲ အဘိုး၊ ကျွန်တော်တို့အလွယ်တကူလက်စားချေနိုင်တာပေါ့၊ ဒါကြောင့် သူရှိတဲ့နေရာ အရင်ဘယ်မှာ စုံစမ်းရမှာပဲ"

ဟုဂျင်းက မေးလာရာ တရုတ်ဘိန်းစားကြီးက...

"နေဦးလေ၊ ငါ့စကားမဆုံးသေးဘူး၊ ကျော်ခေါင်ဒီမြို့မှာရှိတာ အခုမဟုတ်ဘူး"

ဟုပြောပြီး ဂျင်းတို့နှင့်မျက်နှာချင်းဆိုင်မှာ ရပ်နေ၏။ ဂျင်းက

"ကျွန်တော်တို့ရှင်းအောင် ပြောပါအဘိုး"

"ရှင်းအောင်ပြောရရင် ကျော်ခေါင်ဟာ လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ဒီမြို့ကနေ ပျောက်သွားခဲ့တယ်၊ သူ့အကြောင်းအမြဲ ခါး အကုန်သိထားတဲ့ ဒီမြို့နဲ့ မလှမ်းမကမ်း တောအုပ်ထဲက မောင်ရင်တို့နဲ့ ဆုံခဲ့တဲ့ မုဆိုးကြီး ဦးသိုင်းချဲ့အမည်ခံ မျိုးချစ်တော်လှန်ရေး ရဲဘော်

ပေဟာင်းကြီး ဦးနက်ကျော်နဲ့ မမျှော်လင့်ပဲ မြို့တွင်းတစ်နေရာမှာ သွားဆုံမိတဲ့အတွက် ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန် ကျွမ်းကျင်တဲ့ ကျော်ခေါင်ဟာသူ့ကို သိရှိသွားပြီဆိုတဲ့ အထင်နဲ့ ဒီမြို့ကနေ ထပ်ပျောက်သွားတာ"

"အမှန်တော့ မုဆိုးကြီး ဦးသိုင်းချိုဟာ ကျော်ခေါင်ကိုရုတ်တရက် မမှတ်မိခဲ့ဘူး၊ ဒါကို ကျော်ခေါင်ဟာ အစိုးရိမ်လွန်ပြီး ခြေရာထပ်ဖျောက်သွားတာ"

ဟု ရှင်းပြလာလေတော့၏။ လူကျော်က...

"ဒါဆို ဦးကျော်ခေါင် ဒီမြို့မှာမရှိတော့ဘူးပေါ့"

"ဟုတ်တယ်"

"တောက်...နာလိုက်တာကွာ၊ ဒင်း...တော်တော်ကံကောင်းသွားတယ်"

ဟုလူကျော်ကမကျေမနပ်ရေရွတ်လိုက်လေရာဝင်းက လည်း ..

"ခင်ဗျားဘယ်လောက်ကံကောင်းနိုင်မလည်း မိုးအဆုံး မြေအဆုံးလိုက်ရှာပြီး လက်စားချေရမှ ကျေနပ်နိုင်မယ်"

ဟု ဝင်းက ကြုံးဝါးလိုက်ပြန်၏။ တရုတ်ဘိန်းစားကြီးကသက်ပြင်းချပြီး...

"ဒါပေမယ့် ဘာမှမပူပါနဲ့၊ ကျော်ခေါင်ကို မြန်မာပြည်တစ်နေရာရာမှာတော့ မောင်ရင်တို့ရှာတွေ့မှာပါ၊ သူဟာ ရုပ်ပြောင်းရုပ်လွှဲပညာ

အတော်လေးကျွမ်းကျင်တဲ့အတွက် အလွယ်တကူရှာမရနိုင်တာတော့ မှန်တယ်၊ ဒါပေမယ့် တရုတ်စကားပုံတစ်ခုရှိတယ်ကွ၊ "အန္တရာယ် အရှိဆုံးနေရာဟာ အန္တရာယ်အကင်းဆုံးပဲတဲ့" ဒါကြောင့် ဒီလူယုတ်မာ ကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ဒီမြို့မှာ တနည်းနည်းနဲ့ပြန်ခိုအောင်းနေလိမ့်မယ်ဆိုတာပဲကွ"

ဟု ထောက်ပြစကား ဆိုလာသဖြင့် ၎င်းနှင့်လူကျော် ထိုအချက်ကို နားလည်ကာ မခံချင်စိတ်များ၊ ခံပြင်းမှုများ ပို၍ကြီးထွား သွားကြတော့၏။

"ကျွန်တော်တို့ မရရအောင် ရှာဖွေရမှာပဲ"

ဟု ၎င်းကမကျေမချမ်း ဆိုလိုက်သဖြင့် တရုတ်ဘိန်းစားကြီးက

"မကြာခင် မောင်ရင်တို့ ရှာတွေ့မှာပါ၊ သူနဲ့ပတ်သက်ပြီး သဲလွန်စထူးခြားချက်တစ်ခုတော့ရှိတယ်၊ အဲဒီသဲလွန်စကိုတွေ့ရင် ကျော်ခေါင်ကို လက်စားချေဖို့ဟာ ကြွက်ကလေး၊ ငှက်ကလေး ဖမ်းမိသလိုပဲ"

ဟုပြောလေရာ ၎င်းနှင့်လူကျော် လွန်စွာမှ စိတ်လှုပ်ရှားကာ ထိုသဲ လွန်စအား အင်မတန်မှ သိချင်သွားကြ၏။ ၎င်းက...

"ဘယ်လိုသဲလွန်စမျိုးလဲ အဘိုး၊ ကျွန်တော်တို့ အဲဒီသဲလွန်စကို သိချင်တယ်"

ဟု အလောတကြီး မေးမြန်းလိုက်သောအခါ တရုတ်ဘိန်းစားကြီးက...

"သူဟာ ဆေးတံအမြဲသောက်လေ့ရှိတယ်၊ သူသောက်တဲ့ ဆေးအနံ့က တခြားဆေးတွေနဲ့မတူဘဲ အမွှေးနံ့တစ်ခုပါတယ်၊ ပြီးတော့ သူ့ရဲ့လက်ျာဘက် လက်ကောက်ဝတ်အောက်အဆစ်တည့်တည့်မှာ ဘဲဥပိုင်းပုံသဏ္ဍာန် အမှတ်အနီကြီးတစ်ခုရှိတယ်၊ အဲဒီနှစ်ချက်ဟာ သဲလွန်စပဲ၊သူဘယ်လောက် ရုပ်ပြောင်းရုပ်လွှဲတော်တော် လူတစ်ယောက်ရဲ့ဗီဇအကျင့်နဲ့အမှတ်အသားဟာဘယ်လိုမှဖျောက်မရနိုင်ဘူး"

ဟု ရှင်းပြလာသဖြင့် ၎င်းနှင့်လူကျော် ပြန်လည်အားရှိကာ မျှော်လင့်ချက်ရောင်ခြည် တစ်ခုကို ပြန်လည်ရရှိလိုက်ကြ၏။

"ကျေးဇူးပါပဲ အဘိုး၊ အဘိုးဆီကရတဲ့ ဒီသဲလွန်စဟာ သိပ်ကို အရေးပါပြီး တန်ဖိုးရှိပါတယ်"

ဟု ဆိုလေသဖြင့် တရုတ်ဘိန်းစားကြီးက ပြုံးပြီး...

"ကျေးဇူးတင်ဖို့ မလိုပါဘူး မောင်ရင်၊ လူယုတ်မာတစ်ယောက်ကို ဒီကမ္ဘာမြေပေါ်က အပြီးတိုင်မောင်းထုတ်ဖို့ ကူညီခွင့်ရတာ ကျေးဇူးတောင် ပြန်တင်ရဦးမယ်၊ ခုလောလောဆယ် မောင်ရင်တို့ဘယ်ပြန်မယ် စိတ်ကူးလဲ"

ဟု မေးမြန်းလေရာ ၎င်းနှင့်လူကျော် ခေါင်းယမ်းခါလိုက်ကြ၏။ ထို့ကြောင့် တရုတ်ဘိန်းစားကြီးက...

"ဒါဆိုလည်း ဘာမှမပူနဲ့ ငါနဲ့ဟောဒီသချိုင်းမှာ အတူနေပြီး မောင်ရင်တို့ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်တယ်၊ တည်းခိုခန်းနဲ့စာရင် ဒီနေရာဟာ မောင်ရင်တို့အတွက် အသင့်လျော်ဆုံးပဲ"

"ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်တို့တည်းခိုနေတဲ့ တည်းခိုခန်းဟာ လူဝင်လူထွက်များသလို၊ အန္တရာယ်လည်းရှိနိုင်တယ်၊ ကျော်ခေါင် ရဲ့ တပည့်တပန်းတွေ ဒီမြို့မှာ အများကြီးရှိတယ်၊ မောင်ရင်တို့ကိုသိရင် ကိုယ့်ရည်ရွယ်ချက်နှောင့်နှေးမယ်၊ အခန့်မသင့်ရင် မောင်ရင်တို့အသက် အန္တရာယ်ပါပြန်ပြီးရန်ရှာနိုင်တယ်၊ ဒီတော့ ငါနဲ့ခဏအတူနေပြီး တိတ်တဆိတ် စုံစမ်းရှာဖွေတာက အကောင်းဆုံးပဲ"

ဟု ပြောဆိုအကြံပေးလေသဖြင့် ဇင်းနှင့်လူကျော် ဝမ်းပန်းတသာ လက်ခံခေါင်းညိတ်လိုက်ကြတော့သည်။

# (၇)

ထို့နောက် လူမော်နှင့်လူကျော်သည် တရုတ်ဘိန်းစားကြီးနှင့် အတူနေကာ ဦးကျော်ခေါင်သတင်းအား တိတ်တဆိတ်စုံစမ်းခဲ့လေ၏။

နေ့ဘက်မြို့တွင်းအနှံ့ ပုံဏ္ဏာန်အမျိုးမျိုးဖြင့် စုံစမ်းပြီး ညရောက်မှ သချိုင်းသို့ ပြန်ခဲ့ကြခြင်းဖြစ်၏။

သို့ဖြင့် ရက်သတ္တတစ်ပတ်မြောက်သောနေ့၌ ဦးကျော်ခေါင်၏ သတင်းအစအန တစ်ခုကိုရသည်။

ထိုနေ့က လူမော်နှင့်လူကျော် ကာကာကြီးလက်ဖက်ရည် ဆိုင်ထဲတွင် ထိုင်နေစိုက် ၎င်းတို့နှင့်မလှမ်းမကမ်းစားပွဲသို့ လူစိမ်းသုံးယောက် ရောက်ရှိလာပြီး စကားပြောဆိုနေကြ၏။

၎င်းတို့ပြောဆိုသည့်စကားများထဲတွင်ဦးကျော်ခေါင် အကြောင်း တစ်စွန်းတစ်စပါလာ၍ လူမော်နှင့် လူကျော် နားစွင့်ထောင် ခဲ့သည်။

၎င်းတို့ပြောဆိုကြသည့် စကားများထဲ၌ ဦးကျော်ခေါင်ဆိုသူမှာ ရန်ကုန်မှအပြန် လမ်းတစ်ဝက်တွင် ပုလိပ်အဖွဲ့က စောင့်ဖမ်းဆီးမည်ဟု

သတင်းရရှိသည့်အတွက် မူလခိုအောင်းရာအရပ်သို့ မပြန်နိုင်ဘဲ ပဲခူးမြို့တွင် သောင်တင်နေသည်မှာ ရက်သတ္တချောက်ပတ်မျှရှိပြီ ဖြစ်ကြောင်း။ ယခု ဦးကျော်ခေါင်သည် ပဲခူးမြို့အပြင်ရှိ ခြံကြီးတစ်ခြံတွင် ပုန်းအောင်းနေထိုင်ရကြောင်း။ ထိုခြံကြီးသည် ဦးကျော်ခေါင် ပိုင်ဆိုင် သောခြံကြီးဖြစ်ကြောင်း။ အစိုးရပုလိပ်အဖွဲ့များ မျက်ခြေပြတ်၊ သတင်း အစအနပျောက်သွားစေရန်အတွက် ပုန်းအောင်းနေထိုင်နှင့်ဦးမည်ဖြစ်ကြောင်း ပြောဆိုနေ ကြခြင်းကြောင့်ဖြစ်၏။

ထို့ကြောင့် လူမော်နှင့်လူကျော်သည် ဆိုင်ထဲမှ အသာထွက်လာကာ တရုတ်ဘိန်းစားကြီးအား အကျိုးအကြောင်း အသိပေးပြော ကြားပြီး ထိုနေ့ညနေပိုင်းမှပင် ပဲခူးမြို့သို့ ကုန်တင်ကားကြီးတစ်စီးနှင့် ကားကြုံစီးနင်းလိုက်ပါခဲ့လေ၏။

ပဲခူးမြို့သို့ ရောက်သောအခါ ထိုခြံကြီးကို စုံစမ်းပြီးသွားရောက်ခဲ့သည်။

သို့သော် ၎င်းတို့လက်စားချေရန် အလိုရှိသော ဦးကျော်ခေါင်မဟုတ်ဘဲ အသက်သုံးဆယ်ဝန်းကျင်ရှိ နတ်ကတော် ဦးကျော်ခေါင်ဖြစ်နေသဖြင့် ၎င်းတို့နှစ်ရက်မျှကြာပြီး နောက်ကြောင်းပြန်လှည့်ခဲ့ကြလေ၏။

ဒီလိုနှင့် လူမော်နှင့်လူကျော်သည် ဂုဏ်တို့အလိုရှိသော ဦးကျော်ခေါင်အားရှာမတွေ့လျှင် မပြန်တော့ဘူးဟူ၍ ဆုံးဖြတ်ချက်ချကာ အပြင်းအထန် စုံစမ်းရှာဖွေခဲ့တော့သည်။

ထိုမြို့မှာပင် လူမော်နှင့်လူကျော် လဝက်ခန့်မျှကြာပြီး တစ်နေ့သ၌ ဦးကျော်ခေါင်၏ သဲလွန်စတစ်ခုအား ရရှိလိုက်တော့၏။

ထိုမြို့၌ ဦးကျော်ခေါင်သည် ရုပ်ပြောင်းရုပ်လွှဲဖြင့် နေထိုင်နေကြောင်း သိရခြင်းဖြစ်၏။

ထိုသတင်းကို မြင်းလှည်းသမားတစ်ဦးထံမှ ကြားရခြင်းဖြစ်သည်။ ထိုမြင်းလှည်းကို ဂုဏ်တို့အကြိမ်ပေါင်းများစွာ စီးဖူးနေသည်။ ထိုမြင်းလှည်းသမားနှင့် ဂုဏ်တို့မှာ အတော်လေး ရင်းနှီးခင်မင်ခဲ့သည်။

ထိုနေ့က ထုံးစံအတိုင်း ထိုမြင်းလှည်းကိုမြို့ထဲသွားရန် ငှားစီးခဲ့၏။ ထိုမှတစ်ဆင့် မြို့အပြင်ရှိ စေတီလေးသို့ မြင်းလှည်းအား ဆက်၍ ငှားစီးခဲ့လေသည်။

သို့ဖြင့် မြို့ပြင်တစ်နေရာရှိ ခြံကြီးတစ်ခြံရှေ့သို့ ရောက်သည့်အခါ မြင်းလှည်းသမားက ထိုခြံကြီးထဲသို့တစ်ချက်ငဲ့စောင်းကြည့်၍ အောက်ပါအတိုင်းဆိုလာသည်။

"ကျုပ်တို့မြို့မှာ ဒီခြံကြီးကအကြီးဆုံးပဲ၊ ပြီးတော့ ခြံပိုင်ရှင်ကလည်း သိပ်ထူးဆန်းတယ်"

ငှင်းတို့ မြင်းလှည်းသမားကို သိပ်စိတ်မဝင်စားသေးပါ။ သို့သော် မြင်းလှည်းသမားက ဆက်ပြောဏ်။

"မြို့ပိုင်ရှင်ဟာ မြို့ကြီးထဲမှာ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ အမြဲနေတယ်လို့ မရှိဘူး၊ အခင်း...ဒီမြို့ပိုင်ရှင်ကြီးနဲ့ပတ်သက်ပြီး မနေ့က ထူးဆန်းတဲ့သတင်းတစ်ခုရတယ်"

ဟုပြောပြီး မြင်းလှည်းအား ဂရုတစိုက် မောင်းနှင်လေဏ်။ငှင်းတို့ အနည်းငယ် စိတ်ဝင်စားသွားသဖြင့်အသာနားစွင့်လိုက်ကြသည်။

"ဘာသတင်းလည်းဆိုတော့ ဒီမြို့မှာ မကောင်းမှုနဲ့ဝမ်းကျောင်းတဲ့ မစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးဟာ လွန်ခဲ့တဲ့ညက အဲဒီမြို့ပိုင်ရှင်ကြီးအိမ်မှာ ပျော်ပါးတဲ့အလုပ်ကိုလုပ်ခဲ့တယ်၊ အဲဒီမြို့ပိုင်ရှင်ကြီးရဲ့ခေါင်းအုံးဘေးမှာ လူမျက်နှာလိုလို မျက်နှာဖုံးစွပ်တစ်ခု တွေ့ရတယ်လို့ ပြန်ပြောတယ်"

"စိမ်းထိုက်ဆိုတဲ့ အမျိုးသမီးဟာ သူ့အလုပ်သွားတိုင်းမြင်းလှည်းဂိတ်ကိုဝင်ပြီး ကျုပ်ကိုအမြဲမှာလေ့ရှိတယ်၊ မနက်သူပြန်တဲ့အချိန် ကျုပ်က မြင်းလှည်းနဲ့ သွားသွားကြိုပေးရတာ"

ဟုပြောလာသဖြင့် ငှင်းတို့နှစ်ဦး အလွန်စိတ်လှုပ်ရှားသွားကြဏ်။ ငှင်းက ချုပ်တည်းမနေနိုင်တော့ဘဲ မြင်းလှည်းဆရာအား အတင်းရပ်ခိုင်းပြီး မေးမြန်းလေတော့ဏ်။

"ခင်ဗျားပြောတာ တကယ်သေချာလား"

မြင်းလှည်းဆရာက ၎င်းတို့ကိုကြည့်၍ အံ့သြနားမလည်နိုင်ဖြစ်သွားပြီး...

"ကျုပ်ကို မစိမ်းထိုက်ကိုယ်တိုင် မနေ့မနက်က ပြောသွားတာ၊ ကျုပ်က သူ့ကိုသွားကြို့တာလေ၊ နေစမ်းပါဦး မိတ်ဆွေတို့က ဒီအကြောင်းကြားတာနဲ့ ဘာဖြစ်သွားကြတာလဲ"

ဟုမေးလာရာ မြင်းလှည်းသမား ရိပ်မိသွားမည်စိုး၍ ၎င်းတို့နှစ်ယောက် ကိုယ်ရှိန်သတ်ပြီး အမူအရာ ပြင်လိုက်ရ၏။ ၎င်းက

"ဘာမှမဖြစ်ပါဘူး၊ သိချင်လို့ပါ"

ဟု ဖြေလိုက်သဖြင့် မြင်းလှည်းသမား သံသယမရှိတော့ဘဲ မြင်းလှည်းကို ဆက်မောင်းလေတော့၏။

ထို့နောက် ၎င်းတို့သည် မြင်းလှည်းအား မြို့ပြင်ရှိ စေတီလေးသို့ မမောင်းနိုင်းတော့ဘဲ မြို့ထဲသို့သာ နောက်ကြောင်းပြန်လှည့် မောင်းနိုင်းခဲ့တော့သည်။

မြို့ထဲရောက်သည့်အခါမြင်းလှည်းပေါ်ကဆင်းပြီး ၎င်းတို့နေထိုင်ရာမြို့အပြင်သချိုင်းသို့ တိတ်တဆိတ် ပြန်ခဲ့ကြလေ၏။

"အဘိုးကို ပြောစရာရှိတယ်"

ဟု သချိုင်းသို့ရောက်ရောက်ချင်း လူမော်က တက်ကြွစွာပြောလိုက်၏။

အုပ်ဂူပေါ်အကျအနထိုင်နေသောတရုတ်ဘိန်းစားကြီးက ဘာမျှထူးခြားဟန်မပြဘဲ နှုတ်ဆိတ်နေလေ၏။ ပြီးမှ...

"မြို့ပြင်က ခြံကြီးတစ်ခုထဲမှာ ကျော်ခေါင် ရုပ်ပြောင်းရုပ်လွှဲနဲ့ ရောက်နေတယ်၊ မစိမ်းထိုက်ဆိုတဲ့ အပျော်မယ်တစ်ဦးနဲ့ လွန်ခဲ့တဲ့ တစ်ညက ပျော်ပါးခဲ့တယ်၊ မျက်နှာဖုံးသဲလွန်စကို မစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးက တွေ့ရှိတဲ့သတင်း မြင်းလှည်းသမား ကျောက်ဒိုးကို အသိပေးတယ်၊ အဲဒီမြင်းလှည်းသမားဆီက မောင်ရင်တို့ ကြားခဲ့ရတာမဟုတ်လား"

ဟု ပြောလေသဖြင့် ဂျင်းနှင့်လူကျော်မျက်မှောက်ကြည်နိုင်အောင်အံ့သြသွားကြလေ၏။

"ဟင် ...အဘိုးက သိနေတယ်"

ဟု ဂျင်းက တအံ့တသြရေရွတ်လိုက်သလို လူကျော်ကလည်း...

"အဘိုးက ကျွန်တော်တို့ ပြောမယ့်ကိစ္စ ကြိုသိနေတယ်ဟုတ်လား"

ဟု အံ့သြတကြီး မေးမြန်းလေရာထိုအခါတရုတ်ဘိန်းစားကြီးက တဟားဟားရယ်မောလျက်...

"ဒါက မဆန်းပါဘူးကွာ၊ မောင်ရင်တို့ အခါတိုင်းထက် ဒီနေ့ ပြန်လာတာ စောနေတဲ့အတွက် ကိစ္စတစ်ခုပါလာပြီဆိုတာ ကျိန်းသေ

တယ်၊ ဟောဒီ မောင်ရင့်အင်္ကျီပုခုံးမှာ ထင်းရှူးအရွက်လေးတွေတင်နေတာကို တွေ့ရတဲ့အတွက်ကြောင့် မောင်ရင်တို့မြို့အပြင်ဘက်ကိုရောက်ခဲ့တယ်ဆိုတာသေချာပြီ၊ ထင်းရှူးပင်ဟာ မြို့အပြင်မှာပဲ ရှိတယ်"

"ဒီတော့ မြို့အပြင်ကို မောင်ရင်တို့ စီးနေကျကျောက်ဒိုးရဲ့မြင်းလှည်းနဲ့သွားမယ်၊ အပျော်မယ်လေးတွေထဲက မောင်ကျောက်ဒိုးရဲ့ မြင်းလှည်းကိုအမြဲတမ်းငှားစီးတာဆိုရင် ခုန မစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးတစ်ဦးပဲရှိတယ်"

"မစိမ်းထိုက်ဟာ အဲဒီခြံကြီးထဲက ဆီစက်၊ ဆန်စက်ပိုင်ရှင် ဦးလူငြိမ်းအမည်ခံ ကျော်ခေါင်ရဲ့အသည်းစွဲ အပျော်မယ်တစ်ဦးဖြစ်တယ်၊ ကျော်ခေါင်ရဲ့အသည်းစွဲ အပျော်မယ်တစ်ဦးဖြစ်တယ်၊ ကျော်ခေါင်ရဲ့ခြံထဲကို အဝင်အထွက်ရှိတဲ့ မိန်းကလေးဆိုရင် မစိမ်းထိုက်တစ်ဦးပဲရှိတယ်"

"ဒါကြောင့်မစိမ်းထိုက်ဆီကဒီသတင်းကိုရတယ်ဆိုတာတန်းသိတာပေါ့၊ ကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန်တော်တဲ့အတွက် တစ်မြို့လုံး သူဌေးကြီးဦးလူငြိမ်းအဖြစ်ပဲသိထားကြတယ်"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ သူဌေးကြီး ဦးလူငြိမ်းအမည်ခံကျော်ခေါင်ဆိုတာကိုတိတိကျကျသိလိုက်ရတယ်၊ အဲဒီနေ့ကကျော်ခေါင်တာ ဒီမြို့က သူ့ခြံထဲကို မြင်းလှည်းတစ်စီးနဲ့ ပြန်လာတယ်၊ ငါသူတို့ခြံရှေ့

အရောက်မှာ သူစီးလာတဲ့မြင်းလှည်းက ငါ့ကိုဖြတ်ပြီး မြို့ထဲမောင်းဝင်သွားတယ်"

"ငါက လေတင်ကဆိုတော့ မြင်းလှည်းဖြတ်သွားချိန်မှာ ထူးခြားတဲ့အနံ့တစ်မျိုးကိုရလိုက်တယ်၊ အဲဒီအနံ့ဟာ ကျော်ခေါင်နဲ့ ဦးလှငြိမ်းဘဝကိုကူးပြောင်းလာတဲ့မားပြကြီးတိမ်ညိုအမြဲသောက် နေကျဆေးတံရဲ့ဆေးအနံ့ပဲ၊ ဒါကြောင့် အားလုံးကိုဆက်စပ်ကြည့်လိုက်ရင် အဖြေကရှင်းနေပြီ၊ ဟုတ်တယ် မဟုတ်လား"

ဟု ပြောဆိုရှင်းပြလာသဖြင့် ၎င်းနှင့်လူကျော် တရုတ်ဘိန်းစားကြီးအားအထင်ကြီးပြီး မလေးစားဘဲ မနေနိုင်တော့။ လွန်စွာမှတွေးခေါ်ဆက်စပ်မှု ထက်မြက်လှပေ၏။ ၎င်းက...

"မှန်ပါတယ် အဘိုး၊ အဘိုးရဲ့ဉာဏ်ပညာစွမ်းရည်ကို ကျွန်တော်တို့လေးစားပါတယ်"

ဟုချီးမွမ်းလေရာ လူကျော်ကလည်း...

"ဟုတ်ပါတယ်အဘိုး၊ ကျွန်တော်တို့ တွေ့ဖူးသမျှလူတွေထဲမှာ အဘိုးဟာတကယ့်ပါရမီရှင်ကြီး တစ်ဦးပါပဲ"

ဟု ထပ်ဆင့်ချီးကျူးလိုက်လေတော့၏။ ထိုအခါ တရုတ်ဘိန်းစားကြီးက ၎င်း၏ဝိဇအတိုင်း တဟားဟားရယ်မော၍အုတ်ဂူပေါ်မှ ဆင်းလာတော့သည်။

"လောကကြီးက တစ်ခါတစ်ခါ အူကြောင်ကြောင်ကြီးပါကွာ၊ တစ်ခါတစ်ခါတော့လည်း ကျီစယ်တတ်တယ်ကွ၊ သူ့အထာမသိရင် သွားပြီသာမှတ်တော့၊ အရေးကြီးတာက လောကဓံဆိုတဲ့ ကျမ်းကြီးကို အာဂုံဆောင်တတ်ထားဖို့လိုတယ်၊ မြောက်လွန်းရင်အကျနာတတ် သလို၊ ချောက်လွန်းရင်လည်းအကြောက်လွန်တတ်တယ်ကွ"

"လောကဓံဆိုတဲ့ကျမ်းကြီးကို ကြေညက်ထားသူတွေဟာ လောကကြီးနဲ့ အပေးအယူမျှတယ်၊ ရန်သူလည်းမရှိဘူး၊ မိတ်ဆွေလည်း မဟုတ်ဘူး၊ စစ်လည်းမဟုတ်ဘူး၊ ငြိမ်းချမ်းရေးလည်းမရှိဘူး၊ ပကတိ လူသားစစ်စစ်ပဲ"

"ပကတိမဟုတ်သူတွေက ငွေမက်တဲ့လူဟာ ငွေအားကိုးတယ်၊ ပညာမက်တဲ့လူဟာ ပညာအားကိုးတယ်၊ ဂုဏ်မက်တဲ့လူဟာ ခွန်အား အားကိုးတယ်၊ လောဘကြီးသူဟာ လောဘအားကိုးတယ်၊ ဒေါသကြီးသူ ဟာ ဒေါသအားကိုးတယ်၊ မောဟကြီးသူဟာ မောဟအားကိုးတယ်၊ ဒါနဲ့ပဲ သံသရာလည်နေကြတာ"

"နောက်ဆုံး မိမိအားကိုးတဲ့ အဲဒီလက်နက်ဟာ မိမိကိုပြန်ဒုက္ခ ပေးတော့တာပဲ၊ ဒီတော့ မောင်ရင်တို့ရှေ့လူလုပ်ရမယ့်အချိန်တွေအများ ကြီး ရှိသေးတယ်၊ လောကဓံကို ကြေညက်အောင်ဖတ်ပါ၊ ပကတိ လူသား စစ်စစ်ဖြစ်အောင်ကြိုးစားပါ၊ ပကတိလူသားဖြစ်ပြီဆိုတာနဲ့ အရာအားလုံး ဟာ သာမညချည်း ဖြစ်သွားရော"

ဟု ဒသသနဆန်ဆန် စကားများကို ပြောဆိုလာ၏။ ထို့နောက် တရုတ်ဘိန်းစားကြီးကဆက်၍ ...

"ဒါပေမယ့်အရက်သမားဟာအရက်သမားအလုပ်လုပ်သလိုလို၊ ကုန်သည်ဟာလည်း ကုန်သည်အလုပ်လုပ်ရမှာပဲ၊ ဒီတော့ မောင်ရင်တို့လည်း မောင်ရင်တို့အလုပ်လုပ်မယ်ဆိုတာ ငါယုံကြည်တယ်"

"ဒီနေရာမှာ အမှားနဲ့အမှန်ဆိုတာ မရှိဘူး၊ အမှန်ဆိုတာ ဘာလဲ၊ အမှားဆိုတာဘာလဲ၊ လက်ဖဝါးနဲ့လက်ခုံ၊ ရင်ဘတ်နဲ့ နောက်ကျော၊ ဘယ်ဟာအမှား၊ ဘယ်ဟာအမှန်ယူမလည်း၊ အဲဒီတော့ ကိုယ့်လုပ်ရပ်ကို ကိုယ့်ကိုကိုယ်ပဲပြန်သတ်မှတ်ပေတော့"

ဟု ပြောလာလေ၏။ လေးလေးနက်နက် နားထောင်နေသော ဗုင်းနှင့် လူကျော်မှာ အတန်ကြာအထိငြိမ်သက်သွားကြ၏။ပြီးမှ ...

"ဘာပဲဖြစ်ဖြစ် အဘိုး၊ ဒီလူယုတ်မာကို ကျွန်တော်တို့ကလဲ့စားချေရမှ ကျေနပ်နိုင်မယ်"

ဟု ဗုင်းက ခိုင်မာစွာပြောလေရာ ထိုအခါ လူကျော်ကလည်း ...

"ဟုတ်တယ်အဘိုး၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်တွေဟာ ကျွန်တော်တို့အသက်နဲ့ ထပ်တူပဲ"

ဟု ဝင်ထောက်ခဲ့လေ၏။ တရုတ်ဘိန်းစားကြီးက ခေါင်းညိတ်ရင်း ...

"အဲဒါ မောင်ရင်တို့ အလုပ်ပဲလေ၊ ယောကျ်ားကောင်းမှန်ရင် ကိုယ့်အလုပ်အပေါ် ကိုယ်ယုံကြည်မှုရှိရမယ်၊ ခိုင်မာမှုရှိရမယ်၊ ဒါမှ အောင်ပွဲခံနိုင်မှာ"

ဟု အားပေးစကားဆိုလေ၏။ ၎င်းက...

"ကျွန်တော်တို့ ဘယ်တော့မှ ဖွဲမလျှော့ဘူး၊ ရှေ့ပဲဆက်မယ်"

"ဟုတ်ပြီ၊ ဒါပေမယ့် ကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာ ကျွမ်းကျင်တယ်၊ ကောက်ကျစ်တယ်၊ ရက်စက်တယ်၊ ဒါကိုတော့ မမေ့နဲ့၊ အမြဲသတိရှိပါ"

"အကောင်းဆုံးက ကိုယ့်ပစ်ကွင်းထဲကသားကောင်ကို ဘယ်တော့မှ လွယ်လွယ်နဲ့အထင်မသေးမိဖို့ပဲ၊ မောင်ရင်တို့နှစ်ယောက်ရဲ့ ဆန္ဒအောင်မြင်ပါစေ၊ လူအများအပေါ် အမျိုးမျိုး ဒုက္ခပေးခဲ့တဲ့ လူယုတ်မာ အတွက် ကမ္ဘာလောကကြီးက ကြာကြာလက်မခံတော့ပါဘူး"

ဟုပြောကာ နေရာမှ ထွက်ခွာသွားလေတော့သည်။

••••••••••••••••••••••••••••••••••••

## (၁)

လပြည့်ညဖြစ်သော်လည်း မြုံကြီးတစ်ခြံလုံး အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးများကြောင့် လွန်စွာမှ မှောင်နေ၏။

တချို့သစ်ပင် အရိပ်လွတ်သော နေရာများလောက်သာ လရိပ် အလင်းရောင် ထိုးကျလျက်ရှိလေသည်။ အဝေးမှကြည့်လျှင် ထိုမြုံကြီး တစ်ခြံလုံး ချောက်ချားထိတ်လန့်ဖွယ်ရာ။

တစ်သီးတစ်ခြား မြုံကြီးဖြစ်နေသည့်အပြင် လူသွားလူလာ ကလည်းအင်မတန် ကြဲပါးလှ၏။ တစ်ခါတစ်ရံလေပြင်းနှင့်အတူ အဝေးဆီ မှ ဆွဲဆွဲငင်ငင် ထိုးအူလိုက်သော ခွေးအူသံတို့မှာ သွေးပျက်ဖွယ် ကောင်း နေပြန်သည်။

ထိုအချိန်မှာ မြုံကြီးထဲသို့ လူနှစ်ယောက်သည် မှောင်ရိပ်ခို၍ တဖြည်းဖြည်း ချဉ်းကပ်လာကြ၏။

ခြံအုတ်တံတိုင်းကြီးများကို တွယ်တက်ကျော်ဖြတ်၍ မြုံကြီး အတွင်းထဲ မှောင်ရိပ်ကျသော သစ်ပင်ကြီးများအောက်မှ အကာအကွယ် ယူကာ အိမ်ကြီးရှိရာ တိုးကပ်သွားနေကြခြင်းဖြစ်သည်။

ထိုလူနှစ်ယောက်မှာ အိမ်ကြီးနံဘေးသို့ရောက်သောအခါ အိမ်ကြီးအတွင်းထဲ အခြေအနေ အကဲလှမ်းခတ်၍ နှစ်ယောက်အနက် တစ်ယောက်က အသံခပ်အုပ်အုပ်ဖြင့် ပြောလေ၏။

"လူယုတ်မာကျော်ခေါင် အိပ်ပုံမရသေးဘူး၊ ဟိုရှေ့က အခန်းထဲမှာ မီးလင်းနေတယ်"

ဟု အခြေအနေအား သုံးသပ်လေရာ ဒုတိယတစ်ယောက်က မီးလင်းနေသော အခန်းသို့ လှမ်းကြည့်ရင်း...

"ဒါ... ငါတို့အတွက် အခွင့်အရေးပဲ၊ ဒီလူယုတ်မာကို တစ်ခါထဲ အသေမသတ်ဘူး၊ တဖြည်းဖြည်းချင်း မျှင်းသတ်ရမယ်"

ဟု ခံပြင်းကြေကွဲစွာပြောလေတော့၏။ ထိုအခါ ပထမတစ်ယောက်က ခေတ္တမျှစဉ်းစားလိုက်ပြီး...

"ဟုတ်ပြီ ငါအကြံရပြီ၊ ငါတို့နှစ်ယောက်ကို သတ်ခဲ့တဲ့ပုံစံအတိုင်း သူ့ကိုစိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် အရင်ဆုံးပညာပေးရမယ်"

ဟုအကြံပြုလေ၏။ ထိုအခါဒုတိယတစ်ယောက်ကလည်း

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ဒါမှ ဒီလူယုတ်မာ စိတ်ဒုက္ခအကြီးအကျယ် ရောက်ပြီးပြန်ခံစားရမှာ"

ထို့နောက် ၎င်းတို့နှစ်ဦးသည် မီးလင်းနေသော အခန်းဘေးသို့ အသာတိုးကပ်သွားပြီး မှန်ရိုပ်မှတဆင့် အတွင်းသို့ကြည့်လိုက်သော အခါ

၎င်းတို့ထင်ထားသည့်အတိုင်း ဦးကျော်ခေါင် မအိပ်သေးပါ။ စာဖတ်နေခြင်းကို တွေ့ရ၏။ မီးလင်းနေသော အခန်းကား စာကြည့်ခန်းဖြစ်နေတော့သည်။

ထို့ကြောင့် ထိုလူနှစ်ဦးသည် အတွင်းရှိဦးကျော်ခေါင် မြင်သာစေရန် အပြင်မှ တံခါးခေါက် အရျက်ပေး၍ လည်ပင်းကြိုးကွင်းစွပ်ပြီး ခြောက်လှန့်ပြလိုက်သည်။

တံခါးခေါက်သံကြောင့် ဦးကျော်ခေါင် စာဖတ်နေရာမှ မှန်တံခါးကို လှမ်းကြည့်သည်။

ထိုအချိန်မှာ မမျှော်လင့်ဘဲ ၎င်းတို့ပြလှစ်လိုက်သော မြင်ကွင်းကြောင့် ဖတ်လက်စစာအုပ် လွတ်ကျပြီး သွေးပျက်ထိတ်လန့်တကြားပုံမျိုးဖြစ်သွားတာကို မြင်တွေ့လိုက်ရ၏။

"ဒုန်း"

"ဝုန်း"

ဦးကျော်ခေါင် သွေးပျက်ချောက်ချားတာအနေတော်သို့ ခြေဆုတ်ချိန်မှာ စားပွဲခုံနှင့် ဝင်တိုက်ပြီး လဲကျသွားခြင်းဖြစ်၏။

ထိုအချိန်မှာ ၎င်းနှင့်လူကျော် ထိုခြံကြီးထဲမှ အမြန်ဆုံး ပြန်ထွက်ခွာခဲ့ကြတော့သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၉)

နောက်တစ်နေ့တွင် ထိုခြုံကြီးထဲ အခြေအနေအကဲသွားခပ်ကြည့်ရာ၌ ယခင်ရက်များကနယ် မဟုတ်တော့ဘဲ အစောင့်အကြပ်များ ချထားခြင်းကို အံ့ဩစွာတွေ့ရှိရတော့၏။

ဦးကျော်ခေါင်၏ နောက်လိုက် တပည့်များပင် ဖြစ်ပေလိမ့်မည်။ ခြုံကြီးပတ်ပတ်လည် ချထားသော အစောင့်အကြပ်မှာ ခုနစ်ယောက်ခန့် ရှိလေသည်။

ညက ငှင်းနှင့်လူမော်သွားရောက်ပြီး ဦးကျော်ခေါင်အား အဝတ်တ်မှ ငှင်း၏လုပ်ရပ်များကိုပြန်လည်သတိရစေရန် ပြုလုပ်လိုက်ခြင်းအတွက် ဦးကျော်ခေါင်သည် သွေးပျက်ချောက်ချားကာ ယခုကဲ့သို့ အခြေအနေမျိုး စီစဉ်ထားခဲ့ခြင်း ဖြစ်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဂုဏ်နှင့်လူကျော်ကတော့ ဦးကျော်ခေါင်အား ပြန်လည် လက်စားချေရမှ ကျေနပ်မည်၊ နှစ်ပေါင်းများစွာ ဆိုးရွားသော အိပ်မက်သဖွယ် ခြောက်လှန့် ခြေမှုတ်စေခဲ့သော (အထူးသဖြင့် လွှန်ခဲ့သော အတိတ်ဘဝတစ်ခုက) ဂုဏ်တို့ညီအစ်ကိုအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် လုပ်ရပ်အတွက် ယခုတော့ ပြန်လည် လက်စားချေခွင့် ကြုံလေပြီ၊ လက်စားချေရမည်ဟူသော သန္နိဋ္ဌာန်ကိုလည်း ခိုင်မာစွာချ မှတ်ခဲ့ပြီးပြီဖြစ်၏။

ထို့နောက် ဂုဏ်နှင့်လူကျော်သည် ဒီတစ်နေ့ညတွင် ဦးကျော်ခေါင် ၏ အိမ်ကြီးထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်ရန် လမ်းကြောင်းများကို ကြိုတင်လေ့လာကြ၏။

အစောင့်အကြပ်များချထား၍ အလွယ်တကူ ဝင်ရောက်ရန် မလွယ်။ ထို့ကြောင့် ဂုဏ်နှင့်လူကျော်သည် အချိန်အတော်ကြာကြာမြင့် အောင် အိမ်ကြီးထဲဝင်ရောက်နိုင်ရန် လမ်းကြောင်းကို အတွဲတိတ်လေ့လာ ကြသောအခါ လမ်းကြောင်းတစ်ခုကို အမှတ်မထင် တွေ့ရှိလိုက်၏။

ဦးကျော်ခေါင်၏ အိပ်ခန်းဘေးတွင် အလွန်ကြီးမားသော သစ်ပင် ကြီးတစ်ပင်ရှိ၏။ ထိုအပင်ကြီးမှ ကိုင်းတက်များသည် အိပ်ခန်းရှိရာ ပြတင်း ပေါက်သို့ ထိုးကျနေ၏။ ထိုသစ်ကိုင်းများမှတဆင့် ပြတင်းပေါက်တိုကျော် ပြီး အိပ်ခန်းထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

သို့သော် အလွယ်တကူတော့ မရနိုင်၊ ခက်ခက်ခဲခဲ ကြိုးစားမှ ရပါလိမ့်မည်။

သို့ရာတွင်ဖြုံထဲတွင်ရှိထားသောဦးကျော်ခေါင်၏တပည့်များကို အလိမ္မာသုံး၍ဝင်ရောက်နိုင်မှဦးကျော်ခေါင်အားအလွယ်တကူလက်စား ချေခွင့်ရနိုင်မှာဖြစ်၏။

ထို့ကြောင့် ရင်းက...

"ဒီကောင်တွေကို ပရိယာယ်သုံးပြီး ကျော်နိုင်ရင် လူယုတ်မာ ကျော်ခေါင်ကို လက်စားချေလို့ရပြီ"

ဟုသုံးသပ်ပြလေရာ လူကျော်က...

"သိပ်တော့ မလွယ်လှဘူး၊ ဒီအချိန်ဟာ လူယုတ်မာကျော်ခေါင် အတွက် အရေးကြီးကြောင်း၊ ဒီကောင်တွေသိထားရင် ပိုဂရုစိုက်မှာ သေချာတယ်၊ ပြီးတော့ ဒီလူယုတ်မာကျော်ခေါင်လည်း သတိပိရိယနဲ့ နေမှာမလွဲဘူး၊ ဒီတော့ လူယုတ်မာကို ဒီည လက်စားချေနိုင် ဖို့အကောင်း ဆုံးနည်းလမ်းကို ရှာရမယ်"

ဟု ပြောဆိုသတိပေးလာသောအခါ ရင်းနှင့်လူကျော် ဖြုံကြီး အတွင်းထဲ အကဲခတ်ကြည့်ရှုရင်း အတန်ကြာမျှ စဉ်းစားလိုက်ကြသည်။

ပြီးမှ ရင်းကတွေးတွေးဆဆဖြင့်...

"ဒီကောင်တွေကိုအလွယ်တကူ လှည့်စားနိုင်ဖို့အတွက်နည်းလမ်းတစ်ခုတော့ရှိတယ်"

ဟု ပြောလိုက်ရာ လူကျော်တဝမ်းသာသွားပြီး...

"ဘယ်လိုနည်းလမ်းလည်း ပြောစမ်းပါဦး"

ဟု မေးမြန်းလိုက်လျှင် ဂျင်းတထိုနည်းလမ်းကိုအသေးစိတ်ပြောပြလိုက်၏။ ထိုအခါ လူကျော်လည်း ထိုနည်းလမ်းကို သဘောကျသွားပြီး လက်ခံလိုက်၏။

ထို့နောက် ဂျင်းနှင့်လူကျော်သည် ကြိုတင်စီစဉ်ရောက်စွများ အမြန်ဆုံးစီစဉ်ရန်အတွက် ထိုခြံကြီးနံဘေးမှ ထွက်ခွာခဲ့ကြလေတော့သည်။

•••••••••••••••••••••••••••••••••••

(၁၀)

ညနေစောင်းသို့ရောက်သောအခါ ဦးကျော်ခေါင်၏ ခြံရှေ့သို့ မြင်းလှည်းတစ်စီး ထိုးရပ်လေ၏။

ထိုအချိန်မှာ ခြံထဲရှိ ဦးကျော်ခေါင်၏ တပည့်များက လွန်စွာမှ မာရေကျောရေနိုင်လှစွာ အလွယ်တကူ ဝင်ခွင့်မပေးဘဲ မည်သည့်ကိစ္စရှိ ကြောင်း မေးမြန်းလေ၏။

ထိုအခါ မြင်းလှည်းသမားလုလင်သည် ဦးကျော်ခေါင်၏တပည့် များအား ခေတ္တစောင့်ဆိုင်းရန်ပြောပြီး မြင်းလှည်းပေါ်မှ အင်မတန်မှ ချောမောလှပသော အမျိုးသမီးငယ်အား အောက်သို့ဆင်းခိုင်းလိုက်လေ ၏။

ထိုအမျိုးသမီးငယ် မြင်းလှည်းအောက်သို့ ဆင်းလိုက်သောအခါ ဦးကျော်ခေါင်၏ တပည့်များသည် အမျိုးသမီးငယ်အားကြည့်၍ တောင်း ပန်စကားဆိုကာ ဝင်ခွင့်ပြုလိုက်လေတော့၏။

ထိုအခါ မြင်းလှည်းသမား လုလင်သည် မြံအပြင် မြင်းလှည်းပေါ်မှာပင် ကျန်နေခဲ့ပြီး အမျိုးသမီးငယ်ကတော့မူ ဦးကျော်ခေါင်၏ တပည့်များနှင့် အိမ်ကြီးရှိရာသို့ လိုက်ပါသွားလေ၏။

သို့ဖြင့် အိမ်ကြီးသို့မရောက်ခင် လမ်းတစ်ဝက်၌ အမျိုးသမီးငယ်သည် တစ်စုံတစ်ရာကို သတိရသွားဟန်မျိုးဖြင့် ...

"ဩော် ... မေ့နေလိုက်တာ၊ ဒီမှာရှင်တို့အတွက် ဂျာမနီအကောင်းစား၊ အရက်တွေပါလာတယ်၊ ကျွန်မမိတ်ဆွေတစ်ဦးဆီက တကူးတက လှမ်းမှာလိုက်တာ၊ ကျွန်မအတွက် အသုံးမဝင်ပါဘူး ရှင်တို့အတွက် လက်ဆောင်ပေးချင်လို့"

ဟုလက်ထဲမှဆွဲထားသော အထုပ်တစ်ထုပ်ကိုပြပြီး ပြောလိုက်သဖြင့် ဦးကျော်ခေါင်၏ တပည့်များသည် လွန်စွာမှအရက်ကြိုက်တတ်သူများဖြစ်သဖြင့် ဝမ်းသာသွားကြသည်။

အမျိုးသမီးငယ်လက်ထဲမှအရက်ပုလင်းထည့်ထားသောအထုပ်ကို အငမ်းမရလှမ်းယူကြပြီး သူ့ထက်ငါအပြိုင်ကျေးဇူးတင်စကားဆိုကြလေသည်။

"ကျေးဇူးကြီးမားပါတယ် အစ်မလေး။ ကျွန်တော်တို့အပေါ်နားလည်တတ်တဲ့ အစ်မလေးအတွက် ကျွန်တော်တို့ ကျေးဇူးပြန်ပြုပါ့မယ်"

"ဟုတ်တယ်ဗျ၊ ကျုပ်တို့က ပါးစပ်ပြောမဟုတ်ဘူး၊ အစ်မလေးကို တကယ်ကျေးဇူးတင်တာပါ၊ ဂျာမနီအရက်ဆိုတာ ကျုပ်တို့အတွက် နတ်စည်းစိမ်တမျှလိုပဲ၊ ဒါကြောင့် အစ်မလေးကို ကျေးဇူးပြန်ပြုချင်တာ"

"အဟင့် ... ဟင့် ... မလိုပါဘူးရှင်၊ လိုအပ်တဲ့အခါကျတော့ ကျွန်မပြောပါ့မယ်၊ ကဲ ... ကျွန်မတို့ အိမ်ထဲအမြန်သွားကြစို့၊ ကျွန်မကို ဦးကျော်ခေါင် မျှော်နေရောပေါ့"

ဟုပြောပြီး အိမ်ကြီးရှိရာသို့ ဆက်လျှောက်လိုက်ကြ၏။ ထိုသို့ လျှောက်ရင်းမှ ...

"ဪ ... တစ်ခုမေ့နေလို့၊ အဲဒီအထုပ်ထဲမှာ အရက်နဲ့ တွဲဖက် စားသုံးဖို့ ဘဲကင်တစ်ကောင်ပါ ပါသေးတယ်"

ဟုသတိရပြီး အမျိုးသမီးငယ်က ပြောလိုက်သဖြင့် နဂိုကတည်းက အစားအသောက် လွန်စွာမှနှံမင်လှသော ဦးကျော်ခေါင်၏ တပည့်များ မှာပို၍ ဝမ်းသာသွားကြတော့၏။

"ကျေး ... ကျေးဇူးကြီးမားလှပါတယ် အစ်မလေး"

ဟု အားလုံးဝမ်းပန်းတသာ ဆိုလိုက်ကြသည်။

ထို့နောက် အမျိုးသမီးငယ်သည် ဦးကျော်ခေါင်အား ခေတ္တမျှ ဝင်တွေ့ပြီး လက်ဆောင်ပစ္စည်းတစ်ခုပေးကာ ခြံရှေ့မြင်းလှည်း ရှိရာသို့ ပြန်လာ၏။

ပြီးနောက် မြင်းလှည်းကို မောင်းနှင်၍ လာလမ်းအတိုင်းထွက်ခွာခဲ့ကြလေတော့သည်။

ထိုမြင်းလှည်းသမားလုလင်မှာကျောက်ဒိုးဖြစ်ပြီး၊ အမျိုးသမီးငယ်မှာမစိမ်းထိုက်ဖြစ်၏။

ဧင်းတို့နှစ်ဦးသည် ဦးကျော်ခေါင်အိမ်ကြီးမှ မြင်းလှည်းဖြင့် အပြန်တွင် မြို့အပြင်တစ်နေရာ၌ လူမော်နှင့်လူကျော်တို့အား သွားရောက်တွေ့ဆုံကြမည်ကို အကယ်၍များ ဦးကျော်ခေါင် သိရှိခဲ့မည်ဆိုပါလျှင် ...။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## (၁၁)

ည ၁၀း၀၀ နာရီထိုးချိန်၌ လူမော်နှင့်လူကျော်သည် ကြိုတင် စီစဉ်ထားသည့်အတိုင်း ဦးကျော်ခေါင်၏ ခြံကြီးရှေ့သို့ ရောက်လာကြ၏။

မှောင်ရိပ်ခိုပြီး ခြံကြီးရှေ့သို့ တဖြည်းဖြည်း ရောက်လာပြီးနောက် ခြံကြီးအတွင်းထဲသို့အကဲခတ်ကြည့်ရှုလိုက်သည်

ညနေက မစိမ်းထိုက်နှင့် မြင်းလှည်းသမား ကျောက်ဒိုး၏ ကောင်းမှုကြောင့် ဦးကျော်ခေါင်တပည့်များ အိပ်ဆေးခပ်ထားသော ဂျာမနီအရက်နှင့် ဘဲကင်ကိုစားသောက်ပြီး တဒင်္ဂလောကကြီးနှင့် အဆက်ပြတ်နေကြလိမ့်မည်။

၎င်းတို့ထင်သည့်အတိုင်း ဦးကျော်ခေါင် တပည့်များအားလုံး ခြံကြီးထဲရှိ မြက်ခင်းပြင် စားပွဲဝိုင်းဘေးတွင် ဂျာမနီအရက်နှင့် ဘဲကင်၏ တန်ခိုးကြောင့် စိတ်ပျက်စရာကောင်းလောက်အောင် လဲပြိုနေကြလေ၏။

ထိုအခြေအနေကြောင့် ဇင်းနှင့်လူကျော်သည် လူယုတ်မာကျော်ခေါင်အား ဤညအလွယ်တကူ လက်စားချေခွင့်ရတော့မည်။

"ဒီကောင်တွေ အားလုံးတော့မှောက်နေပြီ ငါတို့အထဲဝင်ကြမယ်"

"ဟု ဇင်းက အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ရာလူကျော်ကခေါင်းညိတ်ပြသည်။

သို့ဖြင့် ဇင်းနှင့်လူကျော်သည်ခြံကြီးထဲသို့ဝင်ရောက်ရန် အုတ်တံတိုင်းကြီးအားတွယ်တက်လိုက်ကြ၏။

ထိုအချိန်တွင် ဇင်းတို့တက်ရောက်ရာ အုတ်တံတိုင်းကြီးပေါ်မှ ဝတ်ရုံနက်လူတစ်ယောက် လျင်မြန်စွာခုန်ချ၍ အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။

ဇင်းတို့ ထိုဝတ်ရုံနက် လူနောက်သို့ လိုက်ရန်ကြိုးစားချိန်မရလိုက်ဘဲ နောက်ကျသွား၏။ ထိုဝတ်ရုံနက်လူသည် ကိုယ်ခန္ဓာပေါ့ပါး လျင်မြန်လွန်းသဖြင့် အဆင့်မြင်သိုင်းသမားတစ်ဦး ဖြစ်နိုင်ချေရှိသည်။

သို့ရာတွင် ထိုဝတ်ရုံနက်လူသည် ဦးကျော်ခေါင်ခြံကြီးထဲမှ မည်သို့ကြောင့် ရောက်လာသနည်း။ မည်သူဖြစ်သနည်း။ ဇင်းတို့ကဲ့သို့ ဦးကျော်ခေါင်အား အလိုရှိသူဖြစ်နေမည်လား။

"ဒီလူ ငါတို့ကို ရန်မရှာဘဲ ရှောင်တိမ်းသွားတာ အံ့ဩစရာကောင်းတယ်"

ဟု လှကျော်က မှတ်ချက်ပြုလေရာ ၎င်းကတွေးဆလိုက်ဟန်ဖြင့်...

"အင်း... သေချာတာကတော့ ဒီလူ ငါတို့အရင်လက်ဦးသွားပြီလားမသိဘူး"

ဟု ပြောလိုက်၏။ ထိုအခါ လှကျော်က မရျင့်မရဲဖြစ်သွားပြီး...

"တောက်... ဒီလူ့ယုတ်မာကို ငါတို့လက်နဲ့ကိုယ်တိုင်သတ်ရမှ ကျေနပ်မယ်"

ဟုကြုံးဝါးလိုက်၏။ ၎င်းက...

"ငါတို့အိမ်ထဲ အမြန်ဝင်ကြမယ်၊ သူ့တပည့်တွေ သတိရလာရင် လုပ်ငန်းကြံ့ကြာလိမ့်မယ်"

ဟု ၎င်းကပြောလိုက်၏။ ထို့နောက် ၎င်းနှင့်လှကျော်သည် ခြံကြီးထဲသို့ အသာဝင်ရောက်ကာ ဦးကျော်ခေါင် အိပ်ခန်းဘေးရှိ သစ်ပင်ကြီးပေါ်သို့ လျင်မြန်စွာ တက်လိုက်ကြ၏။

ထိုမှတဆင့် ၎င်းသည် အိပ်ခန်းပြတင်းတံခါးကို အသာဆွဲဖွင့်လိုက်သောအခါ အလွယ်တကူပင် ပွင့်သွား၏။ ပြတင်းတံခါး မပိတ်ဘဲ ထားခဲ့ရသည်။

"သတိရှိပါစေနော်"

ဟု လူကျော်က လှမ်းသတိပေးလိုက်၏။

သို့ဖြင့် ဝင်းနှင့်လူကျော်သည် အိပ်ခန်းပြတင်းတံခါးမှ တဆင့် အတွင်းထဲသို့ အလွယ်တကူ ဝင်ရောက်လိုက်ကြ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ အခန်းအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သောအခါ ကုတင်ပေါ်တွင် ဦးကျော်ခေါင်ရှိမနေပါ။ အခန်းက အတော်လေးကျယ်ဝန်းလှသဖြင့် ဦးကျော်ခေါင်ကို အလွယ်တကူ ရှာမရနိုင်ဖြစ်နေ၏။

ထို့ကြောင့် ဝင်းသည် အခန်းမီးခလုတ်ရှိနိုင်သည့် နေရာကို မှန်းဆ၍ရှာဖွေကြည့်လိုက်၏။

ကံကောင်းလှစွာ အိပ်ခန်းအဝင်အထွက်ပေါက်ဘေးရှိ မီးခလုတ် တစ်ခုကို လက်နှင့်စမ်းမိလိုက်သဖြင့် ဖွင့်လိုက်လေ၏။

တစ်ခန်းလုံး မီးလင်းထိန်သွားပြီး အခန်းဝရှိရာသို့ စားပွဲဝိုင်းချ၍ မျက်နှာမူပြီးထိုင်နေသော ဦးကျော်ခေါင်ကို သွားခနဲတွေ့လိုက်ရလေသည်။

"ခင်ဗျား ထွက်ပြေးဖို့ မကြိုးစားပါနဲ့ ဦးကျော်ခေါင်၊ ကျုပ်တို့လက် က ပြေးမလွတ်ပါဘူး"

ဟု ပူကျော်က ပြောလိုက်ပြီး အသင့်ပါလာသော ကြိုးခွေကို အကျီအိတ်ထဲမှ ထုတ်လိုက်သည်။

ထို့အတူ ငှင်းသည်လည်း ခါးကြားတွင်အသင့်ပါလာသော ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်၏။

"ဒီမှာ ဦးကျော်ခေါင်၊ ကျုပ်တို့မျက်နှာတွေက အမှတ်တွေကို သေသေချာချာ ကြည့်စမ်းပါဗျ၊ ကျုပ်တို့ဘယ်သူတွေလည်းဆိုတာ ခင်ဗျားကြီး မမှတ်မိဘူးလား"

ဦးကျော်ခေါင်ကား ကုလားထိုင်ပေါ်ထိုင်လျက် မည်သို့မျှ ဓတုန့် ပြန်၊ ငှင်းတို့အား မျက်တောင်မခတ်တမ်း စိုက်ကြည့်နေလေ၏။

ထိုအခါ ငှင်းက စိတ်မရှည်စွာ ဖြစ်သွားပြီး...

"ခုမှ ခင်ဗျားကြီး အိပ်ချင်ယောင်ဆောင်မနေနဲ့၊ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကျော်က ကျုပ်တို့ဆရာတိမ်ညိုကိုသတ်ပြီး ရုပ်ပြောင်း ရုပ်လွှဲနဲ့ ကျုပ်တို့ဆရာနေရာဝင်ပြီး မကောင်းတာတွေ လုပ်ခဲ့တယ်၊ ပြီးတော့ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကိုလည်း ရက်ရက်စက်စက် သတ်ခဲ့တယ်၊ ခင်ဗျားဘာပြောင်းဦးမလဲ"

ဟု မေးမြန်းလိုက်လေရာ ဦးကျော်ခေါင်သည် တုတ်တုတ်မျှ မလှုပ်၊ မူလအတိုင်းရှိနေဆဲ။ ထို့ကြောင့်လှမော်က စိတ်မထိန်းနိုင်တော့ ဘဲ...

"ကြာပါတယ်ကွာ၊ တစ်ခါတည်းသာ သတ်ပစ်လိုက်"

ဟုပြောပြီး ဦးကျော်ခေါင်၏ အကျီရင်ဘတ်အား ဆောင့်ဆွဲမလိုက်တော့၏။

"ဟာ"

"ဟင်"

ရှေ့ဘက်သို့ ထိုးကျလာသော ဦးကျော်ခေါင်၏ ခန္ဓာကိုယ်ကြီးအားကြည့်ရင်း တအံ့သြဖြစ်သွားကြသည်။

ဦးကျော်ခေါင်၏ ခန္ဓာကိုယ် စားပွဲပေါ်သို့ ကွေးညွတ်ကျပြီး စားပွဲနှင့်မျက်နှာ အပ်သွားချိန်တွင် ကျောတည့်တည့်၌ ဓားတန်းလန်းကြီးစိုက်ဝင်နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရတော့၏။

"တို့ထင်တဲ့အတိုင်းလက်ဦးသွားပြီ"

ဟု ၎င်းက မကျေမနပ် ရေရွတ်ရင်း ဘေးဘီသို့ကြည့်လိုက်မိသည်။

"ခုနဖြံ့အပြင်မှာ တွေ့လိုက်တဲ့ ဝတ်ရုံနက်နဲ့လူရဲ့လက်ချက်ပဲဖြစ်မယ်၊ တောက် ...ငါတို့လက်နဲ့ ဒီလူယုတ်မာကို မသတ်လိုက်ရတာနာတယ်ကွ"

ဟု လူကျော်ကလည်း မကျေမချမ်း ရေရွတ်လေတော့သည်။

၎င်းနှင့် လူကျော်သည် မည်သည့်အချိန်ကတည်းက ဓားတန်းလန်းနှင့်သေနေမှန်းမသိရသော လူယုတ်မာကျော်ခေါင်၏ရုပ်အလောင်းအားကြည့်ရင်းမကျေမနပ်ဖြစ်ကာ စိတ်ပျက်သွားကြတော့သည်။ ၎င်းက

"ငါတို့အရင် လက်ဦးမှုရသွားပြီဆိုတော့ ပြန်ရုံပဲရှိတယ်"

ဟုပြောပြီး နေရာမှလှည့်ပြန်ရန် ဟန်ပြင်လိုက်ကြသည်။

"မောင်ရင်တို့ လုံးဝမလှုပ်ပါနဲ့၊ ခုခံဖို့လည်းမကြိုးစားပါနဲ့၊ အေးအေးဆေးဆေး အဖမ်းခံပါ"

ဟုအနောက်ကပြောလာသောအသံကြောင့်ပြိုင်တူလှည့်ကြည့်လိုက်သည့်အခါ ပုလိပ်အဖွဲ့က ၎င်းတို့အား အလစ်အငိုက် ဝင်ဖမ်းဆီးလိုက်ကြောင်း သိရလေ၏။

၎င်းနှင့်လူကျော် အံ့ဩမယုံကြည်နိုင်စွာဖြင့် ရှိနေဆဲမှာ ပုလိပ်သားများ အလုံးအရင်းနှင့်ဝိုင်း၍ ၎င်းနှင့်လူကျော်အားဖမ်းဆီး လက်ထိပ်ခတ်လိုက်လေပြီ။

"ဦးကျော်ခေါင်ကို ကျုပ်တို့မသတ်ဘူး"

ဟု ၎င်းက ငြင်းဆိုလေရာ ပုလိပ်ခေါင်းဆောင် လူဆိုးထိန်းဖြစ်သူက…

"ခုမှငြင်းမနေပါနဲ့၊ ငြင်းလည်းအပိုပဲ၊ ဦးကျော်ခေါင်ကို မောင်မင်းတို့ မသတ်ရင် ဘယ်သူသတ်မလဲ၊ လက်ပူးလက်ကြပ်မိတာတောင် ငြင်းချင်သေးရင် ရယ်စရာကောင်းလိမ့်မယ်၊ ကဲ … တရားခံနှစ်ဦးကို ဂါတ်ကို တစ်ခါတည်း ဖမ်းခေါ်ခဲ့ကြ"

ဟု ပုလိပ်ခေါင်းဆောင်၏ အမိန့်သံဆုံးသည်နှင့် ပုလိပ်သားများက ၎င်းနှင့်လူကျော်အား လက်ထိပ်တန်းလန်းနှင့် ဖမ်းဆီးခေါ်ဆောင်လိုက်ကြတော့သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၁၂)

ဂျင်းနှင့်လူကျော်တို့ မြို့ဂါတ်ရှိ အချုပ်ခန်းတွင် နှစ်ရက်မျှ ချုပ်နှောင် ဖမ်းဆီးထားပြီး ထိုနေ့မနက်ပိုင်းတွင် ပုလိပ်သားတစ်ဦးမှ လာရောက်၍ဂျင်းနှင့်လူကျော်အားအချုပ်ခန်းထဲမှပြန်လွှတ်ပေးခဲ့သည်။

ဂျင်းနှင့်လူကျော် အံ့ဩနားမလည်နိုင်ဘဲ ရှိနေချိန်မှာ ဂျင်းတို့ကို ကိုယ်တိုင်ဖမ်းဆီး ခေါ်ဆောင်ခဲ့သော လူဆိုးထိန်းကပင် ရှင်းပြခဲ့သည်။

"မောင်ဂျင်တို့ကိုအပြစ်မရှိကြောင်းလူတစ်ယောက်ကအာမခံ နဲ့ ခေါ်ထုတ်လို့ ပြန်လွှတ်ပေးလိုက်တာ၊ အဲဒီလူ ရုံးရှေ့မှာ မောင်ဂျင်တို့ကို စောင့်နေတယ်"

ဟုရှင်းပြလိုက်သဖြင့် လူမော်နှင့်လူကျော် ထိုလူတို့ စိတ်ဝင်စား သွားကြသည်။

ထို့ကြောင့် ရုံးရှေ့သို့ အမြန်လျှောက်ခဲ့၏။ ရုံးရှေ့သို့ ရောက်သော အခါ လူလတ်ပိုင်းအရွယ်ရှိ ဥပမိရုပ်သန့်သန့်၊ အရပ်အမောင်းထောင် ကောင်းကောင်းနှင့် လိုက်ဖက်စွာ အနက်ရောင်ဘောင်းဘီ၊ သတ္တုလပ် အကျီဝတ်ဆင်ကာ လည်ပင်း၌ မာဖလာစပတ်၍ ဦးထုပ်ခပ်ငိုက်ငိုက် စောင်းထားသော လူတစ်ယောက်ကို တွေ့ရလေ၏။

ထိုလူရှေ့သို့ ငှင်းနှင့်လူကျော် မျက်နှာချင်းဆိုင် ရောက်သွားသော အခါ ထိုလူသည် တစ်ချက်ပြုံးပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာ ရှိုက်လိုက်သည်။ ပြီးမှ...

"ငါ့ညီတို့နှစ်ယောက် အချုပ်ထဲမှာ နှစ်ည ဒုက္ခခံလိုက်ရတဲ့ အတွက် စိတ်မကောင်းပါဘူး"

ဟု အသံသြဇာ အပြည့်ရှိစွာဆိုလာလေ၏။ ထိုအခါ ငှင်းနှင့် လူကျော်သည် ထိုလူအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော်လည်း ငှင်း တို့အား အချုပ်ထဲမှ အာမခံနှင့် ထုတ်ပေးသူဖြစ်ကြောင်း လူဆိုးထိန်းမှ ကြိုပြောထား၍ သိလိုက်လေသည်။

"ကျွန်တော်တို့နှစ်ယောက်ကို အချုပ်ခန်းထဲက အာမခံလုပ်ပြီး ထုတ်ပေးကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု ငှင်းကလှိုက်လှိုက်လှဲလှဲပြောလိုက်လေရာ ထိုလူက တစ်ချက် ပြုံးလိုက်ပြီး...

"အစ်ကိုကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ငါ့ညီတို့နှစ်ယောက်မှာ အပြစ်မှမရှိပဲ"

ဟု ပြောလာသဖြင့် ငှင်းနှင့်လူကျော် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့ဩသွားကြ၏။

"ကျွန်တော်တို့မှာ အပြစ်မရှိကြောင်း အစ်ကိုဘယ်လိုသိလဲ"

ဟု ငှင်းက မေးလာရာ ထိုလူက အသံထွက်ရယ်မောရင်း

"တကယ်တော့ ဒီကိစ္စကိုသိတာ မဆန်းလှပါဘူး၊ အစ်ကို့နာမည်က စုံထောက်မောင်လူကလေးပါ"

ဟု ဖြေလေရာ ငှင်းတို့နှစ်ယောက်လုံး ဝမ်းပမ်းတဝမ်းသာဖြစ်သွားပြီး...

"ဗျာ ...အစ်ကိုက စုံထောက်မောင်လူကလေးဟုတ်လား"

ဟု လူကျော်က အံ့ဩတကြီးရေရွတ်လေ၏။ ငှင်းကလည်း...

"ဒါ . . ဒါဆို . . . အစ်ကိုဟာ အမှန်တရားဘက်တော်သားအဖြစ် မြန်မာပြည်တစ်ဝှမ်း ထင်ရှားကျော်ကြားတဲ့ စုံထောက်မောင်လူကလေးပေါ့"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ စုံထောက်မောင်လူကလေးက ခေါင်းညိတ်လိုက်ရင်း...

"ဟုတ်ပါတယ်၊ အစ်ကိုက အင်းစိန်စီအိုင်ဒီရုံးက စုံထောက်မောင်လူကလေးပါ၊ တစ်ချိန်က ဒီမြို့မှာစားပြကြီးတိမ်ညိုအဖြစ် ရုပ်ပြောင်းရုပ်လွှဲနဲ့ မကောင်းမှုတွေ ကျူးလွန်ခဲ့တဲ့ ဦးကျော်ခေါင်ကို စုံစမ်းဖော်ထုတ်ဖို့ ဒီမြို့ကိုအထူးတာဝန်နဲ့ ရောက်လာခဲ့တာ"

ဟု စကားကိုဖြတ်လိုက်ပြီး စီးကရက်ဖွာရှိုက်လိုက်၏။ ပြီးမှ ဆက်လက်ပြောလာသည်။

"ငါ့ညီတို့နှစ်ယောက်လည်း ဦးကျော်ခေါင်ကို လွှန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကသွေးကြွေးအတွက် ကလဲ့စားပြန်ချေဖို့ရောက်လာတဲ့ လှမော်နဲ့လှကျော်မဟုတ်လား"

ဟုမေးလာသဖြင့် ငှင်းနှင့်လှကျော်သည် တအံ့တဩဖြစ်ကာ စုံထောက်မောင်လူကလေးအား အထင်ကြီးလေးစားစွာ ကြည့်လိုက်ကြ၏။

"နာမည်ကျော်တဲ့အတိုင်း တကယ့်ကို လေးစားလောက်ပါတယ် ခင်ဗျား"

ဟုငှင်းက ချီးမွမ်းပြောလိုက်လေရာ စုံထောက်မောင်လူကလေး က...

"အစ်ကိုဟာ ညီလေးတို့ ချီးမွမ်းသလောက်လည်း မဟုတ်သေးပါဘူး။ အမှန်တရားကို ချစ်မြတ်နိုးသူ တစ်ယောက်ပါပဲ"

ဟုဆိုလာလေ၏။ ထိုအခါဒင်းက...

"ဘာပဲဖြစ်ဖြစ် အစ်ကိုဟာ ကျွန်တော်တို့ရဲ့ အမှန်တရားကို ဖော်ထုတ်ပေးတဲ့ ကျေးဇူးရှင်ဖြစ်သွားပါပြီ၊ ဘာကြောင့်ကျွန်တော်တို့ကို ဦးကျော်ခေါင် သတ်တဲ့တရားခံ မဟုတ်ဘူးလို့ပြောနိုင်တာလဲဟင် "

ဟုမေးမြန်းလိုက်လျှင် စုံထောက်မောင်လူကလေးက အောက်ပါအတိုင်း ရှင်းပြလာတော့၏။

"အင်း ... တကယ်တော့ ဒီအမှုဟာ ဦးကျော်ခေါင်ကို ဦးကျော်ခေါင်ပြန်သတ်လိုက်တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းကနေ ပြန်လွတ်လာတဲ့ ဦးကျော်ခေါင်က ဒီမြို့မှာတစ်ခြားစီးပွားရေးလုပ်ငန်းတွေနဲ့ ဦးလှငြိမ်း အမည်ခံပြီး ဇာတ်မြှုပ်နေထိုင်ခဲ့တယ်"

"တစ်ချိန်က သူခိုးပြတိုက်လို့ရခဲ့တဲ့ပစ္စည်းတွေကိုမြေပုံအတိုင်း ပြန်တူးဖော်ထုခွဲရောင်းချပြီး စီးပွားရေးလုပ်တယ်၊ တစ်ဖက်ကလည်း မှောင်ခိုလုပ်ငန်းလုပ်ကိုင်တယ်၊ ဦးလှငြိမ်းဘဝနဲ့လည်းလူသတ်မှုနှစ်ခုကို ဆက်တိုက်ကျူးလွန်ခဲ့တယ်၊ ဒါတွေက အသာထားတော့ ငါ့ညီတို့နဲ့ ဆက်စပ်တဲ့ကိစ္စပဲ ရှင်းအောင် ပြောပြမယ်"

ဟု စကားကို ခေတ္တဖြတ်လိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာရှိုက်လေ၏။ ပြီးမှဆက်လက်၍ ရှင်းပြလာသည်။

"ဒီမြို့ကို ငါ့ညီတို့နှစ်ယောက် ရောက်လာပြီး လက်စားပြန်ချေမယ့်ကိစ္စ ဦးကျော်ခေါင်ကိုယ်တိုင် သိရှိသွားတယ်၊ ဒါကြောင့် အလွန်ပါးနပ်တဲ့ ဦးကျော်ခေါင်ဟာ သူတို့လက်စားချေတော့မယ်ဆိုတာကို ကြိုမြင်လိုက်တဲ့အတွက် ငါ့ညီတို့ကိုကိစ္စပြတ်ထောင်ချောက်ပြန် ဆင်ခဲ့တာ၊ ဦးကျော်ခေါင်ဆိုတဲ့ ဘဝကိုလည်း အစဖျောက်ပစ်လိုက်တာ"

"အရှင်းဆုံးပြောရရင် အဲဒီညက ဦးကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲ သူ့ရဲ့ပညာနဲ့ သူ့တပည့်တစ်ဦးကို ဦးကျော်ခေါင်ကိုယ်ပွားတစ်ယောက် အတုပြုလုပ်လိုက်တယ်"

"ငါ့ညီတို့ လက်စားချေဖို့ ရောက်လာတဲ့အချိန်ထက် ဆယ့်ငါးမိနစ်ခန့်စောပြီး ဒီအစီအစဉ်ကို ဟန်မပျက်ပြုလုပ်လိုက်တာ၊ သူ့နောက်ကို အစ်ကိုတို့ စုံထောက်အဖွဲ့လိုက်နေတယ်ဆိုတာလည်းသိတဲ့အတွက် အဲဒီညမှာ ငါ့ညီတို့ရောက်ပြီး အစ်ကိုတို့စုံထောက်အဖွဲ့အရောက်ကို ချိန်သားကိုက်ပြီး ထောင်ချောက်ဆင်ခဲ့တာပဲ"

"ငါ့ညီတို့ ခြံရှေ့မရောက်ခင် ဆယ့်ငါးမိနစ်အလိုမှာ သူ့မျက်နှာနဲ့ တစ်ထေရာတည်း ရုပ်ပြောင်းရုပ်လွှဲ ဖန်တီးထားတဲ့ သူ့တပည့်ကို သူကိုယ်တိုင် နောက်ကျောကနေ ဓားနဲ့ထိုးသတ်ပြီး အခန်းဝဘက်ကို မျက်နှာမူတဲ့ စားပွဲမှာ ဟန်မပျက်ထိုင်နေတဲ့ပုံစံပြုလုပ်ပြီး သူက ထွက်ပြေးတိမ်းရှောင်သွားတယ်"

ဟု ရှင်းပြလာသဖြင့် ၎င်းနှင့်လူကျော် ဦးကျော်ခေါင်မြဲကြီးထဲဝင်ရန် ကြိုးစားနေချိန်က ဝတ်ရုံနက်လူတစ်ယောက် ထွက်ပြေးတိမ်းရှောင်သွားသော အကြောင်းအား ရရှိလိုက်တော့၏။

ထိုဝတ်ရုံနက်လူဟာဦးကျော်ခေါင်ဆိုတာ သေချာပြီ။ အတော့်ကို ပရိယာယ်ကျွမ်းကျင်ပြီး ကြောက်စရာကောင်းသော လူစားဟုလည်း တွေးလိုက်မိတော့သည်။

"ပထမ စီစဉ်ထားတဲ့အတိုင်းဆိုရင် ဦးကျော်ခေါင်ဟာ ပြေးမလွတ်ဘူး၊ အဲဒီမှာ သူက ဆယ့်ငါးမိနစ် ကြိုမြင်သွားတဲ့အတွက် အလွယ်တကူ လွတ်မြောက်သွားတာ"

"ဦးကျော်ခေါင်အစစ်ဟာ ငါ့ညီတို့ကို လူသတ်တရားခံအဖြစ် ထောင်ချောက်ဆင်ထားခဲ့ရုံတင်မကဘူး၊ အစ်ကိုတို့ စုံထောက်အဖွဲ့ကိုပါ မျက်စေ့လှည့်ထားနိုင်ခဲ့တာ"

"ဒါပေမယ့် သူ့ရဲ့ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ပရိယာယ်ဘယ်လောက်ပဲကျွမ်းကျွမ်း သူ့ဘက်ကဟာကွက်တစ်ခုရှိခဲ့တယ်၊ အဲဒီဟာကွက်ကြောင့် ငါ့ညီတို့ကို လူသတ်တရားခံအဖြစ်က ဆွဲထုတ်နိုင်ခဲ့သလို၊ ဦးကျော်ခေါင် ဖန်တီးပြုလုပ်ထားခဲ့တဲ့ အကြံအစည်အားလုံးကိုလည်း သဲလွန်စဖော်ထုတ်နိုင်ခဲ့တာ"

"သူ့ဘက်က ဟာကွက်တစ်ကွက်က ဦးကျော်ခေါင်အစစ်ရဲ့ လက်ယာဘက် လက်ကောက်ဝတ်အောက် အဆစ်တည့်တည့်မှာ ဘဲဥပိုင်းပုံသဏ္ဍာန် အမှတ်အနီကြီးတစ်ခုရှိတယ်၊ အခုနောက်ကျောက ဓားတန်းလန်းနဲ့ သေဆုံးသွားတဲ့ ဦးကျော်ခေါင်မှာ ဘာအမှတ်မှမရှိဘူး"

"ဒါကြောင့် ရုပ်ပြောင်းရုပ်လွှဲ ဦးကျော်ခေါင်အတုဆိုတာ ပြောနိုင်ခဲ့တာ၊ ဒါကြောင့်လည်း ငါ့ညီတို့ဒီအမှုက ကွင်းလုံးကျွတ်လွတ်သွားတာ၊ ဒါပေမယ့် ဦးကျော်ခေါင်ကို အစ်ကိုကိုယ်တိုင် မကြာမီ ကာလ အတွင်းမှာ ဖမ်းဆီးနိုင်ပါလိမ့်မယ်"

ဟု ပြောဆိုရှင်းပြလာသောအခါ ငင်းနှင့်လူကျော်ဇာတ်ရည်လည် ရှင်းသွားသော်လည်း လူယုတ်မာကျော်ခေါင် လွတ်မြောက်ပြီး အသက်ရှင်ရှိနေသေးသည့်အတွက် ပို၍ ပို၍ လက်စားချေချင်စိတ်များက ကြီးထွားလာလေတော့၏။

"ဒီလောက်လည်းမစံပြင်းကြပါနဲ့၊ ငါ့ညီတို့ရာ၊ ငါ့ညီတို့ရဲ့လက်စားမှုကို အစ်ကို ကိုယ်ချင်းစာပါတယ်၊ ဒါပေမယ့် မကောင်းမှု ပြုလုပ်ထားသူတစ်ယောက်အတွက် ပြေးစရာမြေဆိုတာ ကျဉ်းပါတယ်၊ အကောင်းဆုံးက တရားနည်းလမ်းကျကျ ဥပဒေဘောင်အတွင်းက လက်စားချေခြင်းမျိုးပဲ ဖြစ်စေချင်တယ်"

ဟု စုံထောက်မောင်လူကလေးက ဖျောင်းဖျနစ်သိမ့် စကားဆိုလေ၏။

"အစ်ကို တစ်ခုတောင်းဆိုချင်တာက ဦးကျော်ခေါင်ကိုအမြန်ဆုံး ဖမ်းဆီးဖို့ အစ်ကိုနဲ့လက်တွဲမယ်ဆိုရင် အချိန်မရွေး ကြိုဆိုပါတယ်"

ဟုဆိုလိုက်လေရာ ၎င်းက...

"ကျေးဇူးတင်ပါတယ် အစ်ကို၊ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အစ်ကိုနဲ့ ကျွန်တော်တို့ ပြန်ဆုံဖို့ရေစက်ရှိရင် ပြန်ဆုံကြဦးမှာပါ"

ဟုဆိုလိုက်သဖြင့် စုံထောက်မောင်လူကလေး သက်ပြင်းချလိုက်လေသည်။

ထို့နောက် လူကျော်ကဝင်၍...

"ဒါနဲ့ ... အစ်ကို့ကို တစ်ခုမေးပါရစေ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့အကြောင်းကို အစ်ကိုဘယ်လိုသိခဲ့တာလည်း"

ဟုမေးမြန်းလေရာ စုံထောက်မောင်လူကလေးက ...

"အင်း...မြင်းလှည်းသမား မောင်ကျောက်ဖိုးနဲ့ အစ်ကိုဆုံခဲ့ တယ်၊ ငါ့ညီတို့အကြောင်းတွေ သူ့ဆီက တစ်ချို့တစ်ဝက် သိခဲ့တယ်၊ ပြီးတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က မားပြကြီးတိမ်ညိုအတု ဦးကျော်ခေါင်ရဲ့ အမှုတွဲကို ပြန်ရှာပြီးသိခဲ့ရတယ် ဆိုပါတော့ကွာ"

ဟုရှင်းပြလိုက်လျှင် ၎င်းက...

"ဒါကြောင့်လည်း စုံထောက်မောင်လူကလေးဆိုပြီး နာမည်ကြီး တာကိုး"

ဟု ရိုးမွမ်းပြောဆိုလိုက်၏။ ထို့နောက် ဝင်းကဆက်လက်၍

"အစ်ကို့ရဲ့ကျေးဇူးကို ကျွန်တော်တို့ တစ်သက်မမေ့ပါဘူး။ တစ်ချိန်ချိန်မှာပြန်ဆပ်ခွင့်ကြုံချင်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်ကိုလည်း သွားခွင့်ပြုပါတော့"

ဟုပြောဆိုနှုတ်ဆက်လေရာ ထိုအခါ စုံထောက်မောင်လူကလေးက...

"ကောင်းပါပြီ၊ ဒါပေမယ့်... ငါ့ညီတို့အလိုရှိတဲ့ ဦးကျော်ခေါင် ဟာ ဒီမြို့မှာမရှိတော့ဘူး"

ဟု ဝင်းတို့၏ အတွင်းစိတ်ကို ထိုးဖောက်သိရှိသလိုနှယ် သတိပေးပြောလိုက်လေ၏။

ထို့နောက် ဝင်းနှင့်လူကျော်သည် စုံထောက်မောင်လူကလေးအားကျောခိုင်း၍ ထွက်ခွာခဲ့လေတော့သည်။ သို့ဖြင့် ဝင်းတို့ ရှေ့ဆက်ရမည့် ခရီးကား နေးလည်းနေးနိုင်သည်၊ မြန်လည်း မြန်နိုင်သည်။

ကမ္ဘာမြေပြင်၏ တစ်နေရာ၌ လူယုတ်မာ ဦးကျော်ခေါင်နှင့် ဆုံစည်းရလိမ့်မည်ဟူသော ယုံကြည်ချက် စိတ်ဓာတ်ဖြင့် မနက်ဖြန်ပေါင်း ခရီးကို ဖြတ်သန်းနေရဦးမည် ဖြစ်လေတော့သတည်း။ ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(ဒုတိယပိုင်း)

(၁)

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် စုံထောက်မောင်လူကလေး အား နှုတ်ဆက်၍ မြို့ဂိတ်မှ ထွက်ခွာလာပြီးနောက် မြို့အပြင် တရုတ်ဘိန်း စားကြီးရှိရာ သချိုင်းကုန်းသို့ ပြန်ခဲ့ကြ၏။

ပြန်ရောက်လာကြသော လူမော်နှင့် လူကျော်ကိုကြည့်၍ တရုတ် ဘိန်းစားကြီးက ...

"ဘယ်လိုလဲ မောင်ရင်တို့၊ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် ဖြစ်လာကြပြီ မဟုတ်လား"

ဟု ဆီးကြိုမေးလိုက်၏။

ထိုအခါ လူမော်နှင့် လူကျော်သည် အံ့သြကာ မျက်လုံးပြူးသွား ကြ၏။ လူမော်က တအံ့တသြပုံစံဖြင့် ...

"ကျွန်တော်တို့ မအောင်မြင်တာ သုဘရာဇာကြီးက သိနေပြန်ပြီလား"

"ဒီမှာ . . . ဒါက ဘာမှမခက်ဘူးကွ၊ မောင်ရင်တို့ရဲ့အမူအရာမျက်နှာနဲ့ ခြေလှမ်းတွေကို ကြည့်လိုက်ကတည်းက အမှန်တရားနဲ့ မနီးစပ်ခဲ့ဘူးဆိုတာ သိတယ်ကွ"

ဟုဖြေကြားလေတော့၏။

ထိုအခါ လူမော်နှင့် လူကျော်မှာ စိတ်မသက်သာသော အမူအရာဖြင့် ခေါင်းငိုက်စိုက်ချကာ နှုတ်ဆိတ်ဝန်ခံလိုက်ကြသည်။

"ဒါပေမယ့် ဘာမှမပူပါနဲ့ ၊ အမှန်တရားဆိုတာ မနက်ဖြန်တွေရှိနေသရွေ့ ပျောက်ဆုံးမသွားနိုင်ပါဘူး။ အဓိက က စိတ်ဓာတ် ကြံ့ခိုင်ဖို့ပဲလိုတယ်ကွ...ကဲ...အမောပြေ ခုနကငါတည်ထားတဲ့ ရေနွေးကြမ်းလေး သောက်လိုက်ကြဦး၊ ပြီးတော့ ဟောဒီက ခရီးထုပ်ကိုလည်း ဒါနမြောက်သွားအောင် စားလိုက်ကြဦး"

ဟု ပြောဆိုလေရာ လူမော်နှင့် လူကျော်မှာ အံ့ဩထူးဆန်းဖွယ်ကောင်းသော တရုတ်ဘိန်းစားကြီးအဖြစ် သိထားကြသော်လည်း ယခုချကျွေးလာသည့် ထမင်းထုပ်ကို ခရီးထုပ်ဟုပြောဆိုသဖြင့် နားမလည်နိုင်စွာအံ့ဩသွားကြပြန်သည်။

ဤသည်ကို တရုတ်ဘိန်းစားကြီးက ရိပ်မိသွားကာ...

"မောင်ရင်တို့က မထူးဆန်းတာကို ထူးဆန်းတာအဖြစ်မြင်ပြီး အံ့သြနေကြပြန်ပြီ၊ ဘာမှမထူးဆန်းနဲ့၊ ခရီးထုပ်ဆိုတာ ထမင်းထုပ်ပါပဲ၊ ဒါပေမယ့် ခရီးထုပ်ပဲကွ ...မနက်က ဒီသင်္ချိုင်းကိုရောက်လာတဲ့ အသုဘ တစ်ခုရဲ့ရိက္ခာပေါ့ကွာ၊ သင်္ချိုင်းခဲ့စည်းကမ်းအရ အခေါ်အဝေါ်ကတော့ ထမင်းစာထုပ်ပေါ့၊ တမလွန်ခရီးအတွက် ကျန်တဲ့မိသားစုကထည့်ပေး လိုက်တဲ့ ထမင်းထုပ်ဖြစ်လို့ ခရီးထုပ်လို့တင်စားခေါ်လိုက်တာကွ"

ဟု ရှင်းပြလာလေ၏။

ဒီတော့မှ လူမော်နှင့် လူကျော် နားလည်သဘောပေါက်သွားကြ တော့၏။

ထို့နောက် လူမော်နှင့် လူကျော်သည် တရုတ်ဘိုန်းစားကြီးချ ကျွေးသော ထမင်းထုပ်နှင့် ရေနွေးကြမ်းတို့ ဖိုက်ဆာဆာနှင့် စားသောက် လိုက်ကြသည်။

ထိုအခါ တရုတ်ဘိုန်းစားကြီးက လူမော်နှင့်လူကျော်တို့ သဘော ကျစွာကြည့်၍...

"ဒါမှ သူရဲကောင်းလို့ခေါ်တယ်ကွ၊ သူရဲကောင်းဆိုတာ ဇီဇာ မကြောင်ဘူး၊ အချိန်ရာသီမရွေးဘူး၊ အခြေအနေအတိုင်း စားသောက်နေ ထိုင်ကျင့်ကြံတတ်လေ့ရှိတယ်...

ဒီစိတ်ဓာတ်မျိုးရှိသူဟာ ဘယ်အလုပ်မဆို အောင်မြင်ဖို့နည်းလမ်းတွေဖို့ မခဲယဉ်းဘူးကွ၊ ကဲ . . . မောင်ရင်တို့ ရှေ့ဆက်ဘယ်လိုလျှောက်ဖို့ စိတ်ကူးထားကြလဲ ဆိုစမ်းပါဦး"

ဟု မေးမြန်းလေရာ လူမော်က သက်ပြင်းကို ရှည်လျားစွာချလိုက်ပြီး...

"ကျွန်တော်တို့ ဒီကနေ ထွက်ခွာဖို့ ဆုံးဖြတ်ပြီးပြီ"

ဟု ဖြေကြားလိုက်၏။

ထိုအခါ တရုတ်ဘိန်းစားကြီးက လက်ဖျစ်တီး၍...

"ဒါ အမှန်တရားပဲကွ၊ ယောကျ်ားဆိုတာ ဖြစ်လာတဲ့ကိစ္စအပေါ် ချက်ချင်းဆုံးဖြတ်နိုင်ရတယ်၊ လျှောက်လှမ်းဖို့ သတ္တိရှိရတယ်၊ ဒီပွဲမှာ လူယုတ်မာကျော်ခေါင်ကို အလွယ်တကူ လက်စားချေခွင့် မရနိုင်ဘူးဆိုတာသိပေမယ့် အတွေ့အကြုံသစ်တစ်ခုရအောင် လူကလေးတို့ကိုအသာလွှတ်ပေးလိုက်တာ...

ခုရလာတဲ့ အတွေ့အကြုံတစ်ခုက လူကလေးတို့ကို အများကြီးအထောက်အကူပြုသွားမယ်ဆိုတာ ယုံကြည်လိုက်ကြပေတော့"

ဟု ပြောဆို အားပေးလာလေ၏။

ထိုအခါ လူကျော်ကလည်း ခေါင်းညိတ်၍...

"ဟုတ်တယ် အဘိုး၊ ကျွန်တော်တို့ ဒီလူယုတ်မာကျော်ခေါင်ကို မြေလှန်ရှာပြီး လက်စားပြန်ချေရမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ကျွန်တော်တို့လက်အောက် ရောက်လာမှာပါ"

ဟုပြောဆိုလေရာ တရုတ်ဘိန်းစားကြီးက လွန်စွာမှသဘော ကျသွားသော အမူအရာဖြင့်...

"ဒါအမှန်ပဲကွ၊ မကောင်းမှုဆိုတာ ဖော့တုံးတစ်တုံးလိုပဲ ရေပေါ် ဘယ်လိုချချ ပေါ်မှာပဲ၊ ဒီလူယုတ်မာအတွက် မြေးဖို့မြေဆိုတာ ကျဉ်းသွား ပါပြီ"

ဟုပြောဆိုလိုက်၏။

ထို့နောက် လူမော်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ် လိုက်ပြီး...

"ကျွန်တော်တို့ မနက်ဖြန်ပဲ ဒီမြို့ကနေ ခွာမယ်အဘိုး၊ ဒီလူယုတ် မာကို မတွေ့တွေ့အောင်ရှာပြီး ငရဲပြည်ပို့ပစ်ရမယ်"

ဟု ကြွေးကြော် လိုက်လေတော့၏။ ထိုအခါ တရုတ်ဘိန်းစားကြီး က ခေါင်းညိတ်၍...

"မောင်ရင်တို့အတွက် ငါလည်းတတ်နိုင်သလောက် ကူညီပေး ပါ့မယ်"

ဟုပြောဆိုကာ ၎င်း၏အင်္ကျီအိတ်ထဲမှ ရွှေဒင်္ဂါးလေးပြားနှင့် နေနှင့်လပုံ စကြာတံဆိပ်ပိုင်းပြားလေးတစ်ခုကို ထုတ်ပေးလေ၏။

ထိုအခါ လူမော်နှင့်လူကျော်မှာ တရုတ်ဘိန်းစားကြီးထုတ်ပေးသော ရွှေဒင်္ဂါးလေးပြားနှင့် နေလပုံစကြာတံဆိပ် ပိုင်းပြားလေးကိုကြည့်ရင်း အံ့ဩသွားကြ၏။

တရုတ်ဘိန်းစားကြီးကပြုံးကြည့်၍...

"ဒီပစ္စည်းတွေက သန့်ရှင်းပါတယ်ကွ၊ ငါ့ရဲ့မိဘအမွေပစ္စည်း နောက်ဆုံးလက်ကျန်ပဲ ဆိုပါတော့၊ ငါ့အတွက်က ဒီသချိုင်းနဲ့မြေပုံတွေ ရှိရင် လုံလောက်ပြီ...

ခရီးသွားမယ့် မောင်ရင်တို့အတွက် လိုအပ်မှာသေချာတယ်၊ ပြီးတော့ အဲဒီနေလစကြာတံဆိပ်ပြားလေးကတော့ တစ်ချိန်ချိန်မှာ တစ်ခုခုအတွက် မောင်ရင်တို့ အသုံးတည့်ပါလိမ့်မယ်"

ဟု ပြောဆိုရှင်းပြ ပေးလေတော့၏။

ထို့နောက် လူမော်နှင့် လူကျော်သည် တရုတ်ဘိန်းစားကြီးပေးသော ရွှေဒင်္ဂါးလေးပြားနှင့် နေလစကြာတံဆိပ်ပိုင်းပြားလေးကို လက်ခံယူကာ နောက်နေ့ခရီးထွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၂)

ဤသို့ဖြင့် နောက်တစ်နေ့သို့ ရောက်သောအခါ လူမော်နှင့် လူကျော်သည် အိပ်ရာမှ စောစောထ၍ ခရီးထွက်ရန် တရုတ်ဘိန်းစားကြီးအား နှုတ်ဆက်လေ၏။

ထို့နောက် မြို့လည်ရှိ အဝေးပြေးကားဂိတ်သို့ထွက်ကာ ကားအလာကို စောင့်သည်။

တစ်နာရီခန့်မျှ ကြာသောအခါ လော်လီကားကြီးတစ်စီး ထိုးစိုက်လာပြီး ပဲခူးမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသဖြင့် ထိုလော်လီကားကြီးနှင့် လိုက်ပါခဲ့လေ၏။

ဤသို့ဖြင့် လူမော်နှင့်လူကျော် လိုက်ပါလာသောလော်လီကားကြီးမှာ မြို့ရွာများကို တစ်မြို့ပြီးတစ်မြို့ တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်လာပြီးနောက် ညနေစောင်းအချိန်တွင် မြို့ငယ်လေးတစ်မြို့ကို ဖြတ်ကျော်တော့မည်ဖြစ်ကြောင်း သိရလေ၏။

သို့သော် ထိုမြို့ငယ်လေးသို့မဝင်မီ လမ်းကွေ့တစ်နေရာ၌ ကားလမ်းပိတ်၍ ရပ်နေကြသော လူတစ်စုကြောင့် ကားကြီးမှာ တဖြည်းဖြည်းအရှိန်လျှော့သွားပြီး စပယ်ယာမှ ထိတ်လန့်တကြားအမူအရာဖြင့်..

"ကျုပ်တို့အားလုံး ဓားပြတိုက်ခံရပြီဗျို့ ရှေ့မှာဓားပြတွေ လမ်းပိတ်ရပ်နေကြတယ်"

ဟု အသိပေးပြောဆိုလိုက်သဖြင့် ခရီးသည်အားလုံး ခြောက်ခြားထိတ်လန့်ပြီး အော်ဟစ်ဆူညံသွားကြလေတော့၏။

"ဘုရား . . . ဘုရား . . . ဓားပြတွေဆိုပါလား၊ ဘယ်လိုလုပ်ကြမတုန်း"

"ကယ်ကြပါဦးရှင်၊ ကျွန်မတို့တော့ ဒုက္ခရောက်ပါပြီ"

"ခေတ်ကာလမကောင်းရတဲ့အထဲ တောမီးလောင်တောကြောင် လက်ခမောင်းခတ်ဆိုတာ ဒါမျိုးပဲ"

ဟု ခရီးသည်များအားလုံး အထိတ်တလန့် ရေရွတ်ကြလေ၏။

သို့ရာတွင် လူမော်နှင့် လူကျော်သည် ဓားပြဆိုသည့်အသံကို ယခင်ဘဝကတည်းက လွန်စွာမှ မုန်းတီးခဲ့သူများဖြစ်သဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကြသည်။

"ခရီးသည်အားလုံး ငြိမ်ငြိမ်နေပေးကြပါခင်ဗျား၊ ကျုပ်တို့အားလုံး ဓားပြတွေရဲ့ရှေ့မှောက်မှာ ကိုယ့်အသက်ထက် ဘယ်အရာမှ

တန်ဘိုးမရှိဘူး၊ ဒါကြောင့်ဓားပြတွေကိုပါသမျှပစ္စည်းတွေအသာတကြည်ပေး၍ ကလွဲပြီး ဘာမှမစဉ်းစားကြပါနဲ့"

ဟု ကားစပါယ်ယာက အော်ဟစ်သတိပေးသောအခါ ကားပေါ်ရှိ ခရီးသည်အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ စိုးရိမ်သွားကြသည်။

သို့ရာတွင် လူမော်နှင့် လူကျော်သည် ထိုကဲ့သို့ ကားစပါယ်ယာသတိပေးခြင်းကို လက်ခံမည်လားဟု တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် အဖြေရှာကြသည်။

ထိုအချိန်၌ တစ်စုံတစ်ရာ ထူးဆန်း၍ အမူအရာပျက်နေသောကားစပါယ်ယာကို သတိထားမိသဖြင့် လူမော်နှင့်လူကျော်မှာ အချက်ပြခေါင်းညိတ်လိုက်ကြ၏။

ဤသို့ဖြင့် လော်လီကားကြီး ရပ်သွားသောအခါ၌ ခုန ကြိုတင်စောင့်ဆိုင်းနေသော ဓားပြများကား ပတ်ချာလည် ဝိုင်းလိုက်ကြပြီး ဗလတောင့်တောင့် မုတ်ဆိတ်မွေးနှင့် ဓားပြကြီးတစ်ဦးမှ ...

"အားလုံး မသာမပေါ်ချင်ရင် အောက်ကိုဆင်းကြပါ၊ ပါသမျှပစ္စည်းတွေ အကုန်ထုတ်ကြ၊ ရှာတွေ့လို့က ငရဲပြည်ပို့ပစ်မယ်"

ဟု ခြိမ်းခြောက်အမိန့်ပေးလေ၏။

ထိုအခါ တားပေါ်ရှိ ခရီးသည်များအားလုံး အောက်သို့ဆင်း၍ ဆိုင်လိုက်ကြသည်။ ပြီးလျှင် ပါသမျှ လက်ဝတ်လက်စားများနှင့် ပစ္စည်း ငွေသားတို့ကို ဓားပြများရှေ့၌ ချခင်းထားသော အဝတ်ပေါ်သို့ စုပုံပေးကြ ရလေ၏။

ထိုအခါ ...ရုပ်ဆိုးဆိုးနှင့် ဓားပြတစ်ဦးမှာလည်း ငှက်ကြီးတောင် ဓားကြီးကို လက်မှကိုင်မြှောက်လျက် ...

"ပါသမျှပစ္စည်းတွေ အကုန်ထည့်ကြနော် ... အပ်တိုတစ်ချောင်း ကျန်တာတောင် မလိုချင်ဘူး"

ဟု ကြိမ်းဝါးပြန်လေ၏။

ထိုအခါ ခရီးသည်များအားလုံး ခါးဝတ်ခါးစားမှလွဲ၍ ပါသမျှ ပစ္စည်းအားလုံး သတ်မှတ်ထားသောနေရာ၌ စုပုံပေးကြတော့သည်။

ဓားပြများကား လေးယောက်တိတိ၊ ဗလတောင့်တောင့် မုတ်ဆိတ်မွေးကျင်စွယ်နှင့် ဓားပြကြီးထံ၌ သေနတ်တစ်လက်ပါရှိပြီး ကျန်ဓား ပြ သုံးယောက်တွင် ငှက်ကြီးတောင်ဓားများ ကိုင်ဆောင်ထားကြ ခြင်း ဖြစ်ပေသည်။

"ဟိုဘက်ကအဘွားကြီး၊ နားကနားကပ်ကို မချွတ်ဘဲ ဘာလုပ် နေတာလဲ၊ သေမင်းပြည် ရိက္ခာယူသွားချင်လို့လား"

ဟို သေနတ်ကိုင်ဓားပြကြီးက ခြိမ်းခြောက်လိုက်သဖြင့် ခရီးသည် အဘွားအိုမှာ အသံတုန်တုန်ယင်ယင်ဖြင့်...

"မ . . . မလုပ်ကြပါနဲ့ကွယ်၊ အဘွားရဲ့မြေးလေး ရှင်ပြုဖို့အတွက် မစားရက်၊ မသောက်ရက် စုဆောင်းထားတဲ့ ပစ္စည်းလေးဖြစ်လို့ပါ။ ဒါလေးတော့ ချမ်းသာပေးကြပါကွယ်"

ဟု တောင်းပန်လေရာ သေနတ်ကိုင်ဓားပြကြီးမှာ ဝို၍ မကျေမနပ် ဖြစ်သွားပြီး...

"ဘာပြောတယ်ဗျ၊ ကျုပ်တို့ အလှူခံနေတာ မဟုတ်ဘူး၊ ဓားပြ တိုက်နေတာဗျ၊ ချွတ်မလား၊ မချွတ်ဘူးလား...ဒါပဲပြော"

ဟု ကြိမ်းဝါးလိုက်သဖြင့် ခရီးသည်အဘွားအိုမှာ မတတ်သာ သည့်အဆုံး နားမှနားကပ်ကို ချွတ်ပေးလိုက်ရတော့သည်။

"ဒီလိုမှပေါ့ အဘွားကြီးရဲ့၊ ကျုပ်တို့ဓားပြတွေကို ပေးရတာ လှူတယ်လို့ပဲ သဘောထားလိုက် ...ဟား...ဟား...ဟား"

ဟုပြောဆို၍ သဘောကျသွားလေ၏။

ထိုအခြေအနေကိုလူမော်နှင့်လူကျော် ကြည့်ရင်း ခံပြင်းစိတ်များ နာကြည်းမှုများ တဖွားဖွားပေါ်ပေါက်လာပြီး အံကိုကြိတ်လိုက်ကြ၏။

သို့ဖြင့် ဓားပြတစ်ဦးသည် လူမော်နှင့်လူကျော်ကို သတိထားမိ သွားပြီး...

"ဟိုရှေ့ကာနစ်ကောင် … မင်းတို့ရဲ့အကျီအိတ်ထဲက ပစ္စည်းတွေကိုထုတ်လိုက်ဦး"

ဟုပြောလိုက်ရာ လူမော်သည် ရွှေဒင်္ဂါးလေးပြားလုံး ပေးလိုက်ပြီးဖြစ်၍ တရုတ်ဘိန်းစားကြီး ပေးလိုက်သော နေလစကြာ့တံဆိပ်ဝိုင်းပြားလေးသာ ကျန်ရှိသဖြင့် မည်သည့်ပစ္စည်းမျှ ပေးစရာ မရှိတော့ချေ။ ထို့ကြောင့် လူမော်က…

"ကျုပ်တို့မှာ ပါသမျှပစ္စည်းက ခုနရွှေဂင်္ဂါးလေးပြားအကုန်ပါပဲ"

ဟုပြောဆိုလိုက်ရာ ဓားပြများမှာ ပို၍ မကျေမနပ်ဖြစ်သွားပြီး …

"မင်းတို့ညာမယ် စိတ်မကူးနဲ့နော်၊ ပြောတဲ့အတိုင်းမလုပ်ရင်တော့ နာပြီသာမှတ်"

ဟု ခြိမ်းခြောက်ပြန်လေ၏။

ထိုအခါ လူမော်သည် အိတ်ကပ်ထဲမှ နေလစကြာ့တံဆိပ်ဝိုင်းပြားလေးကို ထုတ်ပြလိုက်ပြီး…

"ဒါ . . . ကျုပ်တို့ရဲ့ အဆောင်ပစ္စည်းလေးပါ၊ ဒီတစ်ခုပဲကျန်တော့တယ်"

ဟုပြောလိုက်လေရာ ဓားပြများနှင့်အတူ ကားစပါယ်ယာသည် လူမော်ပြလိုက်သော နေလစကြာ့တံဆိပ် ဝိုင်းပြားလေးကို မြင်တွေ့တွေ့ချင်းမှာပင် ဘီလူး၊ တဘက်တစ်ကောင်ကို တွေ့ရသည့်အလား အထိတ်တလန့်နှင့်ပုံစံမျိုး ဖြစ်သွားကြလေ၏။

'ကားစပါယ်ယာသည် လွန်စွာမှ မျက်စိမျက်နှာပျက်သွားပြီး

"ဟင်...ဒါ...နေလစကြာတံဆိပ်တော်ပဲ၊ ဘုရား...ဘုရား..."

ဟု ထူးဆန်းစွာ ရေရွတ်လိုက်လေ၏။

ထိုအခါ လူမော်သည် အခြေအနေတစ်ခုကို ချက်ချင်းနားလည်သွားကာ လူကျော်အား အချက်ပြပြီး ကားစပါယ်ယာ အငိုက်မိနေချိန်မှာပင် ဝင်၍ချုပ်လိုက်ကြ၏။

သို့ရာတွင် ၎င်းတို့နှစ်ယောက်၏ လှုပ်ရှားမှုမှာ လျှပ်တစ်ပြက် မြန်ဆန်လွန်းလှသဖြင့် ဓားပြများ အံ့အားတသင့်ဖြစ်ကာ အငိုက်မိသွားကြတော့သည်။

ထိုအခါ လူမော်က အသင့်ဆောင်ထားသော ဓားမြှောင်ဖြင့် စပါယ်ယာ၏လည်ပင်းအားထောက်၍...

"ကဲ...ဓားပြခေါင်းဆောင်ကြီး ခင်ဗျားဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း၊ ကျုပ်တို့အတွက်တော့ ခင်ဗျားဟာ ကားစပါယ်ယာမဟုတ်ဘူး၊ ခင်ဗျားရဲ့လူတွေကို လက်နက်ချပြီး လာလမ်းကိုပြန်သွားနိုင်းလိုက်ပါ"

ဟု ပြောဆိုလိုက်သဖြင့် ဓားပြများနှင့် ခရီးသည်အားလုံး တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားကြတော့သည်။

"ဘယ်...ဘယ်လိုတွေဖြစ်ကုန်တာလဲ"

"အကုန်တော့ ရှုပ်ကုန်ပြီထင်တယ်"

ဟု ခရီးသည်များ တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြလေ၏။ ထိုအခါ လူမော်က...

"ဒါ အမှန်တရားကို ဖော်ထုတ်ပြလိုက်တာဗျ၊ အရှင်းဆုံး ပြောပြရရင် ဒီလူဟာ ဓားပြခေါင်းဆောင် တစ်ယောက်ပဲ၊ ကားစပယ်ယာဟန်ဆောင်ပြီး သူ့တပည့်တွေနဲ့ ဒီအချိန် ဒီနေရာမှာ ဒီကားပေါ်ကခရီးသည်အားလုံးကို ဓားပြတိုက်ဖို့ကြံစီစဉ်ခဲ့တာပါ...ကျုပ်ပြောတာ ဟုတ်မဟုတ် သူကိုယ်တိုင်ဝန်ခံပြလိမ့်မယ်၊ ကဲ...ဓားပြကြီးခင်ဗျားရဲ့မူလဇာတ်ရုပ်ကို ဝန်ခံပြလိုက်ပါ"

ဟု ပြောလိုက်သဖြင့် ကားစပယ်ယာ ဟန်ဆောင်ထားသော ဓားပြသည် လွန်စွာမှ ထိတ်လန့်သွားသော အမူအရာဖြင့်

"ဟုတ်...ဟုတ်ပါတယ်ခင်ဗျ"

ဟု ဖြေကြားလိုက်လေ၏။

ထိုအခါ ခရီးသည်အားလုံးမှာ ကားစပယ်ယာ ဟန်ဆောင်ထားသော ဓားပြခေါင်းဆောင်ဆိုသူကို ဝိုင်းဝန်းဆဲဆို အပြစ်တင်ကြလေတော့သည်။

ထို့နောက် လူမော်က...

"ကဲ . . . ဓားပြကြီး ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားရဲ့လူတွေကို နောက်ဆုတ်ခိုင်းလိုက်ပါ၊ မဟုတ်ရင် ကျုပ်ဓားသွားထိပ်မှာ ခင်ဗျား အသက်ပါသွားမယ်"

ဟုခြိမ်းခြောက်လိုက်သဖြင့် ဓားပြခေါင်းဆောင်မှာ လွန်စွာမှ စိုးရိမ်သွားပြီး . . .

"ကျုပ် . . . ကျုပ်မှားပါတယ်၊ ခရီးသည်အားလုံးဆီက ပစ္စည်းတွေ ကို ဘာမှမယူတော့ပါဘူး၊ ခွင့်လွှတ်ပါဗျာ"

ဟုတောင်းပန်လေ၏။

ထိုအခါလူကျော်ကဝင်၍ . . .

"ဒါဆို ခင်ဗျားလူတွေကို လက်နက်ချခိုင်းပြီး လာလမ်းအတိုင်း ပြန်ခိုင်းတော့"

ဟုပြောဆိုလိုက်သဖြင့် ဓားပြခေါင်းဆောင်က . . .

"ဟေ့ကောင်တွေ သူတို့ပြောတဲ့အတိုင်း လုပ်လိုက်ကြစမ်း မြန်မြန်လုပ်"

ဟုအမိန့်ပေးလိုက်၏။

ထိုအခါဓားပြများသည် လက်နက်ချ၍ လာလမ်းအတိုင်းပြန် လှည့်သွားကြတော့သည်။

ထိုနောက် လူမော်နှင့်လူကျော်က ဓားပြခေါင်းဆောင်ကို ကြိုးတုပ်လိုက်ပြီး လူမော်က...

"ကဲ...ငါတို့ခရီးသည်တွေအားလုံး လုံခြုံဖို့အတွက် ခေတ္တတော့ ဒုက္ခခံပြီး နေခဲ့ပေဦး ဓားပြကြီးရေ"

ဟု ပြောဆိုပြီး ခရီးသည်များဘက်သို့ လှည့်ကာ...

"ခရီးသည်အားလုံး ကားပေါ်ပြန်တက်ကြပါ၊ ကျုပ်တို့အတွက် ဘာအန္တရာယ်မှ မရှိကြတော့ပါဘူး"

ဟု အော်ဟစ်သတိပေးလေရာ ခရီးသည်များအားလုံးနှင့် ကားဒရိုင်ဘာသည် ကယ်တင်ရှင် လူမော်နှင့် လူကျော်ကို ကျေးဇူးတင်၊ ချီးကျူးစကားပြောဆိုပြီး ကားပေါ်သို့ ပြန်တက်ကြလေတော့၏။

ထို့နောက် ကားကို မောင်းနှင်ကာ လိုရာခရီးဆက်ခဲ့ကြလေ တော့သည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၃)

ဤသို့ဖြင့် မဟုတ်မခံစိတ်ရှိသော လူမော်နှင့် လူကျော်၏ အစွမ်းကြောင့် ဓားပြတို့ အန္တရာယ်မှ လွတ်မြောက်ခဲ့သောခရီးသည်တင် ဖလော်လီကားကြီးမှာ ပဲခူးမြို့သို့ ဆိုက်ရောက်သွားလေတော့၏။

ကားဆိုက်သောအချိန်မှာ ညအချိန်လင့်နေပြီဖြစ်သဖြင့် လူမော်နှင့်လူကျော်သည်တည်းခိုရန် အခက်အခဲရှိသဖြင့် ကားဂိတ်နှင့် မနီးမဝေးရှိ ညလုံးပေါက်ဖွင့်သော ကာကာဆိုင်သို့ဝင်ပြီး အချိန်ဖြုန်းရန်ဆုံးဖြတ်လိုက်ကြ၏။

လူမော်နှင့် လူကျော်သည် တစ်လမ်းလုံး ဘာမှမစားခဲ့ရသေးသဖြင့် ထမင်းကြော် တစ်ပွဲစီမှာယူ စားသောက်လိုက်ကြလေ၏။

အချိန်မှာလည်း မိုးသောက်ယံသို့ တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာပြီပင်ဖြစ်၏။ ကာဟာဆိုင်ထဲ၌ လူမော်နှင့် လူကျော်တို့ကဲ့သို့ ညလုံးပေါက်ထိုင်နေကြသော လူသုံးလေးဦးစရှိလေ၏။ ထိုအထဲတွင် ယောဂီအဝတ်အစားဝတ် ဘိုးတော်တစ်ဦး ဖြစ်ဟန်တူသူ တစ်ဦးလည်းပါဝင်လေ၏။

ဤသို့ဖြင့် လူကျော်သည် ဓားပြတိုက်ခံရစဉ်က ပဟေဠိဖြစ်ခဲ့သော ကိစ္စတစ်ရပ်အတွက် လွန်စွာမှစိတ်ဝင်စားခဲ့သဖြင့် ...

"ဒါနဲ့ မင်းကိုမေးပါရစေဦး လူမော်၊ ဓားပြတိုက်ခံရတုန်းက သုဘရာဇာကြီး ပေးလိုက်တဲ့ နေလစကြာတံဆိပ် ပိုင်းပြားလေးကိုထုတ်ပြလိုက်တာနဲ့ ဓားပြအားလုံးနဲ့ ကားစပါယ်ယာ ဟန်ဆောင်ထားတဲ့ ဓားပြခေါင်းဆောင် ဘာကြောင့်ထိတ်လန့်သွားကြတာလဲ"

ဟု မေးမြန်းလာသဖြင့် လူမော်က ပြုံးလိုက်ရင်း ...

"အချက်သိတော့ နားခွက်မီးတောက်ဆိုသလို သုဘရာဇာကြီး ကျေးဇူးကြောင့်ပေါ့ကွာ"

ဟုဖြေလိုက်လေ၏။

ထိုအခါ လူကျော်သည် ပို၍စိတ်ဝင်စားသွားပြီး ...

"ဘယ်လိုလည်း ရှင်းပြစမ်းပါဦး"

ဟုမေးလိုက်လေရာ ထိုအခါ လူမော်က ...

"သုဘရာဇာကြီးက ငါတို့ကို နေလစကြာ အမှတ်အသား တံဆိပ်ပိုင်းပြားနဲ့ ရွှေဒင်္ဂါးလေးပြား ထုတ်ပေးခဲ့တယ်၊ အဲဒီညမှာပဲ နေလစကြာတံဆိပ်ပိုင်းပြားနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလွန်းလို့ သုဘရာဇာကြီးကို ငါကိုယ်တိုင် မေးခဲ့တယ် ...

ဒီတော့မှ သုဘရာဇာကြီးဟာ နေလစကြာဂိုဏ်းသားတစ်ဦး အဖြစ် သိလိုက်ရတယ်၊ အဲဒီဂိုဏ်းဟာ မြန်မာပြည်မှာ မတရားကျွန်ပြုနေ

တဲ့ မျက်နှာဖြူအစိုးရနဲ့ အမြတ်ကြီးစား ဂုတ်သွေးစုပ်နေတဲ့ ချစ်တီးသူဌေး တွေကို လှိုက်လှိုက်နှိမ်နင်းခဲ့တဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းဆိုတာ သိရတယ်...

မကောင်းသူကိုပယ်၊ ကောင်းသူကိုကယ်ပြီး ရှေးမြန်မာတို့ရဲ့ လောကီဂန္ထိရပညာရပ်တွေကိုလည်း အများပြည်သူအကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်လို့သိရတယ်"

ဟု ပြောရင်း စကားကို ခေတ္တဖြတ်လိုက်လေ၏။ ပြီးမှ...

"အဲဒီဂိုဏ်းဟာ မြန်မာပြည်အနှံ့အပြားမှာ ပြန့်ကြဲနေပြီး ဒုက္ခရောက်သူတွေကို နည်းအမျိုးမျိုးနဲ့ ကယ်တင်ခဲ့တယ်၊ မရှိဆင်းရဲသား ကျောမွဲများရဲ့သွေးချွေးတွေကိုမိုက်ကြေးခွဲ ခပ်သောက်ကြတဲ့ သူခိုးဓားပြ တွေကိုလည်း အများဆုံး နှိမ်နင်းဆုံးမခဲ့တယ်...

ဒါကြောင့် နေလစကြာဂိုဏ်းကို သူခိုးဓားပြတွေအားလုံး ဇိန့်ဇိန့် တုန်အောင် ကြောက်ကြတာတဲ့၊ ကားဓားပြတိုက်ခံရတုန်းက နေလစကြာ တံဆိပ်ပိုင်းပြားလေးကိုမြင်တော့ဓားပြတွေထိတ်လန့်သွားကြတာ...ဒါ ကြောင့်ပဲ ဒီအခွင့်ကောင်းကိုယူပြီး ဓားပြတွေရန်က ခရီးသည်အားလုံးကို ငါတို့အလွယ်တကူ ကယ်တင်နိုင်ခဲ့တာပေါ့"

ဟုရှင်းပြလိုက်လေတော့၏။

ထိုအခါ လူကျော်သည် အားလုံးကို နားလည်သဘောပေါက် သွားပြီး...

"ဒါကြောင့် သုဘရာဇာကြီးက ငါတို့ကို တံဆိပ်ဝိုင်းပြားလေး ပေးတုန်းက တစ်ချိန်ချိန်မှာ တစ်ခုခုအတွက် မောင်ရင်တို့အသုံးတည့်လိမ့်မယ်လို့ ပြောခဲ့တာကိုး"

ဟု ရေရွတ်လိုက်လေရာ ထိုအခါ လူမော်က ခေါင်းညိတ်လိုက်ရင်း ...

"နောက်တစ်ခုက ဒီတံဆိပ်ဝိုင်းပြားလေး ကိုင်ဆောင်ထားတဲ့ အဖွဲ့သားတိုင်း အဲဒီတံဆိပ်ကို မြင်တဲ့အခါ လိုအပ်တဲ့အခက်အခဲတွေ ကူညီပေးလိမ့်မယ်လိုလည်းအသိပေးခဲ့တယ်"

ဟု ရှင်းပြလိုက်လေတော့၏။ ထိုအခါ လူကျော်က မျက်မှောင်ကြုတ်၍...

"ဒါဆို ... သုဘရာဇာကြီးပြောတဲ့ နေလစကြာဂိုဏ်းဟာ အကျိုးပြုဂိုဏ်းတစ်ဂိုဏ်းလို့ ဆိုရမှာပေါ့နော်"

ဟု ထောက်ခံပြောဆိုလေရာ လူမော်က ခေါင်းညိတ်လိုက်ပြီး ...

"အမှန်ပဲ လူကျော်၊ ငါတို့လည်း ဒီတံဆိပ်ဝိုင်းပြားလေးကြောင့် စားပြတွေရန်ကို ကာကွယ်ပေးနိုင်ခဲ့ပြီးပြီ၊ ဒါ လက်တွေ့ပဲ မဟုတ်လား"

ဟုဂုဏ်ယူဖွယ်ပြောဆိုလိုက်လေတော့၏။

ထိုအချိန်မှာပင် ဥပဓိရုပ်သန့်သန့် လူကြီးတစ်ဦးသည် ခွင့်မတောင်းဘဲ လူမော်နှင့်လူကျော် ထိုင်နေသော စားပွဲတွင်ဝင်ထိုင်လိုက်ပြီး

"ရဲဝံ့တဲ့ ယောက်ျားဆိုတာ ဒါမျိုးကိုခေါ်တယ်ကွ၊ မောင်ရင်တို့ရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ကိုကြိုက်သဟေ့"

ဟုပြောဆိုလေ၏။

ထိုအခါ လူမော်နှင့် လူကျော်သည် ထိုလူကြီးကိုကြည့်၍ အံ့သြသွားသည်။ လူမော်က ဖဝေဖဝါဖြင့်...

"အဘက ဘယ်သူပါလဲ၊ ကျုပ်တို့ကိုသိလို့လား"

ဟု မေးမြန်းလိုက်သဖြင့် ထိုလူကြီးက တဟားဟားရယ်မောလိုက်ပြီး...

"ငါ့နာမည်က သာလှ၊ ဒီမြို့မှာနေတယ်၊ မောင်ရင်တို့နဲ့ ကားအတူတူစီးပြီး ဓားပြတိုက်ခံရတဲ့အထဲမှာ တစ်ယောက်အပါအဝင်ပေါ့"

ဟု ဖြေကြားလိုက်၏။ ထိုအခါ လူမော်နှင့် လူကျော်မှာ ချက်ချင်းသဘောပေါက်သွားပြီး လူမော်က...

"ကားဓားပြတိုက်ခံရတဲ့အထဲမှာ အဘလည်း ပါဝင်တာကို၊ မမှတ်မိတဲ့အတွက် ကျုပ်တို့ကိုခွင့်လွှတ်ပါဗျာ"

ဟုတောင်းပန်လိုက်ရာ လူကြီးက ခေါင်းယမ်းလိုက်ရင်း...

"မလိုအပ်ပါဘူး မောင်ရင်တို့ရယ်၊ ကျုပ်ကတောင် မောင်ရင်တို့ကို ကျေးဇူးပြန်တင်ရဦးမယ်၊ ဒီမြို့ကိုရောက်တော့ မောင်ရင်တို့ ကားဂိတ်မှာ ယောင်လည်လည် လုပ်နေကတည်းက ဒီမြို့သားတွေ မဖြစ်နိုင်ဘူးဆိုတာသိလိုက်တယ်..."

ပြီးတော့ မောင်ရင်တို့ရဲ့ ခရီးဆောင်အိတ်တွေကို ကြည့်ခြင်းအားဖြင့် ဒီမြို့ကနေ ခရီးဆက်မယ်ဆိုတာ စဉ်းစားမိတယ်၊ ဒါပေမယ့် ဒီမြို့ကိုရောက်တဲ့အချိန်ဟာ နောက်ကျနေတော့ တည်းခိုဆောင်တည်းဖို့လည်း အဆင်မပြေနိုင်ဘူး...

ဒီတော့ မောင်ရင်တို့နှစ်ယောက် ညလုံးပေါက်ဖွင့်တဲ့ဆိုင်မှာ မိုးလင်းအထိ အချိန်ဖြုန်းမယ်ဆိုတာသိတယ်၊ ဒီမြို့မှာ ညလုံးပေါက်ဖွင့် ပြီး ခရီးသွားသူတွေ အများဆုံးစုဝေးတတ်တာက ကားဂိတ်အနီးဆိုလို့ ဒီတစ်ဆိုင်ပဲရှိတယ်၊ ဒါကြောင့် မောင်ရင်တို့ဆီ ကျုပ်အလွယ်တကူ ရောက်လာနိုင်တာ"

ဟု ရှည်လျားပြည့်စုံစွာ ရှင်းပြလေတော့၏။

ထိုအခါ လူမော်နှင့် လူကျော်သည် ထိုလူကြီး၏ ဆက်စပ်တွေးခေါ်ပုံတို့ကြောင့် မလေးစားဘဲ မနေနိုင်တော့ချေ။ လူမော်က

"ခုလို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဘ၊ ဒါနဲ့ ကျုပ်တို့ဆီလာတာ ဘာကိစ္စများရှိပါသလဲ"

ဟု မေးမြန်းလိုက်ရာ လူကြီးကပြုံး၍...

"မောင်ရင်တို့ရဲ့ ရဲစွမ်းသတ္တိအတွက် ကျေးဇူးဆပ်ဂုဏ်ပြုချင်လို့"

ဟု ဖြေကြားလေ၏။

ထိုအခါလူမော်နှင့်လူကျော်သည်မည်သို့ဖြေကြားရမှန်းမသိဘဲ ဖြစ်သွားကြသည်။

"မောင်ရင်တို့ ဘာမှငြင်းဖို့မကြိုးစားပါနဲ့၊ ကျုပ်စေတနာကို အသိမှတ်ပြုပါ၊ စားသောက်ထားတာတွေအတွက် ကျုပ်တာဝန်ယူတယ်၊ ပြီးတော့ ကျုပ်နဲ့အတူ တစ်ပါးတည်းလိုက်ခဲ့ပါ"

ဟုပြောဆိုလေရာ လူမော်နှင့်လူကျော်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍...

"ကျုပ်တို့က ဘယ်လိုက်ရမှာလဲ"

ဟု လူမော်က မေးမြန်းလိုက်၏။

"မောင်ရင်တို့ကို ကျုပ်ဆရာဆီ ခေါ်သွားမလို"

ဟုဖြေကြားလေ၏။ ထိုလူကြီး၏ဆရာဆို၍ လူမော်နှင့် လူကျော် အနည်းငယ်တော့ စိတ်ဝင်စားသွားကြသည်။

"ကဲ...မောင်ရင်တို့ ဘာမှစဉ်းစားမနေနဲ့၊ စဉ်းစားခြင်းဟာ လက်တွေ့လောက် မထိရောက်ဘူး၊ ထိရောက်ဖို့အတွက် ကျုပ်နောက်သာ ယုံယုံကြည်ကြည် လိုက်ခဲ့ပေတော့"

ဟု ပြောဆိုလာခြင်းကို လူမော်နှင့် လူကျော်သည် မည်သို့မျှ ငြင်းဆန်ခြင်းမပြုတော့ဘဲ အကျိုးတစ်စုံတစ်ရာ ထူးနိုင်မည်ဟူ၍ တွက်ဆကာ ထိုလူကြီးခေါ်ဆောင်ရာနောက်သို့ အေးဆေးစွာလိုက်ပါခဲ့လေတော့၏။

(၄)

ထိုသို့ဖြင့် လူကြီးခေါ်ဆောင်ရာ မြို့အပြင်ရှိ ခြံကြီးတစ်ခြံထဲသို့ ရောက်သောအခါ လွန်စွာမှစုတ်ပြတ်နံ့ချာလှသော တဲအိမ်လေး တစ်လုံးကိုတွေ့ရ၏။

ထို တဲအိမ်လေးသို့ ရောက်သောအခါ လူကြီးက...

"ဒါ ... ကျုပ်ရဲ့ ဗိမ္မာန်ပဲ၊ မောင်ရင်တို့လွတ်လွတ်လပ်လပ်နေလို့ရတယ်"

ဟု အားပါးတရ ပြောဆိုလေ၏။

ထိုအခါ လူမော်နှင့်လူကျော်သည် အံ့သြခြင်း၊ အထင်သေးခြင်းများ မရှိပါချေ။ လူကြီးသည် ကညင်ဆီ မီးအလင်းတိုင်ကြီးကို ထွန်းညှိလိုက်သဖြင့် တဲအိမ်လေးတစ်ခုလုံး လင်းထိန်သွားလေ၏။

ထို့နောက် လူကြီးသည် စားသောက်စရာတို့ကိုယူဆောင်လာ ပြီး လူမော်နှင့်လူကျော်ရှေ့သို့ ချကျွေးလျက် ...

"ကဲ... မောင်ရင်တို့ လောလောဆယ် ဒါပဲစားသောက်လိုက်ကြဦး၊ မောင်ရင်တို့ကို ကျေးဇူးဆပ်ချင်လွန်းလို့သာ ဒီခေါ်လာရတယ်၊ အားတော့နာတယ်ဟေ့"

ဟု ရိုးသားပွင့်လင်းစွာ ပြောဆိုလိုက်၏။

ထိုအခါ လူမော်နှင့် လူကျော်သည် လွန်စွာမှစေတနာကောင်းသောလူကြီးအားကြည့်လျက် ကျေးဇူးပြန်တင်မိသည်။

အဘယ်ကြောင့်ဆိုသော် လူမော်နှင့်လူကျော်သည် တစ်လမ်းလုံး ခရီးနှင်ခဲ့ရသဖြင့် ခုနထမင်းကြော်တစ်ပွဲစီ စားသောက်ထားရုံကလွဲပြီး ဘာမျှမစားသောက်ရသေးဘဲ လူကြီးချကျွေးသော အစားအသောက်တို့အား ဟန်မဆောင်နိုင်စွာ စားသောက်လိုက်ကြခြင်းကြောင့်ဖြစ်၏။

ဤသို့ဖြင့် အချိန်မှာ မနက်မိုးသောက်ယံသို့ တဖြည်းဖြည်းရောက်လာပြီပင်ဖြစ်၏။

"ဒါနဲ့ မောင်ရင်တို့ ဒီမြို့ကနေ ဘယ်ကိုခရီးဆက်ကြမှာလဲ"

ဟုမေးမြန်းလေရာ လူမော်က ၎င်းတို့လာရခြင်း ရည်ရွယ်ချက်တို့ကို အမှန်အတိုင်း ပြောပြရန်မသင့်သဖြင့်...

"ကိစ္စတစ်ခုနဲ့ ဒီမြို့ကိုရောက်လာတာပါ၊ လောလောဆယ်ရက်ပိုင်းလောက်နေထိုင်ပြီးရန်ကုန်ကိုခရီးဆက်ဖို့ဆုံးဖြတ်ထားပါတယ်"

ဟုလမ်းကြောင်းလွှဲရှင်းပြလိုက်လေ၏။

ထိုအခါ လူကြီးက ခေါင်းညိတ်၍...

"ဒါဆိုရင် အတော်ပဲ၊ မောင်ရင်တို့ ဒီမြို့က မထွက်ခွာမချင်း ကျုပ်အိမ်မှာပဲတည်းပါ။ ကျုပ်ခွင့်ပြုပါတယ်"

ဟုပြောဆိုလေရာ လူကျော်က အားနာဟန်ဖြင့်...

"အဘကို အားနာပါတယ်၊ ကျုပ်တို့ကို အစားအသောက်လည်း ကျွေးတယ်၊ တည်းခိုဖို့လည်း ပေးတယ်ဆိုတော့"

ဟု စကားမဆုံးမီမှာပင် လူကြီးက ကြားဖြတ်ဝင်၍...

"ကျုပ်ကို ဒီစကားမျိုး မပြောပါနဲ့ မောင်ရင်တို့ရယ်၊ မောင်ရင်တို့ ကယ်တင်လိုက်တဲ့ ကျေးဇူးက ဘယ်လောက်ကြီးမားတယ်ဆိုတာ ပြောပြရသေးတာပေါ့"

ဟု ဆိုလိုက်သဖြင့် လူမော်နှင့် လူကျော်သည် လူကြီးစကား အတွက်လွန်စွာမှထူးဆန်း၍ လွန်စွာမှ စိတ်ဝင်စားသွားကြ၏။

ထို့နောက် လူကြီးက ရေနွေးကြမ်းတစ်ခွက်သောက်၍ ...

"အမှန်တော့ ဒီညမားပြတွေလက်ထဲ ကျုပ်ပစ္စည်းအိပ်ပါသွားရင်တော့ အကြီးအကျယ် ဒုက္ခရောက်မှာ"

ဟုဆိုလိုက်လေ၏။

ထိုအခါ လူမော်နှင့်လူကျော်သည် ပို၍စိတ်ဝင်တစားဖြစ်ကာ လူကြီးဆက်ပြောမည့်စကားကို မစောင့်နိုင်တော့ဘဲ လူမော်က မျက်မှောင်ကြုတ်၍...

"ဘာဖြစ်လို့ ခုတွေ့ရောက်မှာလဲ၊ အဲဒီအိတ်ထဲမှာ ဘာတွေပါလို့လည်း"

ဟုမေးမြန်းလိုက်ရာထိုအခါလူကြီးက သက်ပြင်းချ၍

"အင်း...အဲဒီအိတ်ထဲမှာအင်မတန်မှ အရေးကြီးတဲ့လျှို့ဝှက်စာတွေပါတယ်ကွ၊ ဘာစာတွေလည်းဆိုတော့ မောင်ရင်တို့ကို ယုံကြည်စိတ်ချတဲ့အတွက် အဲဒီတိစ္ဆတို ရှင်းပြချင်လွန်းလို့ ဒီခေါ်လာခဲ့ရတာဆိုပါတော့...

ခုနအကြောင်းကို ပြန်ဆက်ရရင် အဘက ဆရာစံဂျုန်တပ်ကတော်လှန်ရေးအဖွဲ့ဝင်တစ်ယောက်တွေ့ဆည်းတပ်နဲ့ဆက်သက်တဲ့လျှို့ဝှက်စာတွေ ပါလာလို့ပဲ"

ဟု ရှင်းပြလေရာဒီတော့မှလူမော်နှင့် လူတော်နားလည်သဘောပေါက်သွားပြီး လူကြီးကိုလည်း အထင်ကြီးလေးစားသွားကြ၏။ ပြီးတော့လူကြီးကဆက်၍...

"နောက်တစ်ခုက မောင်ရင်တို့မှာပါလာတဲ့ နေလစကြာ တံဆိပ်ဝိုင်းပြားလေးကို မမျှော်လင့်ဘဲ မြင်ရတော့ ဘယ်လိုဆက်စပ်လည်းဆိုတာ သိချင်တဲ့အကြောင်းတစ်ချက်လည်းပါတယ်"

ဟုဆိုလေ၏။ ထိုအခါ လူမော်က ခေါင်းညိတ်၍ သုဘရာဇာကြီးပြောပြသော နေလစကြာကိုဂိုဏ်းနှင့်ပတ်သက်သည့် အကြောင်းတို့ကို ပြန်ရှင်းပြလိုက်၏။

လူမော်ရှင်းပြသည့်စကားဆုံးသောအခါ လူကြီးက...

"ဒါဆိုဟာန်လိုက်လေ မောင်ရင်တို့ရယ်၊ နေလစကြာဂိုဏ်းနဲ့ ပတ်သက်ပြီး ကြားဖူးမြင်ဖူးပေမယ့် ဒီညမှာပဲ ဘယ်လောက်အစွမ်းရှိတယ်၊ အရေးပါတယ်ဆိုတာ ထိတ်လန့်သွားတဲ့ ဓားပြတွေကို တွေ့ရမှ လက်တွေ့သိရတော့တယ်...

မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ ဒီဂိုဏ်းကြီးရဲ့ဂုဏ်သတင်းတွေကို ကြားသိထားတော့ ခုမောင်ရင်တို့မှာ အခက်အခဲရှိရင်လည်း ကျုပ်ပြန်ကူညီချင်လို့ပါ"

ဟုပြောလေ၏။ ထိုအခါ လူမော်နှင့် လူကျော်သည် ဝမ်းသာသွားပြီး လူမော်က...

"ကျေးဇူးတင်ပါတယ် အဘ၊ လောလောဆယ် ကျုပ်တို့အတွက် မလိုအပ်သေးပါဘူး၊ လိုအပ်တဲ့အခါကျ ပြောပါ့မယ်"

ဟုပြောလိုက်သဖြင့် လူကြီးက ခေါင်းညိတ်ပြီး...

"ဘာပဲဖြစ်ဖြစ် မောင်ရင်တို့နှစ်ယောက် ဒီမြို့က မထွက်ခွာသေးသ၍ ကျုပ်အိမ်မှာပဲ နေထိုင်ပါ၊ ဒီလောက်တော့ ကျုပ်ဘက်က ကျေးဇူးပြန်ပြုပါရစေ"

ဟု တောင်းဆိုလိုက်၏။

ထိုအခါ လူမော်နှင့် လူကျော်မှာ လူယုတ်မာကျော်ခေါင်အား ရှာဖွေရာတွင် ဤမြို့၌ ရက်အနည်းငယ်နေထိုင်ပြီး စုံစမ်းလျှင် သဲလွန်စ တစ်ခုခု ရကောင်းရမည်ဟူ၍ပြောသော လူကြီး၏ကူညီမှုကို လက်ခံလိုက်ကြသည်။

လူမော်က...

"ကောင်းပါပြီအဘ၊ ကျုပ်တို့တည်းခိုမယ်၊ လိုအပ်တဲ့ အကူအညီ ရှိလည်း ကျုပ်တို့တောင်းမှာပါ"

ဟုပြောလိုက်ရာ လူကြီးသည် ဝမ်းပန်းတသာဖြစ်၍...

"ကောင်းတယ် ... ကောင်းတယ် ... ဒီလိုပွင့်လင်းမှ ကျုပ်က ကြိုက်တာ၊ ကျုပ်ဆီမှာနေသမျှ ဘာမှအားမနာကြနဲ့နော်၊ ဘယ်လောက်ကြာကြာ ကျုပ်ကျေနပ်တယ်"

ဟု တက်ကြွစွာ ပြောဆိုလိုက်လေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၅)

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် ထိုလှူကြီးထံ၌ ရက်သတ္တ တစ်ပတ်မျှ နေထိုင်ပြီးနောက် ယခင်ဦးကျော်ခေါင် ခြံကြီးရှိရာ မြန်မာပြည်အလယ်ပိုင်းရှိမြို့ကြီးသို့ ဒုတိယမြောက် ပြန်ရောက်ရှိသွားကြ၏။

ထိုသို့သွားရာတွင် ကုန်ရောင်းကုန်ဝယ်အဖြစ် ဟန်ဆောင်၍ သွားရောက်ကြခြင်းဖြစ်သည်။

သို့သော် ဦးကျော်ခေါင်၏ သတင်းအားပိုက်စိပ်တိုက်စုံစမ်းသော်လည်း မည်သည့်သတင်းအစအနမျှ မရချေ။

ပထမတစ်ခေါက် ထိုမြို့တွင် နေထိုင်စဉ်က ရင်းနှီးခဲ့သောမြင်းလှည်းသမား ကျောက်ဒိုးထံသို့ဝင်ပြီး စုံစမ်းကြည့်သေးသည်။ ကျိန်းသေပေါက်မဆိုနိုင်သော်လည်း သဲလွန်စတစ်ခုတော့ရလိုက်၏။

"မိတ်ဆွေတို့ ဒီမြို့ကနေ ထွက်သွားပြီးကတည်းက ဦးကျော်ခေါင်ကို သတင်းကိုမရတော့တာဗျ။ သူ့ခြံမှာလည်း အရင်လို လူဝင်လူထွက် သိပ်မတွေ့ရတော့ဘူး။ ကျုပ်စိတ်အထင်ပြောရရင် ဒီလူကြီး တစ်နေရာရာမှာ ရှောင်ပုန်းနေတာ ဖြစ်လိမ့်မယ်"

ဟု ရှင်းပြပြီး မှတ်ချက်ချလိုက်၏။

ထိုအခါ လူမော်က မျက်မှောင်ကြုတ်၍---

"ဘယ်မှာ အနီးစပ်ဆုံး ရှိနိုင်မလဲ"

ဟု မေးမြန်းလေရာ ကျောက်ဒိုးက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး...

"အင်း . . . ခန့်မှန်းခြေ လိုက်ရှာနေတာထက်စာရင် အရင်သူနေထိုင်ခဲ့ဖူးတဲ့ ရန်ကုန်ကို ဆင်းပြီးစုံစမ်းတာက ပိုနီးစပ်နိုင်တယ်"

ဟု အကြံပြုလေ၏။

ထို့နောက် လူမော်နှင့်လူကျော်သည် မြင်းလှည်းသမား ကျောက်ဒိုး၏ အကြံပြုချက်အတိုင်း စုံစမ်းရန် တရွတ်တိုက်စားကြီးထံသို့ပင် ဝင်ရောက်မနှုတ်ဆက်နိုင်တော့ဘဲ ရန်ကုန်သို့ ကြုံရာကားစီး၍လိုက်ပါခဲ့လေတော့၏။

ထိုသို့ဖြင့် လူမော်နှင့် လူကျော်သည် တစ်ညအိပ်ခရီးကြာပြီးနောက် ရန်ကုန်မြို့သို့ ရောက်ရှိသွားလေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၆)

လူမော်နှင့် လူကျော်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီးနောက် မည်သို့သွားလာရမှန်းမသိဘဲ ခြေဦးတည့်ရာ လျှောက်သွားနေကြ၏။

တစ်နေ့သ၌ ရန်ကုန်မြို့၏ ကျက်သရေဆောင် ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ပြီး (ကျောင်းတစ်တန်း - ယခင်) (၁၅လမ်း-ယခု) ဘက်သို့လျှောက်ခဲ့ကြသည်။

ထိုကဲ့သို့လျှောက်ရင်း ဗိုက်ဆာလာသဖြင့် ခေါက်ဆွဲကြော်ဆိုင် တစ်ဆိုင်သို့ဝင်ကာ ခေါက်ဆွဲကြော်တစ်ပွဲစီ မှာယူစားသောက်လိုက်ကြ၏။

သို့ဖြင့် ငွေရှင်းသောအခါ ခေါက်ဆွဲကြော် တစ်ပွဲစာပင် မပြည့် သဖြင့်အခက်တွေ့သွားကြ၏။

"ဒုက္ခပဲ လူကျော်၊ ငါတို့မှာပါလာတဲ့ ငွေတော့ကုန်ပြီ၊ ခုခေါက်ဆွဲ ကြော်တစ်ပွဲဖိုးတောင် မပြည့်တော့ဘူး၊ သုဘရာဇာကြီးပေးလိုက်တဲ့ ရွှေ [illegible] ားပဲရှိတော့တယ်"

ဟု လူမော်က သတိပေးစကားဆိုလိုက်၏။

ထိုအခါ လူကျော်က သက်ပြင်းချ၍ ...

"အဲဒီ ရွှေဒင်္ဂါးလေးပြားကို အသုံးချရတော့မယ်ထင်တယ်"

ဟု ရေရွတ်လေရာ လူမော်ကလည်း ခေါင်းညိတ်၍ ...

"ရှိတန်ဆော၊ မရှိဝမ်းစာချေ့ပါကွာ။ ဘာတတ်နိုင်မှာလဲ"

ဟု ညည်းတွားလိုက်လေ၏။

ထိုအချိန်မှာ ယောဂီဝတ်အဘိုးအိုတစ်ဦး ၎င်းတို့ရှိရာ စားပွဲဝိုင်း ရှေ့လာရပ်ပြီး ...

"မတတ်နိုင်ဘူးဆိုတဲ့ အရာတွေဟာ တတ်နိုင်သား အရာတွေပဲ မောင်ရင်၊ လောကကြီးမှာ ဘယ်အရာမဆို လွယ်လွယ်နဲ့ အခွင့်မပေးရဘူး . . ။ဒီဖန်ရှုံးရင် မနက်ဖြန်နိုင်ဖို့အတွက် ကြိုးစားရမယ်။ ကြိုးစားမှုဟာ ယောကျ်ားကောင်းတို့ရဲ့အလုပ်ပဲ၊ ယောကျ်ားကောင်းဆိုတာ ရဲရင့်တယ်၊ မတရားတာတွေကို လက်ပိုက်မကြည့်ဘူး။ အများအကျိုးအတွက်ပဲ ရှေ့ရှုတယ် . . .။ ရှေ့ရှုခြင်းဆိုတာကလည်း ဉာဏ်ပညာလို့ခေါ်တယ်၊ အဲဒီဉာဏ်ပညာကို လူသားသတ္တဝါတွေပဲ အသုံးချနိုင်ကြတယ်။ အသုံးချနိုင်ဖို့အတွက် လူ့လောကကြီးထဲက အတတ်ပညာတွေကို တတ်မြောက်ပြီး အတွေ့အကြုံရှာဖွေဖို့လိုတယ်"

ဟု ဒသသနဆန်ဆန် စကားအရှည်ကြီးကို ပြောဆိုလိုက်လေ၏။

ထိုအခါ လူမော်နှင့် လူကျော်သည် ယောဂီဝတ်အဖိုးအိုကိုမှတ်မိသွား၏။ ထို့ကြောင့် လူမော်က ...

"ကျုပ်တို့အတွက် မှတ်သားစရာပါပဲ အဘ၊ ကျုပ်တို့မှာ လောကအတွေ့အကြုံတွေသင်ယူဖို့ အများကြီးရှိပါသေးတယ်၊ ဒါနဲ့ ကျုပ်တို့ဆီလာတာ ဘာအကြောင်းများရှိပါလိမ့်"

ဟု မေးမြန်းလိုက်ရာ အဖိုးအိုးကပြုံး၍ ...

"ရေစက်တစ်ခုဆိုရင် မမှားပါဘူး၊ မောင်ရင်တို့နဲ့ကျုပ် ဆုံဖူးတယ်နော်"

ဟု ပြောဆိုလေ၏။ ထိုအခါ လူကျော်က ဝင်၍

"ဟုတ်ပါတယ် အဘ၊ ပဲခူးမြို့ကျားဂိတ်အနီးက ကာကာဆိုင်မှာ ဆုံဖူးတယ်မဟုတ်လား"

ဟု မေးမြန်းလိုက်သဖြင့် အဖိုးအိုက ခေါင်းညိတ်ကာ ...

"မောင်ရင်တို့ မှတ်မိပေသားပဲ၊ ကဲ ... ဒါတွေထားပါတော့၊ ခုကျုပ်လာတာ မောင်ရင်တို့ အခက်အခဲကို ကူညီပေးဖို့ပဲ"

ဟု ပြောဆိုလိုက်လေလျှင် လူမော်နှင့်လူကျော်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အံ့သြသွားကြ၏။ ပြီးမှ လူမော်က ထူးဆန်းသောအမူအရာဖြင့် ...

"အဘကကျွန်တော်တို့ကိုဘယ်လိုကူညီမှာလဲ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ အဖိုးအိုက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ထိုကဲ့သို့ရယ်လိုက်ခြင်းမှာ လူမော်နှင့် လူကျော်အတွက် ပိုထူးဆန်းသွားသည်။ သို့သော် အဖိုးအိုသည် ၎င်းတို့အား လှောင်ပြောင်ခြင်း မဟုတ်ပါချေ။

အဖိုးအိုက...

"ကဲ ... ကျုပ်မပြောဘူးလား၊ လောကမှာ မထူးဆန်းတဲ့အကြောင်းအရာတွေဟာ ထူးဆန်းတတ်တယ်၊ ထူးဆန်းပါတယ်ဆိုတဲ့အရာတွေကျတော့ မထူးဆန်းတော့ပြန်ဘူး...။

ခုပဲ ... မောင်ရင်တို့က မထူးဆန်းတဲ့ကိစ္စကို ထူးဆန်းသွားကြတယ် မဟုတ်လား၊ ကျုပ်ကူညီမယ်ဆိုတာ ခု မောင်ရင်တို့ စားသောက်ထားတဲ့ ကျသင့်ငွေကို ကျုပ် ရှင်းပေးဖို့အတွက်ပဲ"

ဟု ပြောဆိုလိုက်လေရာ ဒီတော့မှ လူမော်နှင့် လူကျော် အဖိုးအိုကိုကြည့်၍ ရေငတ်တုန်းရေတွင်းထဲကျ ဆိုသကဲ့သို့ ၎င်းတို့ အခက်အခဲဖြစ်နေချိန် အဖိုးအိုအား ကျေးဇူးတင်မိသည်။ ကူညီပေးခြင်းကိုလည်း မငြင်းဆန်တော့ချေ။

ထိုအခါ လူကျော်က ကျေးဇူးတင်သော အမူအရာဖြင့် ...

"ကျုပ်တို့အခက်အခဲကို ခုလိုကူညီတဲ့အတွက် ကျေးဇူးတင်လို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဟုပြောလိုက်သဖြင့် အဖိုးအိုက ခေါင်းခါလိုက်ပြီး...

"ဒီမှာမောင်ရင်တို့ ဘာမှပြောမနေနဲ့တော့၊ တစ်ဦးနဲ့တစ်ဦး တစ်နေရာနဲ့တစ်နေရာ တစ်ချိန်မဟုတ်တစ်ချိန်ချိန်မှာ ရေစက်ရှိသူတွေအတွက် ဒါဟာ မထူးဆန်းဘူး...

ထူးဆန်းနေတာက မောင်ရင်တို့နှစ်ယောက်ရဲ့စိတ်ပဲ၊ စိတ်ဆိုတာလိုသလိုဖန်ဆင်းလို့ရတယ်၊ ကျုပ်ပြောတာ ဟုတ်မဟုတ် လက်တွေ့ပြမယ်"

ဟု ပြောဆိုကာ ပေါင်းနွှမ်းနေသော ၎င်း၏လွယ်အိတ်စုတ်ကြီးထဲမှ ယွန်းသေတ္တာလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး လူမော်နှင့် လူကျော်ရှေ့သို့ ချပေးလေ၏။

ထိုသို့ချပေးရင်း အဖိုးအိုက...

"ကဲ ... မောင်ရင်တို့ ဒီအထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာ ဖွင့်ကြည့်လိုက်ကြပါ"

ဟုပြောဆိုလိုက်၏။

ထိုအခါ လူမော်နှင့်လူကျော်သည် ထိုယွန်းသေတ္တာလေးကို ကြည့်၍တအံ့တသြဖြစ်သွား၏။ ပြီးမှ လူမော်ကယူပြီးဖွင့်လိုက်လေ၏။

ထိုအခါ ယွန်းသေတ္တာလေးထဲ၌ရှိသော အရာဝတ္ထုကို မမျှော်လင့်ဘဲတွေ့ရသောအခါလူမော်နှင့်လူကျော် တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားကြ၏။ ၎င်းတို့နှစ်ဦးစလုံးပင် မယုံကြည်နိုင်သော အမူအရာဖြင့်..

"နေလစကြာတံဆိပ်ဝိုင်းပြားလေးပဲ"

"ဒါကြောင့် အဘက ကျုပ်တို့ကို ကူညီတာကိုး"

ဟု အသီးသီး မှတ်ချက်ပြုလိုက်ကြ၏။

ထိုအခါ အဖိုးအိုက ခေါင်းညိတ်ပြီးပြုံး၍...

"ကဲ... မောင်ရင်တို့ ပဟေဠိဖြစ်နေတဲ့ကိစ္စ ရှင်းသွားသလို ထူးဆန်းတာကလည်း မထူးဆန်းတော့ဘူး မဟုတ်လား"

ဟုပြောဆိုလေရာ လူမော်နှင့်လူကျော်မှာ မည်သို့ဖြေကြားရမှန်း မသိဘဲ ဖြစ်သွားပြီး လူမော်က...

"ဒါနဲ့အဘိုးက ကျုပ်တို့မှာ အဲဒီနေလစကြာတံဆိပ်ဝိုင်းပြားလေး ရှိတာ ဘယ်လိုလုပ်သိလဲ"

ဟု မေးမြန်းလိုက်၏။

ထိုအခါ အဖိုးအိုက သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီး...

"မောင်ရင်က တယ်လည်းသတိမေ့တတ်တာကိုး၊ ကျုပ်နဲ့ မောင်ရင်တို့ ပထမဆုံတဲ့ညက ကာကာဆိုင်ထဲမှာ မောင်ရင်တို့ အဲဒီ အကြောင်းတွေ ပြောဆိုနေကြတာ မှတ်မိလား"

ဟု မေးမြန်းလိုက်သဖြင့် လူမော်နှင့် လူကျော် မှတ်မိသွားပြီး...

"ဪ...ဟုတ်ပါရဲ့"

"ဒီကိစ္စ ကျုပ်တို့က သတိမေ့နေတာဗျ"

ဟုပြောဆိုဝန်ခံလိုက်ကြလေ၏။

ထိုအခါ အဖိုးအိုက ဆက်၍...

"ဒီမှာ မောင်ရင်တို့ကို ကျုပ်တစ်ခုပြောမယ်၊ အရေးကြီးတဲ့ ကိစ္စတစ်ခု၊ ဒါမှမဟုတ် ကိုယ့်ဘဝအတွက် လုပ်ငန်းကြီးတစ်ရပ်ကို ပြီးမြောက်အောင် ဆောင်ရွက်တော့မယ်ဆိုရင် လောကကြီးထဲမှာ အလိုက်သင့်လေ့လိုမျှောပါမနေသင့်ဘူး...။

မျက်စိနားဆိုတဲ့ တံခါးပေါက်တွေကို အမြဲဖွင့်ထားဖို့လိုတယ်၊ ဥပမာ...အိမ်တစ်အိမ်မှာ တံခါးပေါက်တွေ ဖွင့်ထားကြပြီဆိုပါစို့၊ လေဝင် လေထွက်ကောင်းမယ်၊ အပြင်ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်တဲ့ အခွင့်အရေးတွေရမယ်၊လုံလောက်တဲ့အလင်းရောင်ကိုလည်းရနိုင်မယ်။ အဲ...လူ့ရဲ့မျက်စိနားဆိုတဲ့တံခါးပေါက်တွေကို ဖွင့်ထားတဲ့အခါမှာလည်း အတွေ့အကြုံကောင်းတွေရမယ်၊ လောကကြီးထဲမှာ ကိုယ်မသိ သေး

မတတ်သေးတဲ့ အကြောင်းအရာတွေကို လေ့လာသင်ယူနိုင် အောင် စူးစမ်းရှာဖွေနိုင်တဲ့ အခွင့်အရေးလည်းရှိလာမယ် . . .။ ပြီးတော့ အတွေ့အကြုံတွေရပြီး ဘယ်လိုအခက်အခဲမျိုးမဆို အလွယ်တကူကျော် လွှားနိုင်မှာလည်းဖြစ်တယ်"

ဟု ဒဿနဆန်ပြီး အကျိုးရှိသော စကားအရှည်ကြီးကို ဆိုလာ လေ၏။

ထိုအခါ လူမော်နှင့်လူကျော်သည် အဖိုးအိုကို လေးစား အထင် ကြီးသွားကြ၏။ လူမော်က...

"ခုလိုသတိပေး ပြောဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ် အဘ၊ ကျုပ်တို့သင်ယူစရာတွေ အများကြီး လိုအပ်ပါသေးတယ်"

ဟုဆိုလေလျှင် အဖိုးအိုက ခေါင်းညိတ်လိုက်ပြီး...

"သင်ယူစိတ်ဆိုတာ အောင်မြင်ဖို့လမ်းစပဲ၊ ဘယ်အရာမဆို စိတ်ကဖန်ဆင်းနိုင်တယ်လို့ ပြောခဲ့ပြီးပါပကောလား။ အဲဒီစိတ်ရှိပြီဆိုရင် အောင်မြင်မှုတစ်ဝက် ရပြီလို့သာမှတ်"

ဟုပြောဆိုလေတော့၏။

ထိုအချိန်မှာ လူမော်နှင့် လူကျော်သည် လောကကြီးထဲတွင် ၎င်းတို့အတွေ့အကြုံများစွာ ရှာဖွေရဦးမည်ဖြစ်ကြောင်း သိလိုက်ရသလို ဘယ်အရာမဆို သတိလက်လွှတ်မထားဘဲ ကျင့်ကြံနေထိုင်သင့်ကြောင်း နားလည်သွားကြ၏။

လူကျော်က သက်ပြင်းချ၍...

"ဒါနဲ့ အဘက နေလစကြာဝိုက်ကြီးရဲ့အဖွဲ့ဝင်တစ်ဦးလား"

ဟု စူးစမ်းလေရာ ထိုမေးခွန်းကြောင့် အဖိုးအိုက စိတ်လှုပ်ရှားမှု မရှိဘဲ တည်ငြိမ် အေးဆေးစွာဖြင့်...

"ဒီမေးခွန်းကို ကျုပ် ဘယ်လိုဖြေဆိုရမယ်ဆိုတာ ကြိုသိနေတယ်၊ဒါပေမယ့်...ကျုပ် မဖြေချင်သေးဘူး။ ရေစက်မကုန်လို့ မောင်ရင်တို့နဲ့ ကျုပ် လောကကြီးရဲ့တစ်နေရာရာမှာ ပြန်ဆုံတဲ့တစ်နေ့ရှိလာရင် ကျုပ်ဖြေဆိုပါ လိမ့်မယ်"

ကဲ... မောင်ရင်တို့ရဲ့ကျသင့်ငွေ ကျုပ်ရှင်းခဲ့မယ်၊ ဒီတံဆိပ်ဝိုင်း ပြားလေးကြောင့် ကူညီခဲ့တယ်လို့ပဲ သဘောထားလိုက်၊ နောက်တစ်ခု ပြောချင်တာက မောင်ရင်တို့အလိုရှိနေတဲ့အရာ ဒီရန်ကုန်မြေမှာ မလွဲမသွေ ရှိနေလိမ့်မယ်ဆိုတာပဲ။ မောင်ရင်တို့မှာ အစွမ်းအစဘယ်လောက်ရှိတယ်ဆိုတာ ဒါစိန်ခေါ်လိုက်တာပဲ၊ ကဲ...ကျုပ်သွားပြီ"

ဟု ပဟေဠိဆန်သော သဲလွန်စအဖြစ် သတ်မှတ်နိုင်သောစကားများကို ပြောဆို၍ ထွက်ခွာသွားလေတော့၏။

ထိုအခါ လူမော်နှင့်လူကျော်သည် အဓိပ္ပါယ်ရှိသော အဖိုးအို၏ စကားများအတွက် အဖြေရှာရင်း ၎င်းတို့အလိုရှိရာရန် သူတော်ကြီး ဦးကျော်ခေါင်အား အမြန်ဆုံးရှာဖွေရန် တွန်းအားပေးလိုက်သလိုဖြစ်သွား ကြောင်း သုံးသပ်မိလေ၏။

ထို့အတူ ၎င်းတို့လာရခြင်းရည်ရွယ်ချက်ကို ထိုအဖိုးအို ကြိုများ သိနေသလောဟူ၍လည်း သံသယဖြစ်မိသွားသည်။

သို့ရာတွင် နေလစကြာ့တံဆိပ်ပိုင်းပြားလေး ၎င်းတို့ထံ၌ရှိနေခြင်းက ၎င်းတို့၏အကြီးမားဆုံးလုပ်ငန်းကြီးအတွက် များစွာအထောက်အကူပေးနေကြောင်းသိရ၏။ ထို့ကြောင့်တရုတ်ဘိန်းစားကြီးကိုလည်း စိတ်ထဲက အခါခါကျေးဇူးတင်ဖြစ်ကြသည်။

ထို့နောက် လူမော်နှင့်လူကျော်သည် အဖိုးအိုပြောသွားသည့်အတိုင်း ဤရန်ကုန်မြေ၌ ၎င်းတို့အလိုရှိနေသော လူသတ်မာဦးကျော်ခေါင်တစ်ထစ်ချရှိနေမည်ဟူ၍ ယုံကြည်ကာထိုတိုက်စွတ်အမြန်ဆုံး အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်ကြောင်း ခိုင်မာစွာဆုံးဖြတ်ချက်များကို ချလိုက်ကြလေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

# (၇)

ဤသို့ဖြင့် လူမော်နှင့်လူကျော်သည် ၎င်းတို့အလိုရှိရာ လူယုတ်မာ ဦးကျော်ခေါင်အား ရှာဖွေရာ၌ သုံးစွဲရန်အတွက် တရုတ်ဘိန်းစားကြီး ပေးလိုက်သော ရွှေဒင်္ဂါးလေးပြားအနက် နှစ်ပြားကို ရွှေဆိုင် တစ်ဆိုင်သို့ သွားရောက်၍ ထုခွဲရောင်းချလိုက်ကြ၏။

ပြီးနောက် ဈေးအသက်သာဆုံး တည်းခိုခန်းတစ်ခုကိုတည်း၍ နေထိုင်လိုက်ကြ၏။

ထိုသို့ နေထိုင်ရင်းဖြင့် ရန်ကုန်မြို့အနှံ့ ခြေဆန့်၍ ဦးကျော်ခေါင် သတင်းအား စုံစမ်းသည်။

သို့သော် အချည်းအနှီးသာ။ တစ်ရက်ပြီးတစ်ရက်သာ ကုန်ဆုံးလာသည်။ ၎င်းတို့အလိုရှိသော လူယုတ်မာ ဦးကျော်ခေါင်၏ သတင်းအား မရရှိကြချေ။

ထိုအခါ ရွှေဒင်္ဂါးနှစ်ပြား ထုခွဲရောင်းချထားသည့် ငွေကြေးမှာ ကုန်သွားပြီး၊ ကျန်ရှိသော ရွှေဒင်္ဂါးနှစ်ပြားကိုပါ ထိုဆိုင်သို့ပင် သွားရောက်၍ ထုခွဲရောင်းချလိုက်ရပြန်၏။

သို့ဖြင့် လူမော်နှင့် လူကျော်သည် လက်မလျှော့သေးပဲ ဦးကျော်ခေါင် အား ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ထိုသို့ ရှာဖွေစုံစမ်းနေခဲ့ခြင်းကြောင့် ယခင်က ကျင်လည်မှုမရှိသော ရန်ကုန်မြို့နေရာအနှံ့အပြားတို့ကို ကျွမ်းကျွမ်းကျင်ကျင် ဖြစ်လာကြသည်။

တစ်ညသော်၌ လူမော်နှင့်လူကျော်သည် ထူးဆန်းသော အိပ်မက် တစ်ခုကို တစ်ညတည်း တစ်ချိန်တည်း၌ မြင်မက်ကြသည်။

ထိုအိပ်မက်က အခါတိုင်းမက်နေကျ အိပ်မက်ထက် ပိုထူးဆန်း ပြီး ပိုစိတ်ဝင်စားဖွယ် ကောင်းသည်။

ရုပ်ပြောင်း ရုပ်လွှဲပညာနှင့် ပရိယာယ်ကျွမ်းကျင်သော ဦးကျော်ခေါင် ရန်ကုန်မြို့တစ်နေရာ၌ ယောဂီဝတ်အသွင် ပြောင်းလဲ၍ နေထိုင်ပုန်းအောင်းနေခြင်းကို ၎င်းတို့တွေ့ရှိသွားသော ရှေ့ပြေးနိမိတ် အိပ်မက်အမျိုးအစားပင်ဖြစ်၏။

ထိုအိပ်မက်ကိုမက်ပြီးအိပ်ယာမှနိုးထလာကြသောအခါလူမော် နှင့်လူကျော်သည် တိုက်ဆိုင်သော ထိုအိပ်မက်အကြောင်းကို ပြောဆို၍ သဲလွန်စတစ်ခုကို သတိရသွားကြ၏။

ထိုအရာမှာ ၎င်းတို့ရန်ကုန်မြို့သို့ရောက်ခါစ ခေါက်ဆွဲကြော်စားစဉ်က ဒုတိအကြိမ်အဖြစ် ဆုံခဲ့သော ယောဂီဝတ်အဖိုးအိုဟု သံသယဝင်သွားခြင်းကြောင့်ဖြစ်၏။

သို့ရာတွင် လူယုတ်မာဦးကျော်ခေါင်ကိုယ်တိုင် ယောဂီဝတ်အဖိုးအိုအသွင်ပြောင်းနေပါလျှင် ၎င်းတို့အား အသိပေးစရာမလိုသလို ကူညီပေးလိမ့်မည်လည်း မဟုတ်ချေ။

ပြီးတော့ ၎င်းထံ၌ နေလစကြာဂိုဏ်း၏ တံဆိပ်ပိုင်းပြားလေးလည်းရှိနေ၏။ အကယ်၍ ၎င်း၏ရန်သူများအဖြစ် သိထားသော ၎င်းတို့အား အသိပေးကူညီစရာမလိုဘဲ ထိုအချိန်ကတည်းက အန္တရာယ်ပြုနိုင်သည်။

လူမော်နှင့်လူကျော်သည် ထိုကိစ္စများကို အဖြေရှာသော်လည်း ခေါင်းသာခြောက်လာကြသည်။ နိုင်မာတိကျသောအဖြေကား ထွက်မလာချေ။

နောက်ဆုံး လူယုတ်မာ ဦးကျော်ခေါင်အား မတွေ့မချင်း ရန်ကုန်မြို့က မခွာတော့ဟု ဆုံးဖြတ်ချက်ချလိုက်ကြ၏။

ထိုကဲ့သို့ ဆုံးဖြတ်ပြီးနောက် လက်ထဲတွင် ငွေစအနည်းငယ်သာကျန်ရှိတော့သဖြင့် လူမော်နှင့်လူကျော်သည် ၎င်းတို့စီးနေကျလန်ချားဆွဲသော မောင်လှအားသတိရပြီး မောင်လှနှင့်တွေ့ဆုံ၍ ၎င်း၏အကူအညီနှင့်ပင် လန်ချားဆွဲသောအလုပ်ကို ဝင်လုပ်ကြလေ၏။

လူမော်နှင့် လူကျော်သည် အလုပ်ကြမ်းများ လုပ်ဖူးသော်လည်း ဤမျှပင်ပန်းသောလန်ချားဆွဲသည့်အလုပ်အားမလုပ်ဖူးခဲ့သဖြင့်လွန်စွာမှပင်ပန်းခဲ့သည်။

သို့ရာတွင် လူယုတ်မာ ဦးကျော်ခေါင်အား ရှာတွေ့ရေးနှင့် လက်စားချေနိုင်ရေးအတွက် အလုပ်ကိုအောင့်အည်းပြီးလုပ်ကိုင်ကြရလေ၏။

လန်ချားဆွဲသောအလုပ်ကိုထိုအချိန်ကဒဏ်ခံနိုင်သောကုလားလူမျိုးများသော အများဆုံးလုပ်ကိုင်လေ့ရှိတာ တွေ့ရပါသည်။ ထိုအလုပ်ကိုလုပ်ေ   ၁ ၎င်းတို့နှစ်ယောက်လုံးကို မောင်လှကိုယ်တိုင် အုံ့ဩလျက်ရှိ၏။

မည်သို့ကြောင့် ထိုအလုပ်ကို အပင်ပန်းခံပြီး လုပ်ကြောင်းကိုတော့ မောင်လှအား အသိမပေးခဲ့ချေ။ ရန်ကုန်မြို့၌ ရပ်တည်နေထိုင်ရေးအတွက်ဟုသာ ပြောဆိုခဲ့သည်။

ထို့နောက် လူမော်နှင့်လူကျော်သည် ယခင်တည်းခိုနေထိုင်သော တည်းခိုခန်း၌ မတည်းတော့ဘဲ ကြည့်မြင်တိုင်ရှိ လန်ချာ ွဲသောအလုပ်သမားတန်းလျား၌ မောင်လှနှင့်အတူ ပြောင်းရွှေ့  ထိုင်ခဲ့ကြသည်။

အလုပ်သမားတန်းလျားရှိ ကုလားများနှင့်လည်းရင်းနှီးကျွမ်းဝင်လာကြသည်။ ထိုလူများသည် ကုလားစုစု၍ အလုပ်ကို ကြိုးစားပမ်းစားလုပ်ကိုင်ကြသူများဖြစ်၏။ ထိုသူတို့၏လုပ်ရည်ကိုင်ရည်ဖွံလုံ့လကိုလည်းသူညာရခဲ့၏။

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် လန်ချားဆွဲသောအလုပ်ကိုလုပ်ကိုင်ရင်းတစ်နေ့သ၌ ရန်ကုန်မြို့၏အထင်တရ ဗိုလ်တထောင်ဘုရားပွဲတွင် ပြဇာတ်နှင့်အငြိမ့်ကို ရုံသွင်းပြသမည်ဖြစ်ကြောင်း သိရှိရသဖြင့် ထိုပွဲတော်ရက်အတွင်း လန်ချားအလုပ်ပို၍ ဖြစ်မည်ဖြစ်ကြောင်း သိရှိခဲ့သလို ပြဇာတ်နှင့်အငြိမ့်တို့ကို လွန်စွာမှ ကြိုက်နှစ်သက်ခဲ့သဖြင့် အပြတ်ကိုကြည့်ကြမည်ဟုလည်းအားခဲခဲ့ကြလေ၏။

ဤသို့ဖြင့် ဗိုလ်တထောင်ဘုရားပွဲတော်ရက်သို့ ရောက်ရှိလာပြီပင် ဖြစ်လေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၈)

လူကုံထံစာရင်းဝင်သော မိန်းမချောလေး မေရီနှင့်မေကြည်ညီအစ်မသည် ယနေ့ည ဗိုလ်တထောင်ဘုရားပွဲတော်တွင် ရှိသွင်းပြသမည့် ပြဇာတ်နှင့်အငြိမ့်ကို သွားရောက်ကြည့်ရှုရန်အတွက် အစွမ်းကုန်အလှအပ ပြင်ဆင်ထားပြီးလျှင် ပွဲတော်သို့သွားရန် လွန်စွာမှ စိတ်လောနေကြ၏။

အဘယ်ကြောင့်ဆိုသော် ပွဲတော်သို့ ကားနှင့်သွားရန် သူမတို့၏ အစ်ကိုကကီစ္စတစ်ခုကြောင့် အပြင်သို့ကားယူသွားပြီး အချိန်မီပြန်မရောက်လာသေးသဖြင့် ယခုကဲ့သို့ စိတ်လောနေခြင်းဖြစ်၏။

ထိုအခါ အစ်မဖြစ်သူ မိန်းမချောလေး မေရီက စိုးရိမ်ပူပန်သော အမူအရာဖြင့် . . .

"ဒုက္ခပါပဲ၊ အစ်ကိုက ခုချိန်အထိ ပြန်မရောက်သေးဘူး။ နောက်ကျတော့မှာပဲ"

ဟုညည်းညူလိုက်၏။

ထိုအခါညီမဖြစ်သူမိန်းမချောလေးမေကြည်ကလည်းစိတ်ပျက်သောအမူအရာဖြင့်...

"အဲဒါကြောင့် အစ်ကိုကစိတ်ညစ်ဖို့ကောင်းတာ၊ဒီညဗိုလ်တထောင်ဘုရားပွဲတော်မှာ အပြိုင်ကြည့်မယ်လို့ ပြောထားရဲ့သားနဲ့ ဘယ်များသဝေထိုးနေသလဲ မသိပါဘူးနော်"

ဟုဆိုလိုက်ရာ မေရီသည် ထိုင်ရာမှထလိုက်ပြီး...

"အချိန်မီပြန်မလာရင် ဘယ်လိုလုပ်မလဲ ညီမလေး"

ဟုမေးလိုက်၏ထိုအခါအကြံဉာဏ်ကောင်း၍ သွက်လက်သောမေကြည်က တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး...

"ခဏစောင့်ကြည့်လို့မှ ပြန်မရောက်ရင် မေကြည်တို့ ဘာသာသွားကြမယ်"

ဟု ဖြေလိုက်သဖြင့် မေရီက မျက်မှောင်ကြုတ်၍...

"သွားတာတော့ဟုတ်ပါပြီ၊ ဘာနဲ့သွားမှာလဲ"

ဟု မေးလိုက်ပြန်၏။

ထိုအခါ မေကြည်က ဒီလောက်အရေလားဆိုသည့် အကြည့်မျိုးနှင့်ကြည့်ကာ...

"အစ်မရယ်၊ ဒီလောက်လည်း စိတ်မညစ်ပါနဲ့တော့ လိုသလိုမဖြစ်တော့လည်း ဖြစ်သလိုလုပ်ဖို့ တစ်နည်းပဲရှိတယ်"

ဟုဖြေလိုက်လေရာ မေရီက သဘောမကျဟန်ဖြင့် ...

"အေး ... သွားတာတော့ ငါသိတာပေါ့၊ အဲဒီကို ဘာနဲ့သွားမှာလဲ မေးတာ၊ ဒီအတိုင်းခြေလျင်လျှောက်သွားရမှာလား"

ဟုမေးလိုက်လေ၏။

ထိုအခါ မေကြည်က အဖြစ်သည်းနေသော အစ်မဖြစ်သူ မေရီကို ကြည့်၍ ရယ်မောလိုက်ပြီး ...

"ဟင်း ... ဟင်း ... ဟင်း ... အစ်မရယ်၊ မေကြည်တို့ ဒီအတိုင်း သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မသွားရင်လည်း အငြိမ့်ကြိုက်တဲ့ ညီမလေးတို့ ကြီးမားတဲ့ ဆုံးရှုံးမှုကြီး ဖြစ်သွားမှာပေါ့၊ ဒီတော့ ခြေလျင်သွားတာထက် စာရင် လန်ချားစီးသွားရင် မကောင်းဘူးလား"

ဟု အကြံပေးလိုက်ရာ စိတ်ပူနေသော မေရီမှာ ကလေးတစ်ယောက်ကဲ့သို့ ထခုန်မိမတတ် ပျော်ရွှင်သွားပြီး ...

"ဟယ် ... ဟုတ်ပါရဲ့ သွားချင်တဲ့ စိတ်သာကြီးနေတာ၊ လန်ချားနဲ့ သွားရင် အဆင်ပြေတယ်ဆိုတာ သတိမရဘူး၊ သိုင်းကျူးပဲ ညီမလေးရေ"

ဟု တက်ကြွစွာ ဆိုလိုက်လေ၏။

ထိုအခါ မေကြည်က စိတ်အားထက်သန်စွာဖြင့် ...

"ဒါဆို ဘာမှစဉ်းစားမနေနဲ့တော့ လမ်းထိပ်မှာ လန်ချားတွေ ရှိတယ်၊ အဲဒီကိုတစ်ခါတည်း ထွက်ပြီးသွားမယ်"

ဟု ပြောဆိုလိုက်ပြီး မေရီနှင့် မေကြည်ညီအစ်မသည် ယူစရာရှိသည်များကို ယူဆောင်ကာ အိမ်နှင့်ခြံတံခါးသော့ခတ်ပြီးနောက် လန်ချားများရှိရာ လမ်းထိပ်ဘက်သို့ ထွက်ခဲ့ကြလေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၉)

လူမော်နှင့် လူကျော်သည် ဒီနေ့ညစိုလ်တထောင်ဘုရားပွဲတော်တွင် အငြိမ့်ကြည့်ရင်း လန်ချားဆွဲရန် ထွက်ခဲ့ကြ၏။

လူတစ်ယောက်စီ လန်ချားပို့ပေးပြီး တစ်နေရာသို့အရောက်တွင် မိန်းမချောလေးနှစ်ဦးမှ လှမ်းခေါ်သဖြင့် လူမော်နှင့်လူကျော် ရောက်သွားကြသည်။

အနားရောက်သည့်အခါ ကြည်ပြာရောင် ဝမ်းဆက်ဝတ်ဆင်ထားသော မိန်းမချောလေးက . . .

"လန်ချားအားလား"

ဟု မေးလေ၏။

ထိုအခါ လူမော်က ခေါင်းညိတ်၍ . . .

"ဟုတ်ကဲ့ . . . အားပါတယ်၊ အစ်မလေးတို့က ဘယ်သွားချင်ပါသလဲ လိုက်ပို့ပေးပါ့မယ်"

ဟု ရိုးသားစွာပြောလိုက်လေရာ ဖက်ဖူးရောင်ဝမ်းဆက်ဝတ်ဆင်ထားသော မိန်းမချောလေးကဝင်၍...

"ကျွန်မတို့ ဗိုလ်တထောင်ဘုရားပွဲသွားချင်တယ်၊ လိုက်ပို့ပေးပါ၊ ဒါနဲ့ ဘယ်လောက်ပေးရမလဲ"

ဟု သွားမည့်နေရာပြောပြီး ဈေးမေးလေ၏။

ထိုအခါ လူမော်ကပြုံး၍...

"အစ်မလေးတို့ သင့်တော်သလိုပေးပါ၊ ကျုပ်တို့လည်း ဘုရားလည်းဖူး လိပ်ဥလည်းတူးရတာပေါ့"

ဟု ပြောလိုက်သဖြင့် မိန်းမချောလေးနှစ်ဦးမှာ လွန်စွာမှပေါက်ကွဲသွားကြပြီး ကြည်ပြာရောင်ဝမ်းဆက် ဝတ်ထားသော မိန်းမချောလေးက...

"ရှင် ဘာစကားပြောတာလဲ၊ ပါးကျိုးသွားချင်လို့လား"

ဟု ရန်တွေ့လေ၏။

ထိုအခါ လူမော်က ပျာပျာသလဲဖြင့်...

"ဟာ...ကျုပ်စကားကို တစ်မျိုးမထင်ပါနဲ့၊ ကျုပ်တို့အငြိမ့်လည်းကြည့်ရင်း လန်ချားလည်း ဆွဲရအောင်ဆိုတဲ့ သဘောပြောတာပါ"

ဟု ရှင်းပြလိုက်မှ မိန်းမချောလေးနှစ်ဦး နားလည်သဘောပေါက်သွားပြီး...

"ဒါဆိုလည်း စကားကို ရှင်းရှင်းပြောပါလား၊ ကဲ...တော်ရည် မနေနဲ့တော့၊ လိုက်ပို့မလား၊ မပို့ဘူးလား ဒါပဲပြော"

ဟု ဖက်ဖူးရောင်ဝမ်းဆက်နှင့် မိန်းမချောလေးက ငင်းတို့အား အားနာသောအမူအရာဖြင့် ကြည့်၍...

"အားနာစရာ ညီမလေးရယ်၊ ခုနမသိလို့ ပြောမိတာခွင့်လွှတ်ပါ နော်"

ဟုတောင်းပန်လေရာ ထိုအခါ လူမော်ရော လူကျော်ပါ ခေါင်း ညိတ်၍...

"ကိစ္စမရှိပါဘူးဗျ၊ ရပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ်တို့ကလည်း စကားကိုမရှင်းမလင်း ပြော လိုက်မိတာကိုး"

ဟု ရှင်းပြလိုက်လေတော့၏။

ဤသို့ဖြင့် ငင်းတို့နှစ်ဦးနှင့် မိန်းမချောလေးနှစ်ဦးပြေလည် သွားပြီး ဗိုလ်တထောင်ဘုရားပွဲတော်ရှိရာသို့ လန်ချားဆွဲ၍ လိုက်ပို့ခဲ့လေ တော့၏။

ထို့နောက် (ရှော်တန်း-ယခင်) (ဆူးလေဘုရားလမ်း-ယခု)သို့ အရောက်တွင် လူမော်နှင့် လူကျော်ဆွဲလာသော လန်ချားရှေ့သို့ ဒေါ်စတင်းကားလေးတစ်စီး ထိုးဆိုက်လာပြီး မျက်နှာဖြူအမှုထမ်း

မြန်မာလူမျိုးအရာရှိတစ်ဦးနှင့် တပည့်နှစ်ယောက် ကားပေါ်မှဆင်းလာပြီး ဝိတ်ရုပ်လေ၏။

ထိုအခါ လူမော်နှင့် လူကျော်မှာ အူကြောင်ကြောင်နှင့် လန်ချား များကို ရပ်ပစ်လိုက်ရသည်။

"အိုး...ဂေါ့...မေရီနဲ့မေကြည်တို့ပါလား။ ဘယ်သွားမလို့ပါလိမ့်၊ ကြည့်ရတာ ဗိုလ်တထောင်ဘုရားပွဲတော်တူပါရဲ့၊ သွားချင်တယ်ဆိုလဲ ကိုယ့်ကို အကြောင်းကြားလိုက်ရောပေါ့၊ ဘယ့်နှယ် ဒီကျက်သရေမရှိ မင်္ဂလာမရှိ လန်ချားအစုတ်တွေ စီးပြီးသွားရတယ်လို့"

ဟု မြန်မာလူမျိုး ရာဇဝတ်အုပ်က ပြောလေ၏။

ထို့ကြောင့် လူမော်နှင့် လူကျော်သည် ထိုရာဇဝတ်အုပ်၏ စကား ကြောင့် ဒေါသထောင်းခနဲထွက်သွား၏။ မိန်းမချောလေးများကိုပြော သည်မှန်သော်လည်း ၎င်းတို့လန်ချားဆွဲသူများအား အထင်သေး စော်ကားလိုက်သလို သဘောသက်ရောက်သွား၏။

သို့သော် မေရီဆိုသော ကြည်ပြာဝမ်းဆက် ဝတ်ထားသော မိန်းမချောလေးက လန်ချားပေါ်မှဆင်းလိုက်ပြီး...

"ရှင် ဘာစကားပြောတာလဲ၊ လန်ချားဆွဲတာ လူတွေရှင့်သိရဲ့လား။ လူတွေဆွဲတာကို လူတွေစီးတာ ဘာဖြစ်လဲ၊ ရှင်လူကြီး လူကောင်း ဖြစ်ပြီး ဒီလိုကလေးကလားဆန်တဲ့စကားမျိုး မပြောပါနဲ့"

ဟု ၎င်းတို့ လန့်ရှားဆွဲသူများဘက်မှ ရပ်တည်၍ ရန်တွေ့လိုက်လေ၏။

ထိုအခါ မေကြည်ဆိုသူ ဇာတ်ဖူးရောင်ဝမ်းဆက်ဝတ်ထားသော မိန်းမချောလေးကလည်းဝင်၍…

"ဟုတ်တယ် . . . ရှင်တာ မျက်နှာဖြူအရာရှိတစ်ယောက်ဖြစ်တယ်ဆိုပြီး လေလုံးမထွားစမ်းပါနဲ့၊ ရှင်ကို ကြိုအကြောင်းကြားပြီး တော့ရော လိုက်စရာလား"

ဟု ကက်ကက်လန် ရန်တွေ့လိုက်လေရာ လူမော်နှင့် လူကျော်သည် ခုမှမိန်းမချောလေးနှစ်ဦးအား အာဝမိန်းကလေးနှစ်ဦးဖြစ်ကြောင်း သိပြီး အထင်ကြီး လေးစားသွားမိသလို ညီအစ်မဖြစ်ကြောင်းလည်း သိရှိလိုက်ရ၏။

ထိုအခါ ရာဇဝတ်အုပ်သည် မိန်းမချောလေးနှစ်ဦး၏ စကားကြောင့် ချက်ချင်းမျက်စိမျက်နှာပျက်သွားပြီး…

"ဩော် . . . နင်တို့က ဒီလောက်လေသံတွေ ပြောင်းနေကြပြီလား။ ဒီကစေတနာနဲ့ အခွင့်အရေးပေးတာကို စေတနာမှန်းမသိတဲ့ဟာတွေ ရာဇဝတ်အုပ်သာကျော်အကြောင်း ပြရဦးမှာပေါ့"

ဟု ကြိမ်းဝါးပြီး ၎င်း၏တပည့်နှစ်ဦးဘက်သို့လှည့်ကာ…

"ဟေ့ကောင်တွေ အဲဒီဟာမနှစ်ယောက်ကို ဘားပေါ်ဆွဲတင်ကြစမ်း"

ဟု အမိန့်ပေးလိုက်သဖြင့် ငှင်း၏တပည့်နှစ်ဦးက မိန်းမချော လေး ညီအစ်မကို ဝင်ရောက်ဆွဲလေတော့၏။

ထိုအခါ လှမော်နှင့် လှကျော်သည် တစ်ဖက်နှင့်တစ်ဖက် ဆက်ဆံရေးကို နားလည်လိုက်ပြီးဖြစ်သဖြင့် ရာဇဝတ်အုပ်တွေ၊ ဘာတွေစဉ်းစားမနေတော့ဘဲ အပေါင်းဝင်ရောက်ဆွဲသော ငှင်း၏တပည့်နှစ်ဦးအား ဒူးပျံနှင့်ခုန်တိုက်၍မြေပေါ် ခြေပြန်အကျမှာပင် ပင့်လက်သီး၊ ဝိုက်၍ဖဲလက်သီးများဖြင့် ဆုံးမလိုက်လေတော့၏။

ထိုအချိန်တွင် ရာဇဝတ်အုပ်သည် မျက်လုံးမျက်ဆံပြူးသွားပြီး အခြေအနေကို ရိပ်စားမိကာ အိတ်ထဲမှ သေနတ်ထုတ်ရန် ကြိုးစားလိုက်၏။

သို့ရာတွင် လှမော်နှင့် လှကျော်တို့နှစ်ယောက်လုံး ငယ်စဉ်ကတည်းက သိုင်းပညာများသင်ကြားပြီး အဆင့်မြင့်မြင့် တက်မြောက်ကျွမ်းကျင်သူများဖြစ်သဖြင့် လျှပ်တစ်ပြက် လျှပ်စီးလက်သလို ကျွမ်းတစ်ပတ်ပစ်၍ လှမော်က သေနတ်ထုတ်ရန်လက်ကို ခြေဖြင့်ခတ်လိုက်သလို လှကျော်ကလည်းရာဇဝတ်အုပ်၏မေးရိုးကိုခြေဖြင့်ဝိုက်ခတ်ပစ် လိုက်၏။

ထိုအခါ ရာဇဝတ်အုပ်သည် မည်သို့မျှ ကြိုးစားချိန်မရလိုက်ဘဲ အဓောက်လေးအထိနာကာ မြေပေါ်သို့လဲကျသွားလေ၏။

ထို့နောက် လူမော်က လဲကျသွားသော ရာဇဝတ်အုပ်အပေါ်မှ ကားယားခွ၍ လက်သီးနှင့် ဆင့်ကဲဆင့်ကဲ ထိုးပစ်လိုက်၏။

"သေစမ်း...ခွေးကောင်၊ မင်းတို့ပတွေအားကိုးနဲ့ လုပ်ချင်တိုင်း လုပ်လို့မရဘူးကွ"

ဟု လူမော်က ပြောလည်းပြော ထိုးလည်းထိုးလိုက်၏။

ထိုအချိန်မှာ မိန်းမချောလေးနှင့်ဦး စိုးရိမ်တကြီး ပြေးဝင်လာပြီး မေရီဆိုသူက...

"တော်ပါတော့ရှင်...တော်ပါတော့၊ ရှင်တို့လက်လွန်ကုန်လိမ့် မယ်"

ဟု ဝင်ရောက်တားမြစ်လေ၏။

ထိုအခါ လူမော်က ဒေါသစိတ် မပြေယ်သေးဘဲ...

"ဒီကောင်တွေကို အသေတောင်သတ်ပစ်ချင်တာဗျ၊ သခင် အားရ ကျွန်းပါးဝတဲ့ကောင်တွေ"

ဟုပြောဆိုလေရာ မေရီက...

"ဘာပဲဖြစ်ဖြစ် ဒီလောက်ဆို မှတ်လောက်သားလောက်ရှိပါပြီ၊ ကျွန်မတို့ကြောင့် ဖြစ်ရတာ စိတ်မကောင်းပါဘူး"

ဟု စိုးရိမ်သောအမူအရာဖြင့် ပြောလေ၏။

ထိုအခါ မေကြည်ဆိုသူ မိန်းမချောလေးကလည်း ထိတ်လန့်သွားသောအမူအရာဖြင့်...

"ကျွန်မတို့ကြောင့် ရှင်တို့တော့ ဒုက္ခရောက်ပြီထင်တယ်"

ဟု... ရေရွတ်လေရာ ထိုအခါ လူမော်နှင့် လူကျော်က အလေးမထားသော ပုံစံဖြင့်...

"ဒီကောင်တွေကို ခုလိုဆုံးမလိုက်ရလို့ ဒုက္ခရောက်ချင်ရောက်ပါစေ၊ ကျုပ်တို့ဂရုမစိုက်ဘူး"

ဟုပြောလိုက်၏။

ထိုအခါ မေရီနှင့်မေကြည် ညီအစ်မက ခေါင်းယမ်းလိုက်ရင်း မေရီက...

"ဘာပဲဖြစ်ဖြစ် ဒီကောင်တွေအကြောင်းကျွန်မတို့က ပိုသိတယ်၊ အင်မတန်မှ ကောက်ကျစ်ပြီး စိတ်ထားယုတ်ညံ့တဲ့သူတွေ ကျွန်မတို့အစ်ကိုက သူနဲ့လုပ်ဖော်ကိုင်ဘက်ဖြစ်လို့ အခွင့်အရေးပေးပြီး ဆက်ဆံတာကို အကောင်းမှတ်လို့ ကျွန်မတို့ညီအစ်မကို အမြဲနှောက်ယှက်ကြတယ်...

ရှင်တို့နဲ့တွေ့လို့ တော်သေးတာပေါ့၊ ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီနယ်မြေမှာ ရှင်တို့နှစ်ယောက်အတွက်တော့ အန္တရာယ်ရှိသွားတာ စိတ်မကောင်းဘူး"

ဟု ရှည်လျားစွာ ပြောဆိုလာတော့၏။

ထိုအခါ လူမော်က ခေါင်းရမ်းလိုက်ပြီး…

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားတို့ကို ကူညီခွင့်ရတာကိုပဲ ကျေနပ်ပါတယ်"

ဟုပြောလိုက်၏။ ထိုအခါ လူကျော်ကလည်းဝင်၍…

"ဟုတ်တယ် အမိတို့၊ ကျုပ်တို့နှစ်ယောက်အတွက် ဘာမှပူမနေပါနဲ့၊ ကျုပ်တို့က လုပ်ရဲရင်ခံရဲပါတယ်"

ဟုဆိုလိုက်သဖြင့် မေရီနှင့်မေကြည်ညီအစ်မနှစ်ယောက် တအံ့တသြဖြစ်ကာ ၎င်းတို့အား အထင်ကြီး လေးစားသွားကြပုံရ၏။ မေရီက..

"ဘာပဲဖြစ်ဖြစ် ရှင်တို့တော့ ဒုက္ခမရောက်စေချင်ဘူး၊ တခြားအလုပ်ပြောင်းလုပ်မှ ဖြစ်လိမ့်မယ်ထင်တယ်"

ဟု အကြံပြုလေ၏။

ထိုအခါ လူမော်နှင့်လူကျော်က ခေါင်းယမ်းခါလိုက်ရင်း လူမော်က…

"ကျုပ်တို့မှာ ဒီအလုပ်ကလွဲပြီး ဘာအလုပ်မှ လုပ်စရာမရှိဘူးဗျ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အတွက် စိတ်မပူပါနဲ့ဗျာ၊ ကိုယ့်ဒေသ မဟုတ်တဲ့အတွက် အစကတည်းက မျက်စိနားအကုန်ဖွင့်ထားပြီးသားပါ"

ဟု ပြောဆိုလိုက်သဖြင့် မေရီနှင့်မေကြည်မှာ အံ့ဩသွားကြပြီး မေရီက . . .

"ဟင် . . . ရှင်က ဒီမြို့က မဟုတ်ဘူးလား"

ဟု မေးလာ၏။

ထိုအခါ လူမော်ကခေါင်းခါ၍ . . .

"မဟုတ်ဘူးဗျ၊ သူနဲ့ကျုပ်က မြန်မာပြည်အထက်ပိုင်းနဲ့ အောက်ပိုင်းကလာပြီး ဆုံကြတာ၊ ဘာပဲဖြစ်ဖြစ် ဒါတွေထားလိုက်ပါဗျာ၊ ကျုပ်တို့မှာ အန္တရာယ်ရှိလည်း ဒဲဒီအန္တရာယ်ကို ကြည့်ရှောင်ပါ့မယ်"

ဟု ပြောဆိုလိုက်လေတော့၏။

ထိုအခါ မေရီက . . .

"ဒါဆိုရင် ကျွန်မတို့ ဗိုလ်တထောင်ဘုရားပွဲတော်လည်း သွားလို့ မဖြစ်တော့ဘူး၊ လာလမ်းအတိုင်းပြန်လှည့်တာပဲ ကောင်းမယ်ထင်တယ်"

ဟုဆိုလိုက်သဖြင့် လူမော်က ခေါင်းညိတ်လိုက်ပြီး . . .

"အမိတို့သဘောပါပဲဗျာ"

ဟုပြောလိုက်လေ၏။

ထိအခါမေရီက . . .

"ဒါဆိုလည်း ကျွန်မတို့ကို အိမ်ပဲပြန်ပို့ပါတော့"

ဟုဆိုသဖြင့် လူမော်နှင့် လူကျော်သည် လာလမ်းအတိုင်းပြန် လှည့်၍လမ်းချားများကို ဆွဲခဲ့လေတော့၏။

သို့ဖြင့် မိန်းမချောလေးများ၏ ခြံကြီးရှေ့သို့ ရောက်သည့်အခါ မေရီက…

"ခုလို ဒုက္ခပေးသလို ဖြစ်မိတဲ့အတွက် စိတ်မကောင်းပါဘူး၊ ရှင်တို့ရဲ့စိတ်ဓာတ်နဲ့ လုပ်ရပ်ကိုတော့ ကျွန်မတို့ ညီအစ်မလေးစား မှတ်တမ်းတင်ပါတယ်၊ ရှင်တို့လို မြန်မာပြည်မှာ အများကြီးရှိသင့်တယ်"

ဟုပြောလာသဖြင့် လူမော်က…

"ဘာဖြစ်လို့လဲ"

ဟု စိတ်ဝင်တစားမေးမြန်းလိုက်၏။

ထိုအခါ မေရီက တွေးတွေးဆဆဖြင့်…

"ဘာကြောင့်လဲဆိုတော့ မြန်မာလူမျိုးတွေ မျက်နှာဖြူတွေရဲ့ စော်ကားတာကို မခံရအောင်လို့ပေါ့"

ဟုဆိုလိုက်ရာ လူမော်ကပြုံး၍…

"အမိတို့မှာ ဒီလိုစိတ်မျိုးရှိရက်နဲ့ အမိတို့အစ်ကိုက ဒီမျက်နှာဖြူ တွေရဲ့ လက်အောက်မှာ ဘာကြောင့်အမှုထမ်းနေသလဲ"

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မေရီက စိတ်မကောင်းသောအမူအရာဖြင့်…

"ဒါကတော့ အခြေအနေ အကြောင်းကြောင်းကြောင့်ပေါ့ရှင်၊ ဒါတွေ နောက်မှပဲရှင်းပြတော့မယ်၊ ရှင်တို့အတွက် အန္တရာယ်ရှိသွားပြီ ဆိုတာကို မမေ့ပါနဲ့…

ကျွန်မတို့အိမ်လိပ်စာလည်း မှတ်သွားပါ၊ ရှင်တို့နှစ်ယောက်အတွက်ကြုံရင် အိမ်အလည်လာဖို့ ဖိတ်ခေါ်ပါတယ်"

ဟုပြောလေရာ လူမော်က…

"စုလိုသတိပေးပြီးဖိတ်ခေါ်တဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ကဲ…ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

ဟုနှုတ်ဆက်လိုက်၏။

ထိုအခါ မေရီက တစ်စုံတစ်ရာ သတိရသွားသောအမူအရာဖြင့်…

"ဩော်…တစ်ခုလောက် မေးပါရစေဦး၊ ရှင်တို့နှစ်ယောက် ဘယ်မှာနေကြသလဲ"

ဟု မေးမြန်းလာသဖြင့် လူမော်က လက်ရှိနေထိုင်သော အခြေအနေနှင့်နေရာကို ပြောပြလိုက်သည်။

ပြီးနောက် လူမော်နှင့်လူကျော်သည် မိန်းမချောလေးနှစ်ယောက်၏ခြံကြီးရှေ့မှ ထွက်ခွာလာခဲ့လေတော့၏။

••••••••••••••••••••••••••••••

## (၁၀)

ဤအထက်ပါအကြောင်းနှင့်ပတ်သက်၍ အတူနေ လန်ချား သမားမောင်လှကို ပြောပြသောအခါ မောင်လှသည် လူမော်နှင့် လူကျော် ကိုအားကျသွားလေ၏။

မောင်လှက လက်သီးလက်မောင်းတန်း၍...

"ကျုပ်ဖြင့် ဒီကောင်တွေနဲ့ တွေ့လိုက်စမ်းဘိဗျာ၊ ကျုပ်သာဆိုရင် တစ်ခါတည်းကို အသေသတ်ပစ်တယ်"

ဟု ကြိမ်းဝါးလိုက်လေ၏။ ထိုအခါ လူမော်က ပြုံး၍...

"ဒီလောက်လည်း ခံပြင်းမနေပါနဲ့ဗျာ၊ အခွင့်အရေးရှိရင်တော့ ကြုံလာမှာပါ၊ အဲဒီလိုကြုံမှ ပြေးဖို့မကြိုးစားနဲ့နော်"

ဟု ကျီစားလိုက်လေရာ မောင်လှက ရယ်မော၍...

"မယုံရင် စောင့်ကြည့်ပေါ့ဗျာ၊ မောင်လှတို့က ခေတ်မကောင်း လို့ လန်ချားဆွဲစားနေတာ၊ မဟုတ်တာလုပ်ရင် ဘယ်တော့မှခေါင်းငုံ့ နေမှာ မဟုတ်ဘူးဗျ"

ဟု ကြွေးကြော်လိုက်၏။

ထိုအခါ လူကျော်ကဝင်၍...

"ကဲပါ ကိုမောင်လုရယ်၊ ဒီကောင်တွေကို ဆုံးမနိုင်မယ့်အခွင့်အရေးသာ ရောက်ပါစေလို့ ဆုတောင်း။ ခင်ဗျားဆန္ဒပြည့်ပါလိမ့် မယ်"

ဟု နှစ်သိမ့်လေ၏။ ဒီတော့မှ မောင်လုက စိတ်ကိုလျှော့ချလိုက်ပြီး...

"ကိုလူကျော်ပြောတာမှန်တယ်၊ အဲဒီနေ့ကိုပဲ ထမင်းစားပြီး ကျုပ်စောင့်တော့မယ်"

ဟုပြောလိုက်သဖြင့် လူမော်နှင့် လူကျော် ပြုံးမိလိုက်ကြ၏။

ထို့နောက် ကိုမောင်လုက မေရီနှင့် မေကြည်ဆိုသော မိန်းမချောလေးဘက်သို့ လမ်းကြောင်းပြောင်းသွားကာ...

"အဲဒီမေရီနဲ့ မေကြည်ဆိုတဲ့ မိန်းကလေးနှစ်ယောက်က ချောသလားဗျ၊ လုပ်စမ်းပါဦး"

ဟုတောင်းဆိုလေ၏။

ထိုအခါ လူမော်က...

"ချောတာမှ ကျုပ်တွေ့ဖူးသမျှတွေထဲမှာတော့ သူတို့နှစ်ယောက်က အလှဆုံးဗျ"

ဟုဆိုလေရာ ထိုအခါ မောင်လုက...

"အင်းပေါ့လေ၊ ကျုပ်ဖြင့် ဒီမြို့ပေါ်ရောက်တာကြာပါပြီ၊ ဒီလို မိန်းမလှလေးတွေနဲ့ ရင်းနှီးဖို့နေနေသာသာ ကြုံတောင်မကြုံခဲ့ဖူးပါဘူး ဗျာ"

ဟု အားမရှိစွာဆိုလေ၏။

ထိုအခါ လူကျော်က မျက်မှောင်ကြုတ်၍...

"ဒါကတော့ မောင်လှ ပတ်ဝန်းကျင်ကို သတိမထားလို့ ဖြစ်ပါ လိမ့်မယ်"

ဟုပြောလိုက်သဖြင့် မောင်လှသည် တွေးတွေးဆဆအမူအရာ ဖြင့်...

"အင်း...ဟုတ်လိမ့်မယ်ဗျ၊ ကျုပ်ဆိုတဲ့ကောင်ကလည်းပြောမှပဲ ဒီအချက်ကို သတိထားမိတော့တယ်၊ ဘာပဲဖြစ်ဖြစ်ခင်ဗျားတို့နှစ်ယောက် ကိုတော့ တကယ်အားကျတယ်ဗျာ"

ဟု မစားရ ဝမခန်းဆိုလေ၏။

ထိုအခါ လူမော်ကပြုံး၍...

"အားမကျပါနဲ့ဗျာ၊ ပြဿနာတွေကြားထဲက ရင်ခုန်ရတဲ့အဖြစ် က ရေပ်သီးစပ်သလိုပါပဲ"

ဟု ဥပမာပေးလိုက်သဖြင့် မောင်လှ အားပါးတရ ရယ်မောလေ တော့၏။ ပြီးမှ လေးနက်သောအမူအရာဖြင့်...

"ဒါဆိုရင် ခင်ဗျားတို့အတွက် မိန်းကလေးနှစ်ယောက် ပြောသလို အန္တရာယ်ရှိတာတော့အမှန်ပဲဗျ။ ဘာပဲဖြစ်ဖြစ် သတိတော့ထားပေါ့ဗျာ၊ သတိဆိုတာပိုတယ် မရှိပါဘူး"

ဟုမှတ်ချက်ချလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် အချိန်အတော်လေးညဥ့်နက်နေပြီဖြစ်သဖြင့် စကားဖြတ်ကာ အိပ်ရာအသီးသီး ဝင်ခဲ့ကြလေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## (၁၁)

ထို့နောက်ပိုင်း လူမော်နှင့်လူကျော်သည် လူသတ်မှာ ဦးကျော်ခေါင်၏ သတင်းအား ရောက်လေရာတွင် နည်းအမျိုးမျိုးဖြင့် စုံစမ်းခဲ့သည်။ မေရီနှင့်မေကြည်ဆိုသော မိန်းမချောလေးများနှင့်လည်း တစ်စတစ်စ ရင်းနှီးကျွမ်းဝင်လာခဲ့ကြသည်။

မေရီနှင့် မေကြည်သည် သူမတို့၏အား အေးအေးသင့်သောအခါ လူမော်နှင့်လူကျော်၏ လန်ချားများကိုသာ စီးလေ့ရှိသည်။

သို့ရာတွင် ပြဿနာဖြစ်ခဲ့ဖူးသော ရာဇဝတ်မှုအကြောင်းကို လည်း နည်းအမျိုးမျိုးဖြင့် ရှောင်တိမ်းနေရ၏။ ထိုသို့မျှ နောက်ထပ် ထိပ်တိုက်တော့မတိုးခဲ့ချေ။

ဤသို့ဖြင့် တစ်နေ့သ၌ မေရီနှင့် မေကြည်တို့သည် သူမတို့အစ်ကို မရှိခိုက် လူမော်နှင့်လူကျော်အား အိမ်သို့ထမင်းစားဖိတ်ကြလေ၏။

အိမ်သို့ရောက်ရှိသွားချိန်၌ မေရီနှင့် မေကြည်ညီအစ်မသည် ထမင်းပိုင်းပြင်၍ လူမော်နှင့်လူကျော်ကို အသင့်စောင့်နေကြ၏။

သို့ဖြင့် ထမင်းစားသောက်ပြီးသောအခါ ညှော်ခန်းတွင် အချိုပွဲများဖြင့် တည့်ခင်းဧည့်ခံပြန်၏။

မေရီက အနားတွင်ယပ်ခပ်ပေးရင်း . . .

"စား...ကိုလူမော်နဲ့ကိုလူကျော်၊ရှင်တို့ကိုခုလိုကျွေးမွေးချင်တာကြာပြီ၊ အစ်ကိုက ဒီမ်ကို ယောက်ျားလေးဧည့်သည်လာတာ မကြိုက်ဖူးဆိုတော့ အစ်ကိုခရီးထွက်သွားတုန်း ခုလိုဖိတ်ပြီး ဧည့်ခံရတာ"

ဟု ပွင့်လင်းစွာဆိုလေ၏။

ထိုအခါ လူမော်နှင့် လူကျော်သည် မေရီနှင့် မေကြည်ဆိုသော မိန်းမချောလေးညီအစ်မနှစ်ယောက်မှာ လွန်စွာမှ စိတ်သဘောထားပြည့်ဝပြီး ပွင့်လင်းရိုးသားသူများအဖြစ် ပို၍သိခွင့်ရလိုက်၏။

ထို့နောက် လူမော်နှင့် လူကျော်သည် မေရီနှင့်မေကြည် မိန်းမချောလေးညီအစ်မ ဧည့်ခံကျွေးမွေးသော အချိုပွဲများကို မြိန်ယှက်စွာစားသောက်ရင်း ခေါင်းရင်းစားပွဲပေါ်ရှိဓာတ်ပုံတစ်ပုံထံသို့ပြိုင်တူအကြည့်ရောက်သွားချိန်မှာ လွန်စွာမှအံ့ဩသွားကြလေ၏။

လူမော်နှင့်လူကျော်သည် ထိုဓာတ်ပုံကို ကြည့်ရင်းအမြင်များမှားလေသလားဟူသော သံသယစိတ်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်လိုက်ကြ၏။

သို့ရာတွင် ဓာတ်ပုံထဲတွင် အနောက်တိုင်းဝတ်စုံဖြင့် ဥပမိရုပ်ခန့်ညားသော ဓာတ်ပုံပိုင်ရှင်မှာ လူယုတ်မာဦးကျော်ခေါင်နှင့် ရုပ်ချင်းချွတ်စွပ်တူနေခြင်းမှာ လုံးဝမှားယွင်းမှုမဟုတ်ချေ။ လူမော်က ...

"လူယုတ်မာဦးကျော်ခေါင်၊ ခင်ဗျားကို ကျုပ်တို့မြေလှန်ရှာနေတာ၊ ခုတော့ ခင်ဗျား ဘယ်ပြေးမလည်း"

ဟု စိတ်ထဲမှ တွေးပြီး ကြိမ်းဝါးလိုက်ခြင်းဖြစ်၏။

ထို့အတူ လူကျော်ကလည်း...

" လူယုတ်မာ ... ခင်ဗျားကြီး ကျုပ်တို့လက်ထဲက ဘယ်တော့မှ ပြေးမလွတ်ဘူး၊ ခင်ဗျားကို လက်စားချေရမှ ကျုပ်တို့ကျေနပ်နိုင်မယ်"

ဟု စိတ်ထဲက ရင့်ကျူးလိုက်ခြင်းဖြစ်သည်။

သို့ဖြင့် ချက်ချင်းအမူအရာပြောင်းပြီး စားပွဲပေါ်က ဓာတ်ပုံသို့ အကြည့်ရောက်ရှိနေကြသော လူမော်နှင့်လူကျော်ကို မေရီနှင့် မေကြည်ညီအစ်မသတိထားမိသွားကြပြီး မေရီက...

"အဲဒီဓာတ်ပုံထဲကပုံက မေရီတို့ရဲ့ဦးလေး ဦးကျော်ခေါင်ပုံလေ၊ မေရီတို့ရဲ့မွေးစားဦးလေးပေါ့၊ မေရီတို့မိဘတွေဆုံးသွားပြီး ငယ်စဉ်ကတည်းက မေရီတို့မောင်နှမသုံးယောက်ကို မွေးစားခဲ့တာ၊ ဦးလေးမှာ လုပ်ငန်းတွေအများကြီး ပိုင်ဆိုင်တယ် ...

မေရီတို့ကို ဒီဘဝ ဒီအခြေအနေမျိုးနဲ့ တင့်တောင့်တင့်တယ် ထားပြီး ဦးလေးက ဒီကိုအမြဲမလာဘူး၊ တစ်နှစ်တစ်ကြိမ်လောက်ပဲ မေရီတို့နဲ့ဆုံဖြစ်တယ်...

ပြီးတော့ ဦးလေးမှာ နေရာအတည်တကျ အေးအေးလူလူမနေဘူး၊ အလုပ်ကိစ္စတွေနဲ့ မြို့အနှံ့၊ နယ်အနှံ့ သွားလာနေတာပါပဲ ရှင်"

ဟု ရှည်လျားပြည့်စုံစွာ ရှင်းပြလေရာ ထိုအခါ လူမော်နှင့် လူမှကျော်သည် ၎င်းတို့ မြေလှန်ရှာနေသော လူယုတ်မာဦးကျော်ခေါင်မှာ မေရီတို့၏ မွေးစားဦးလေးဖြစ်နေသဖြင့် အံ့သြမယုံကြည်နိုင်အောင် ဖြစ်သွားကြ၏။ တိုက်ဆိုင်လွန်းသော လောကကြီးကိုလည်း လွန်စွာမှ တအံ့တသြဖြစ်မိသည်။

လူမော်နှင့် လူကျော်သည် ၎င်းတို့ကို ယခင်ဘဝက ရက်ရက်စက်စက် သတ်ခဲ့ခြင်းအတွက် ဒီဘဝတွင်ပြန်လက်စားချေရန် အလိုရှိနေသော ဦးကျော်ခေါင်မှာ မမျှော်လင့်ဘဲ မေရီတို့၏ ဦးလေးဖြစ်နေသဖြင့် စိတ်မကောင်းတော့ ဖြစ်ရသည်။

သို့ရာတွင် မတတ်နိုင်။ ကမ္ဘာမီးလောင် သားကောင်ချနင်း ရပေတော့မည်။

သို့ဖြင့် လူမော်နှင့်လူကျော်သည် ဓာတ်ပုံထဲက လူယုတ်မာ ဦးကျော်ခေါင်ကိုကြည့်၍ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိကြသည်။

ထိုအခြေအနေကိုတော့ မေရီတို့ညီအစ်မနှစ်ယောက် လုံးဝ မသိရှိလိုက်ကြချေ။

သို့ဖြင့် မေရီသည်...

"ကိုလူမော်နဲ့ ကိုလူကျော် မြိမ်လှချည်လား၊ စကားလေးဘာလေး ပြောပါဦး"

ဟု စကားဆိုလေရာ လူမော်နှင့် လူကျော်သည် ချက်ချင်း အမူအရာပြောင်းကာ လူမော်က...

"ဒါနဲ့ မေရီတို့ဦးလေးက ဘယ်အချိန်မှာ မေရီတို့နဲ့ ဆုံကြသလဲ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ မေရီက...

"အင်း...တစ်နှစ်တစ်ကြိမ် ဦးလေးမွေးနေ့ပွဲမှာ ဆုံကြတယ်လေ၊ ဒီရက်ထဲမှာပဲ ဦးလေးမွေးနေ့ပွဲ ရောက်တော့မှာ၊ အဲဒီကျ ကိုလူမော်နဲ့ ကိုလူကျော်ကို ဖိတ်လိုက်မယ်၊ ဦးလေးနဲ့လည်း မိတ်ဆက်ပေးတာပေ့ါ"

ဟု အရိုးအခံတိုင်းပင် ဆိုလေရာ လူမော်က ခေါင်းညိတ်၍

"ကောင်းပါပြီ၊ အဲဒီကျ ကျုပ်တို့ကို ဆက်ဆက်ဖိတ်ပါ၊ မေရီတို့ ဦးလေးနဲ့လည်း ရင်းနှီးချင်တယ်"

ဟုဆိုလိုက်လေ၏။

ထို့နောက် လူမော်နှင့် လူကျော်သည် မေရီတို့ညီအစ်မအားနှုတ်ဆက်၍ပြန်ခဲ့ကြ၏။

ထိုသို့ပြန်ရာလမ်းတွင် ပြဿနာဖြစ်ခဲ့သော ရာဇဝတ်အုပ်စုတို့၏ အဖွဲ့နှင့် ထိပ်တိုက်တိုးသဖြင့် ရုတ်တရက် သတိမထားမိသော ရာဇဝတ် အုပ်အဖွဲ့မှာ လူမော်နှင့်လူကျော်အား ကျော်လွှန်၍ ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားလေ၏။

ဒီတော့မှ လူမော်နှင့် လူကျော်သည် လာလမ်းပြန်လှည့်၍ တစ်ဖက်မှရှောင်ကွင်းပြီးရင်းတို့နေထိုင်ရာကြည့်မြင်တိုင်ရှိအလုပ်တန်းလျား သို့ ပြန်ခဲ့ကြလေတော့၏။

••••••••••••••••••••••••••••••••••••

(၁၂)

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် ညသို့ရောက်သည့်အခါ ထိုကိစ္စအတွက် အသေးစိတ်ဆွေးနွေးတိုင်ပင်ဖြစ်ကြ၏။

လူမော်က လက်သီးကို တကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး ငါတို့ရဲ့ ရန်သူတော်ကြီးကိုမကြာခင်လက်စားချေခွင့် ရတော့မယ်၊ ဒီကိစ္စ ဘယ်မှ မပေါက်ကြားဖို့ပဲ အရေးကြီးတယ်"

ဟုကြိမ်းဝါးလိုက်၏။

ထိုအခါ လူကျော်ကလည်း အံကိုတင်းတင်းကြိတ်၍—

"ဒီတစ်ခါတော့ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး ဒီလူယုတ်မာရဲ့မွေးနေ့ပွဲဟာ အသုဘပွဲပဲဖြစ်စေရမယ်"

ဟု ကြွေးကြော်လိုက်ရာ လူမော်က သက်ပြင်းချလိုက်ပြီး

"ငါတို့ ဘယ်လိုလက်စားချေရမယ်ဆိုတာ ဒီရက်ပိုင်းအတွင်းစဉ်းစားကြမယ်၊ သူဟာ သာမန်လူဆိုးဓားပြမဟုတ်ဘဲအင်မတန်မှပရိယာယ်များပြီး ရုပ်ပြောင်းရုပ်လွှဲ ကျွမ်းကျင်တဲ့အတွက် ငါတို့တစ်တွေ သာမှ ဖြစ်လိမ့်မယ်"

ဟု ထောက်ပြလိုက်၏။

ထိုအခါ လူကျော်က ခေါင်းညိတ်၍…

"ဟုတ်တယ်၊ငါတို့ရဲ့လက်စားချေမှုဟာ ပီရိဖို့လိုသလို၊ ပရိယာယ် ပြန်သုံးမှုလည်း ဖြစ်လိမ့်မယ်"

ဟု ထောက်ခံလေရာ ထိုအချိန်တွင် အခန်းအပြင်ဘက်၌ လူရိပ်တစ်ခုကို မမျှော်လင့်ဘဲ ရိပ်ခနဲတွေ့လိုက်ရသဖြင့် …

"ဘယ်သူလဲ"

"ဟေ့ …အခန်းအပြင်ဘက်က ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်ရာ ဒီတော့မှ လန်ချားသမား မောင်လှထွက်လာပြီး…

"ကျုပ်ပါ၊ ခင်ဗျားတို့ကို ပြောစရာရှိလို့လာတာ"

ဟု ပြော၍ အခန်းထဲဝင်လာလေ၏။

ထိုအခါ လူမော်နှင့် လူကျော်မှာ စိတ်ဝင်တစားဖြစ်သွားပြီး လူမော်က မျက်မှောင်ကြုတ်၍…

"ဘာကိစ္စလဲ ကိုမောင်လှ"

ဟု မေးလိုက်ရာ မောင်လှက …

"ခင်ဗျားတို့ ဒီမှာနေတယ်ဆိုတာ ရာဇဝတ်အုပ်မင်း သာကျော် အစွဲသိသွားကြပြီဗျ"

ဟုမေးလိုက်ရာမောင်လှက...

"ဒီမှာ လန်ချားဆွဲတဲ့အဖွဲ့ထဲက တစ်ယောက်ယောက်သိပြီး လက်ထောက်ချလိုက်တာဖြစ်မယ်ထင်တယ်ဗျ"

ဟုမှတ်ချက်ချလိုက်၏။

ထိုအခါလှမော်နှင့်လှကျော်သည် ၎င်းတို့၏အစီအစဉ်မအောင်မြင်ချိန်ကာလ၌ ပြဿနာထပ်မဖြစ်လိုသဖြင့် အကောင်းဆုံးဆုံးဖြတ်ချက် တစ်ခုကို ချရတော့မည်ဖြစ်ကြောင်း သိလိုက်၏။

လှမော်က တွေးဆဟန်ဖြင့်...

"ဒါဆို ကျုပ်တို့နှစ်ယောက် အလုပ်ပြောင်းပြီး ရှောင်နေမှဖြစ်လိမ့်မယ်"

ဟုရေရွတ်လိုက်၏။

ထိုအခါမောင်လှက...

"ဒီအတွက် ဘာမှမပူပါနဲ့....လှည်းတန်းဘက်မှာ ကျုပ်မိတ်ဆွေတစ်ယောက်ရှိတယ်၊ သူတို့က ပန်းခဲလုပ်ငန်းလုပ်တယ်၊ အဲဒီမှာ ခေတ္တခိုအောင်းပြီး မျက်ခြေဖြတ်ထားနိုင်ရင်ကောင်းမယ်"

ဟု အကြံပြုလေရာ ထိုအခါလှမော်နှင့်လှကျော်သည် မောင်လှပေးသောအကြံမှာ သင့်တော်သဖြင့် ထိုအစီအစဉ်ကို လက်ခံသဘောတူလိုက်တော့၏။

ထိုကဲ့သို့ ဆုံးဖြတ်ပြီး ညနေပိုင်းမှာပင် မောင်လှ၏ မိတ်ဆွေရှိရာ လှည်းကူးသို့ ပြောင်းရွှေ့ခဲ့လေသည်။

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် ပန်းပဲဖိုတွင် အလုပ်လုပ်ပြီး လှသုတ်မှာ ဦးကျော်ခေါင်၏ မွေးနေ့ပွဲရက်ကို စောင့်ဆိုင်းခဲ့လေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

# (၁၃)

ထို့နောက် လူမော်နှင့် လူကျော်သည် ထိုရက်ပိုင်းအတွင်း မေရီတို့ညီအစ်မနှစ်ယောက်နှင့် ဆုံဖြစ်ကြ၏။

လန်ချားဆွဲသောအလုပ်မှာ အဆင်မပြေသဖြင့် လှည်းကူးရှိ အသိတစ်ယောက်ထံတွင် အလုပ်ပြောင်းလုပ်နေကြောင်း အသိပေးရုံသာ ပေးပြီး မည်သည့်အလုပ်ဟူ၍ အသိမပေးခဲ့ချေ။

သို့ရာတွင် မေရီတို့ညီအစ်မနှစ်ယောက်သည် လူမော်နှင့် လူကျော်အား စာနာကရုဏာစိတ်ဖြစ်ကာ သူမတို့၏ဦးလေးမွေးနေ့ပွဲတွင် မိတ်ဆက်ပေးပြီး အလုပ်တောင်းပေးမည်ဟု ရိုးသားစွာပင်ဆိုခဲ့ကြ၏။

လူမော်နှင့် လူကျော်သည် ၎င်းတို့၏ရန်သူတော်ကြီးအား လက်စားချေနိုင်ရေးအတွက် သူမတို့ညီအစ်မနှစ်ယောက်အပေါ်ထိုကဲ့သို့ ဟန်ဆောင်ဆက်ဆံနေခဲ့ရခြင်းကို မည်သို့မျှ စိတ်မကောင်းကြချေ။

သို့သော်လည်း ထိုနည်းမှလွဲပြီး အခြားနည်းလမ်းမရှိသဖြင့် စိတ်မကောင်းသော်လည်း ကမ္ဘာမီးလောင် သားကောင်ချနင်းရသည်ဟု သဘောထားကာ ဖြေသိမ့်ကြလေ၏။

ဤသို့ဖြင့် လူယုတ်မာဦးကျော်ခေါင်အား လက်စားချေရမည့် မွေးနေ့ရက်မှာ တစ်ရက်ပြီးတစ်ရက် နီးကပ်လာပြီဖြစ်သလို လူမော်နှင့် လူကျော်ကလည်း ခံပြင်းမှုများ၊ နာကြည်းမှုများမှာ ဒီရေကဲ့သို့ အရှိန်အဟုန်မြင့်မားလာပြီပင် ဖြစ်လေတော့၏။

••••••••••••••••••••••••••••••••••••

## (၁၄)

ဤသို့ဖြင့် လူမော်နှင့် လူကျော်သည် ပန်းပဲဖိုတွင်အလုပ်လုပ်ရင်း ဦးကျော်ခေါင်၏ မွေးနေ့ပွဲအား စောင့်ဆိုင်းနေလျက်ရှိစဉ် ၎င်းတို့ထံသို့ မေရီတို့ညီအစ်မနှစ်ယောက်ထံမှ စာတစ်စောင် လူကြုံနှင့်ရောက်ရှိလာတော့၏။

ထိုစာကိုဖတ်ကြည့်သောအခါ သူမတို့၏ ဦးလေးမွေးနေ့ပွဲကို တက်ရောက်ရန် ဖိတ်ကြားလိုက်သော ဖိတ်စာနှင့် စာတစ်စောင်ပင်ဖြစ်၏။

ထိုစာမှာ အောက်ပါအတိုင်းဖြစ်လေ၏။

သို့

ကိုရှေမော်နဲ့ ကိုရှေကျော်

ကျွန်မတို့ဦးလေး ဦးကျော်ခေါင်ရဲ့မွေးနေ့ပွဲကိုမပြန်မနေတက်ရောက်လာဖို့ အထူးပိတ်ကြားလိုက်တယ်၊ ဒီမွေးနေ့ပွဲမှာ ကျွန်မတို့ ညီအစ်မကိုယ်တိုင် နှစ်ခြိုပြုနေကျ မွေးနေ့ကိတ်ကိုလှီးပြီး ပွဲဖွင့်ပေးရမှာဖြစ်တယ်၊ အဲဒီအချိန်မှာ ရှင်တို့နှစ်ယောက်ပါတယ်ပါတည်း ရှိစေချင်တယ်၊ မွေးနေ့ပွဲကို လာမယ့် (တနင်္လာနေ့)ညမှာ ကျွန်မတို့ ရဲ့ခြံထဲမှာ ကျင်းပမှာဖြစ်တယ်၊

ဆက်ဆက်မျှော်နေမယ် . . .

ရှင်တို့ရဲ့

(မေရီနဲ့မေကြည်)

စာက ထိုမျှသာဖြစ်သည်။

သို့ဖြင့် စာကိုဖတ်ပြီးနောက် လူမော် တွေးတွေးဆဆဖြင့် ...

"ငါတို့ကို အတူတူရှိစေချင်တဲ့ဆန္ဒအတွက် စိတ်မကောင်းဘူး၊ ဒီလိုမှမလုပ်ရင်လည်း ငါတို့အစီအစဉ် မအောင်မြင်နိုင်ဘူး"

ဟု ရေရွတ်လိုက်၏။

ထိုအခါ လူကျော်က စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ပြီး လက်စားချေရန် အစီအစဉ်အတွက် သိလိုသဖြင့် ...

"ဘာတတ်နိုင်မှာလဲကွာ တစ်ချိန်ချိန်မှာ ငါတို့ကိုယ်တိုင် ရှင်းပြတာပေါ့၊ လက်ခံတာမခံတာကတော့ ကံတရားကိုပဲ ယုံကြည်ရလိမ့် မယ်၊ ဒါနဲ့ အဲဒီမွေးနေ့ပွဲညမှာ ငါတို့လက်စားချေရမယ့် အစီအစဉ်အသေးစိတ် ကို မင်းပြောပြပါဦး။

ဟု မေးမြန်းလေရာ လူမော်က ၎င်း၏ အစီအစဉ်အတိုင်း အသေး စိတ်ရှင်းပြလိုက်သည်။

ထိုအချိန်၌ လန်ချားသမား မောင်လှ ရောက်လာပြီး ...

"ကိုလူမော်နဲ့ ကိုလူကျော်ကို သတင်းလာပေးတာဗျ"

ဟု ရောက်ရောက်ချင်းဆိုလေ၏။

ထိုအခါ လူမော်က မျက်မှောင်ကြုတ်၍ ...

"ဘာများပါလိမ့် ကိုမောင်လှ"

ဟု မေးမြန်းလိုက်ရာ မောင်လှက...

"ခင်ဗျားတို့ရဲ့အဆက် မေရီတို့ညီအစ်မရဲ့ဦးလေးမွေးနေ့ပွဲကို လာမယ့် တနင်္လာနေ့ညမှာ သူတို့ရဲ့ခြံထဲမှာ ကျင်းပမယ်လို့ သိရတယ်၊ အဲဒါ သတင်းလာပေးတာ"

ဟု ဆိုလေ၏။

ထိုအခါ လူကျော်ကဝင်၍...

"ကျုပ်တို့သိပြီးပါပြီ၊ ခုမနက်ပဲ လူကြုံနဲ့ ဖိတ်စာပို့လိုက်တယ်"

ဟုပြောလိုက်သဖြင့် မောင်လှမှာအံ့ဩသွားပြီး...

"မသိပါဘူးဗျာ၊ ဒီကိစ္စ ခင်ဗျားတို့ နှစ်ယောက် မသိသေးဘူး ထင်ပြီး သတင်းလာပို့တာ၊ ဒါဆို သူတို့ညီအစ်မက ခင်ဗျားတို့ နှစ်ယောက် အပေါ် တကယ်ခင်တွယ်နေတယ်ဆိုတာ တွက်လို့ရသွားပြီ၊ ဒီပွဲကို ခင်ဗျားတို့ မဖြစ်မနေ တက်လိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်၊ ကဲ... ဒါဆို ကျုပ်ကိုပြန်ခွင့်ပြုပါဦး"

ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေတော့၏။

ထိုအချိန်တွင် လူမော်နှင့် လူကျော်သည် ဦးကျော်ခေါင်အား လက်စားချေရန် အစီအစဉ်များကို တိုင်ပင်သည့်အခါတိုင်း မောင်လှ ရောက်လာသည်နှင့် ဆုံရ၏။ ထိုကဲ့သို့ တိုက်ဆိုင်နေခြင်းမှာ တစ်စုံတစ်ရာ ထူးဆန်းနေသလိုတော့ ထင်မိသည်။

သို့သော် အကြောင်းတိုက်ဆိုင်သည်ဟူ၍ပင် သဘောထားကာ မောင်လှအား အတွေးထဲမှ ဖျောက်လိုက်၏။

ထို့နောက် လူမော်နှင့် လူကျော်သည် ဦးကျော်ခေါင်အား လက်စားချေရန် အစီအစဉ်များကို အသေးစိတ်ပြုလုပ်ကြလေတော့၏။

မကြာခင် မွေးနေ့ပွဲနှင့် လက်စားချေခြင်းပွဲကြီးမှာ အဆုံးသတ်ရတော့လေမည်ဖြစ်၏။

"ခင်ဗျားကြီး မကြာခင် ကျုပ်တို့လက်ထဲမှာ မရှုမလှ သေပွဲဝင်ရတော့မယ်"

ဟူ၍ လူမော်နှင့်လူကျော်စိတ်ထဲမှကြုံးဝါးလိုက်ကြလေတော့၏။

## (၁၅)

ဤသို့ဖြင့် မွေးနေ့ပွဲမကျင်းပမီ တစ်ရက်အလိုတွင် လူမော်နှင့် လူကျော်သည် မေရီတို့ညီအစ်မနှစ်ယောက်နှင့် တွေ့ဆုံရန် ကြိုးစားခဲ့ကြ၏။

တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် ခေါက်ဆွဲစားရင်း တွေ့ဖြစ်ကြလေ၏။

ထိုအချိန်၌ မေရီတို့ညီအစ်မနှစ်ယောက်၏ ခင်မင်ရင်းနှီးမှုမှာ ပုံမှန်ထက် အဆင့်ကျော်နေကြောင်း လူမော်နှင့်လူကျော် သိရှိရလေ၏။

သို့သော် လက်စားချေရန် လူယုတ်မာ၏ တူမများဖြစ်နေသဖြင့် လွန်စွာမှစိတ်မကောင်းဖြစ်ရသည်။

သို့ရာတွင် ရန်သူကရန်သူ။ နှလုံးသားအရေးက နှလုံးသားအရေးဟု သဘောပိုက်ကာ လူမော်နှင့် လူကျော်သည် ၎င်းတို့၏အစီအစဉ်ကို မျက်စိမှိတ်၍ ဆုံးဖြတ်လိုက်ကြတော့၏။

ထို့နောက် လူမော်က အိတ်ထဲတွင် အသင့်ပါလာသော လွန်စွာမှ လှပသေသပ်လွန်းသည့် ဓားလေးတစ်ချောင်း ထုတ်လိုက်သဖြင့် ရုတ်တရက် မေရီနှင့်မေကြည် ညီအစ်မ အံ့ဩထိတ်လန့်သွားကြသည်။

ထိုအခြေအနေကိုကြည့်၍ လူမော်က ပြုံးလိုက်ပြီး...

"မလန့်ပါနဲ့ မေရီနဲ့မေကြည်ရယ်၊ ဓားဆိုတာ မိမိသုံးတဲ့နေရာမှာ ကြောက်စရာဖြစ်နိုင်သလို၊ ပျော်ရွှင်စရာလည်းဖြစ်နိုင်တယ်၊ မေရီတို့ ညီအစ်မနှစ်ယောက်ကို ခေါ်လိုက်ရတာ ဒီဓားကြောင့်ပါပဲ"

ဟုပြောလိုက်သဖြင့် မေရီတို့ညီအစ်မနှစ်ယောက်မှာ ပို၍အံ့ဩသွားကြ၏။ ထိုအခါ မေရီက နားမလည်သော အမူအရာဖြင့်

"ဘယ်လိုပတ်သက်လို့လဲ၊ ကျွန်မတို့ကို ရှင်းပြပါဦး"

ဟုဆိုလေ၏။

ထိုအခါ လူမော်က စိတ်ကိုတည်ငြိမ်အောင်ထိန်း၍...

"မေရီတို့ဦးလေး မွေးနေ့ပွဲအတွက် လက်ဆောင်ပေးမလို့"

ဟုဖြေကြားလိုက်သဖြင့် မေရီနှင့်မေကြည်မှာ အံ့ဩသွားပြီး မေကြည်က...

"ရှင်... မွေးနေ့ပွဲကို ဒီဓားလက်ဆောင်ပေးမလို့ဟုတ်လား"

ဟုမေးလိုက်လေ၏။

ထိုအခါ လူမော်က ခေါင်းညိတ်၍...

"ဟုတ်တယ် ကျုပ်ရှင်းပြမယ်၊ ဒီလိုဗျ . . . မေရီတို့ရေးလိုက်တဲ့ စာထဲမှာ မေရီတို့ဦးလေးရဲ့မွေးနေ့ပွဲကိတ်ကို မေရီတို့ညီအစ်မကိုယ်တိုင် လှီးရမယ်လို့ ရေးထားတယ်လေ။"

အဲဒါ ဒီမားနဲ့ မွေးနေ့ကိတ်ကိုလှီးဖို့အတွက် ကျုပ်နဲ့လူကျော် တိုင်ပင်ပြီး ဒီမားကို အပင်ပန်းခံကိုယ်တိုင်ပြုလုပ်ခဲ့တာ"

ဟု ရှင်းပြလိုက်မှ မေရီနှင့် မေကြည် သဘောပေါက်နားလည် ကာစိုးရိမ်စိတ်များပျောက်သွားကြလေတော့၏။ သူမတို့၏ထင်မြင်ယူဆ ချက်အတွက်လည်း စိတ်မကောင်းဖြစ်သွားပုံရ၏။ မေရီက . . .

"ဒီကိစ္စကို အစောကတည်းက ရှင်းရှင်းပြောပါလား၊ မေရီဖြင့် မားကိုကြည့်ပြီး လန့်သွားတာပဲ"

ဟု ချစ်စဖွယ် အမူအရာဖြင့် ဆိုလေ၏။ မေကြည်ကလည်း ရင်ဘတ်ကိုလက်လေးနှင့်ဖိ၍ . . .

"ဟုတ်ပါ့ . . . ကိုလှမော်နဲ့ ကိုလှကျော်ရယ်၊ ကျွန်မတို့ဖြင့် စိုးရိမ် သွားတာပေါ့၊ ခုမှပဲ စိတ်အေးသွားရတယ်"

ဟုဆိုကာ လှကျော်ထံသို့ မျက်လုံးဖြင့် စကားပြောလိုက်လေ၏။

ထို့နောက် လှမော်နှင့် မေရီသည်လည်း စိတ်ချင်း၊ နှလုံးသားချင်း ဆက်သွယ်ကာ ရင်ခုန်သံများကို သိသိပ်ငြိမ်သိပ်လိုက်ကြသည်။

လှမော်သည် သက်ပြင်းချ၍ . . .

"ဒီဓားကို မေရီလက်ခံပါနော်၊ ကျုပ်တို့အတွက် အမှတ်တရ လည်း ဖြစ်သွားတာပေါ့"

ဟု ပြောလိုက်သဖြင့် မေရီက လှပတက်ကြွသောအမူအရာဖြင့် ခေါင်းကလေးညိတ်လိုက်ပြီး...

"ကောင်းပါပြီတဲ့ရှင်၊ ကောင်းပါပြီ"

ဟု ချစ်စဖွယ်ပြောလေ၏။

ထိုအခါ လူမော်က ဝမ်းသာသွားပြီး...

"ခုလိုလက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ် မေရီ၊ တစ်ခုတော့ ပြောပါရစေ၊ ဒီဓားဟာ မွေးနေ့ပွဲကိတ်ပဲ လှီးဖို့ရည်ရွယ်ထားတဲ့အတွက် တစ်ခြားမှာ အရင်မသုံးမိစေဖို့ပါပဲ...

ပြီးတော့ ဒီအိတ်လေးထဲမှာ ဓားကိုထည့်ပေးလိုက်မယ်၊ မွေးနေ့ ပွဲရောက်မှပဲ အိတ်ထဲကထုတ်ပြီး အသုံးပြုပါ"

ဟုပြောဆိုလေရာ မေရီကရယ်မော၍...

"ကိုလူမော်ရယ်၊ ဒီဓားက ဘယ်လောက်များအစွမ်းရှိလို့ ဂရုစိုက် နေရတာလဲ"

ဟုမေးမြန်းလေရာ လူမော်ကရယ်မောလိုက်ပြီး...

"အဲဒီနေ့ အသုံးပြုချိန်မှာဒီဓားရဲ့အစွမ်းကိုမေရီကိုယ်တိုင်တွေ့ မြင်သွားလိမ့်မယ်၊ ဒီတော့မှ ကျုပ်ကိုကြောက်ပြီး ရှောင်မသွားနဲ့နော်"

ဟုပြောဆိုလိုက်လေ၏။

ထို့နောက် လူမော်နှင့် လူကျော်သည် မေရီတို့ညီအစ်မနှစ်ယောက်နှင့် စားသောက်ပြီးနောက် လူချင်းခွဲကာ လှည်းကူးသို့ ပြန်ခဲ့ကြလေတော့၏။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

(၁၆)

ဤသို့ဖြင့် ဦးကျော်ခေါင်၏ မွေးနေ့ပွဲ ရောက်လာချေပြီ၊

မွေးနေ့ပွဲမှာ ထင်ထားသည်ထက် ပိုစည်ကားပါသည်။ ခမ်းနား ထည်ဝါသည်မှာလည်း လူမော်နှင့်လူကျော် တစ်သက်တစ်ကိုယ် ဤတစ်ကြိမ်သာ မွေးနေ့ပွဲဟူ၍ ကြုံဖူးခဲ့ခြင်းဖြစ်လေ၏။

မေရီနှင့်မေကြည်ညီအစ်မသည် ဂုဏ်သရေရှိ ဧည့်ပရိသတ်များ ကြား၌ အဖြူရောင်ဇာဖောက်ထားသော ဝတ်စုံလေးများဖြင့် လွန်စွာမှ ချစ်စဖွယ်ကောင်းပြီး ပျားပန်းခတ်မျှ ဧည့်ခံနှုတ်ဆက်နေ၏။

မွေးနေ့ကိတ်ကြီးကို မီးများထွန်း၍ ဧည့်ပရိသတ်တစ်ဘက်ဘေး ရှိ စားပွဲကြီးပေါ်၌ ခမ်းနားစွာတင်ထားလေ၏။

သို့ဖြင့် မွေးနေ့ကိတ်လှီးရန် အချိန်မှာ တဖြည်းဖြည်းနီးကပ် လာပြီဖြစ်သဖြင့် မေရီနှင့်မေကြည်သည် ၎င်းတို့အား ရှာဖွေလျှက်ရှိလေ သည်။

သို့ရာတွင် သူမတို့နှင့် မနီးမဝေး၌ ၎င်းတို့ရှိနေသော်လည်း ၎င်းတို့ အားမတွေ့ရှိကြချေ။

အဘယ်ကြောင့်ဆိုသော လူမော်နှင့် လူကျော်သည် ထိုမွေးနေ့ပွဲသို့ ပုံမှန်လူမော်နှင့် လူကျော်အဖြစ် တက်ရောက်ပါလျှင် ၎င်းတို့အား တွေ့ဖူးထားသော ဦးကျော်ခေါင်မှာ မှတ်မိသွားပြီး ၎င်းတို့၏ လက်စားချေမှုကြီး အောင်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် လူမော်နှင့် လူကျော်သည် မျက်နှာဖြူအရာရှိ ဝတ်စုံဖြင့် အယောင်ဆောင် ရုပ်ဖျက်ပြီး ပရိသတ်အကြားတွင် တိတ်တဆိတ် ရောက်ရှိနေခြင်းကြောင့် ဖြစ်လေ၏။

ထို့ကြောင့် မေရီတို့ညီအစ်မနှစ်ယောက်မှာ ၎င်းတို့အား ရုတ်တရက် မမှတ်မိနိုင်ခြင်းဖြစ်သည်။

သို့ဖြင့် မွေးနေ့ကိတ်လှီးရန် မေရီတို့ညီအစ်မနှစ်ယောက် စားပွဲခုံရှိရာသို့ သွားရောက်နေချိန်မှာပင် လူယုတ်မာဦးကျော်ခေါင်တစ်ယောက်သည် အနောက်တိုင်းဝတ်စုံဝတ်၍ ထိုနေရာသို့ ရောက်ရှိလေ၏။

၎င်း၏တပည့်ဖြစ်ဟန် တူသူများကတော့ အနီရောင်တူညီဝတ်စုံများဝတ်၍ ခြံပတ်ဝန်းကျင်အနှံ့ ရှိကြလေ၏။

ထိုအချိန်မှာ လူအုပ်ကြားတစ်နေရာ၌ လူမော်နှင့်လူကျော်သည် နှစ်ကြိမ်ဆုံဖူးခဲ့သော ယောဂီဝတ်အဘိုးအိုကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်လေ၏။

လူမော်က အံ့ဩသွားပြီး...

"လှကျော်…ဟိုမှာ ယောဂီအဘိုးအိုလည်း ဒီပွဲကို ရောက်နေပါလား"

ဟု အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်၏။

ထိုအခါ လှကျော်က ခေါင်းညိတ်၍…

"ဟုတ်တယ်၊ သူဒီရောက်နေတာ ထူးဆန်းတယ်၊ ခုနလူအုပ်ကြားထဲမှာငါလည်းတွေ့လိုက်တယ်"

ဟု ထောက်ခံပြီးနောက် ၎င်းတို့နှစ်ဦး ခုနကတွေ့ရသောနေရာတွင် ယောဂီဝတ်အဘိုးအိုအားကြည့်လိုက်သောအခါ အရိပ် အယောင်မျှ မတွေ့ရတော့ချေ။

ထိုအခါ လှမော်က မယုံကြည်နိုင်ဖြစ်သွားပြီး…

"ငါတို့အကြည့်မှားတာ မဖြစ်နိုင်ဘူးနော်"

ဟု မှတ်ချက်ချလေ၏။

ထိုအခါ လှကျော်ကလည်းခေါင်းညိတ်၍…

"ဟုတ်တယ်၊ ထူးတော့ထူးဆန်းနေပြီ၊ ငါတို့အစီအစဉ်လွဲချော်သွားလို့မဖြစ်ဘူးနော်၊ အမြန်လှုပ်ရှားမှ ဖြစ်တော့မယ်"

ဟု ပြောဆိုလေရာ ထိုအချိန်မွေးနေ့ပွဲစရန် မွေးနေ့ရှင် ဦးကျော်ခေါင်သည် မီးထွန်းထားသော မွေးနေ့ကိတ်ကြီးဘေးရှိ ပရိသတ်ဘက်သို့ မျက်နှာမူကာ ဝင်ရပ်လိုက်၏။

ထိုအချိန်မှာ မေရီနှင့် မေကြည်ညီအစ်မသည် ဦးကျော်ခေါင်၏ ဘေးတစ်ဘက်စီ ဝင်ရပ်၍ မွေးနေ့ကိတ်ကြီးပေါ်မှ မီးများကို မှုတ်ကာ စတင်လိုးလေတော့၏။

ထို့နောက် လှီးထားသည့် ကိတ်မုန့်များအနက် မွေးနေ့ရှင် ဦးကျော်ခေါင်အား မေရီမှ ပထမဆုံး ခွံ့ကျွေးလိုက်လေ၏။

ထိုအချိန်မှာ ပရိသတ်ထံမှ လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်ပေါ်လာလေတော့၏။

ထို့နောက် မွေးနေ့ရှင် ဦးကျော်ခေါင်က ကြွရောက်လာသော ဧည့်ပရိသတ်အား ကျွေးမွေးဧည့်ခံလေတော့၏။

သို့ဖြင့် မေရီနှင့် မေကြည်ညီအစ်မနှစ်ယောက်မှာ ၎င်းတို့ နှစ်ယောက်၏ အရိပ်အယောင်မျှ မတွေ့ရတော့သဖြင့် မျက်နှာများ ညှိုးငယ်သွားကြလေသည်။

ထို့နောက် မိနစ်အနည်းငယ် ကြာသောအခါ ဧည့်ပရိသတ်များ အားလိုက်လံဧည့်ခံနေသော ဦးကျော်ခေါင်သည် အိမ်ကြီးထဲသို့ ဝင်ရောက်သွားလေ၏။

ထိုအချိန်၌ လူမော်နှင့် လူကျော်သည်လည်း လူအုပ်ကြီးကြား ထဲမှ တိုးထွက်၍ အိမ်အနောက်မှပတ်ကာ အိမ်ကြီးထဲသို့ ဝင်ရောက်ရန် ကြိုတင်လှေလာထားသည့် အပေါက်များမှ အထဲသို့အလွယ်တကူ ဝင်ရောက်လေတော့၏။

ပြီးလျှင် ဦးကျော်ခေါင်ရှိသော အခန်းသို့ဝင်ရောက်လိုက်ချိန်မှာပင် ဦးကျော်ခေါင်အား အသင့်တွေ့ရလေ၏။

၎င်းတို့ကို မြင်တွေ့သွားသော ဦးကျော်ခေါင်အား တအံ့တဩဖြစ်သွားပြီး...

"မင်းတို့က ဘယ်သူတွေလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ လူမော်နှင့် လူကျော်သည် ထားကားဟားရယ်မော၍ ရုပ်ဖျက်ထားသော အဝတ်အစားနှင့်ချုပ်နှာများကိုဖြုတ်လိုက်သောအခါ ဦးကျော်ခေါင်သည် ၎င်းတို့နှစ်ဦးအား ချက်ချင်းမှတ်မိသွားကာ တိုက်ခိုက်ရန် နံရံမှဓားကိုပြေးဆွဲလိုက်လေ၏။

သို့ရာတွင် ဦးကျော်ခေါင်သည် ဓားသို့လက်မရောက်မီမှာပင် ခေါင်းထဲမိုက်ခနဲဖြစ်ကာ အားအင်များကို တစ်စုံတစ်ခုက စုပ်ယူလိုက်သလိုဖြစ်ကာ အနောက်သို့ လန်ကျသွားလေတော့၏။

ထိုအခါ လူမော်နှင့် လူကျော်သည် ၎င်းတို့၏ဓားအစွမ်းပြသွားပြီဖြစ်ကြောင်းသိကာ ဟားတိုက်ရယ်မော လေတော့၏။

ထိုသို့ပြုလုပ်ခြင်းမှာ ယခင်ဘဝက ၎င်းတို့အား ဦးကျော်ခေါင် သတ်ခါနီး ဟားတိုက်ရယ်မောခဲ့သလို ပုံစံမျိုးဖြစ်သည်။

ဦးကျော်ခေါင်သည် ထိတ်လန့်တကြားဖြစ်ကာ လက်တုန်ခါခါ ဖြစ်နေ၏။

"ခင်ဗျားအလှည့်ရောက်မှ ဘာကြောက်နေတာလဲ လူယုတ်မာကြီး ခင်ဗျားကြီးကို လူ့ပြည်မှာကြာကြာ အရှင်မထားဘူးဗျ"

ဟု လူမော်က ကြုံးဝါးလိုက်၏။

ထိုအခါ လူကျော်ကလည်း...

"ဒီနေ့ဟာ ခင်ဗျားသေနေ့စွဲပြီး ကျုပ်တို့အနှစ်နှစ်အလလက စောင့်ခဲ့ရတာတွေ ဒီနေ့တော့ပြည့်ဝပြီ ခင်ဗျားကြီး ငရဲပြည်သာ သွားပေတော့"

ဟု ကြိမ်းမောင်းလိုက်လေ၏။

ထိုအခါ ဦးကျော်ခေါင်သည် နေရာ၌ လုံးဝထလာနိုင်ခြင်း မရှိတော့ဘဲ လွန်စွာမှကြောက်ရွံ့တုန်လှုပ်နေလေ၏။

"မင်း...မင်းတို့...ငါ့...ငါ့ကိုသတ်လိုက်ပါကွာ၊ ငါ...ငါမှား...မှားပါတယ်၊ မင်းတို့သတ်လည်း...ငါ...ငါကျေနပ်ပါတယ်"

ဟုပြောဆိုလေရာ ထိုအချိန်မှာပင် အခန်းထဲသို့ လူနှစ်ယောက် ပြေးဝင်လာပြီး...

"ခင်ဗျား သေကိုသေရမယ်"

ဟုပြောဆိုကာ အိတ်ထဲမှသေနတ်ကိုထုတ်လိုက်လေ၏။

လူမော်နှင့် လူကျော်သည် ထိုလူတစ်ယောက်ကိုကြည့်၍ အံ့သြသွားကြလေ၏။ လူမော်က အံ့သြသောအမူအရာဖြင့်...

"ဟင် ...အဘသာလှနဲ့ ကိုမောင်လှ"

ဟု ရေရွတ်လိုက်လေ၏။

ထိုအခါ ပဲခူးမြို့အပြင်ရှိ မြေကြီးထဲ၌ အတူနေထိုင်ခဲ့ဖူးသော အဘသာလှဆိုသူက...

"ဟုတ်တယ်၊ မောင်ရင်တို့နဲ့ကျုပ် ခရီးတစ်ခုမှာ စေ့ပြီးအတူတိုက် ခံရပြီး ပဲခူးမြို့မှာ ဒုတိယပြန်ဆုံကြတယ်၊ အဲဒီတုန်းက မောင်ရင်တို့ရဲ့ လမ်းကြောင်းကို ရိပ်မိပြီး အကူအညီပေးခဲ့တယ်...

ပြီးတော့ . . . ဟောဒီက ကျုပ်တူ မောင်လှထံကို မောင်ရင်တို့ နှစ်ယောက်အကြောင်းကို စာရေးလိုက်တယ်၊ မောင်ရင်တို့က ဦးကျော်ခေါင်ကို အလိုရှိနေတဲ့ သူတွေ...

အေး . . . မောင်ရင်တို့ အလိုရှိသလို ဒီလူယုတ်မာဦးကျော်ခေါင် ကိုလည်း ငါတို့အလိုရှိခဲ့တယ်၊ ဘာကြောင့် လဲဆိုတော့ ဟောဒီက ငါ့တူ မောင်လှ အမေကို ဖျက်ဆီးပြီး သူ့အဖေကို သတ်သွားတဲ့ သေးကြွေး ကြောင့်ပဲ၊ ဒီနေ့တော့ ငါတို့အလှည့်ရောက်ပြီ"

ထိုအခါ အဘသာလှ ၎င်းတို့အားကူညီခဲ့ပုံနှင့် လူယုတ်မာ ဦးကျော်ခေါင်အား လက်စားချေရန် တိုင်ပင်သည့်အခါတိုင်း မောင်လှ ရောက်ရှိပြီး တိုက်ဆိုင်နေသောအဖြစ်အား ယခုမှပင် သဘောပေါက် ရှင်းလင်းသွားတော့သည်။

ထို့ကြောင့် လူမော်က

"ဒါပေမယ့် ဒီလူယုတ်မာကို လက်စားချေဖို့အတွက် ဒီအခြေအနေရောက်တဲ့အထိ ကျုပ်တို့စိစဉ်ခဲ့ရတာပါ။ ဒီတော့ ကျုပ်တို့ကိုယ်တိုင် သတ်ပါရစေ"

ဟု ပြောလိုက်လေရာ ထိုအခါ အဘသာလှနှင့် မောင်လှက ခေါင်းခါလိုက်ပြီး အဘသာလှက သေနတ်နှင့် ဦးကျော်ခေါင်ထံသို့ ချိန်ရွယ်ကာ...

"ဒီနေ့တော့ ကျုပ်ကိုသတ်ခွင့်ပေးပါလို့ တောင်းဆိုတယ်၊ ကျုပ်နှမအတွက် ကျုပ်ကိုယ်တိုင် လက်စားချေပါရစေ"

ဟု ဆိုလိုက်ပြီး သေနတ်မောင်းခလုပ်နှိပ်ရန် ကြိုးစားလိုက်ချိန်မှာပင် အနောက်မှ သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး အခန်းထဲရောက်လာသော ယောဂီဝတ်အဘိုးအိုအား တွေ့လိုက်ရလေတော့၏။

"ဟင်...ယောဂီဝတ်အဘိုး"

ဟု လူမော်နှင့် လူကျော် ပြိုင်တူရေရွတ်လိုက်မိကြ၏။

ထိုအခါ အခန်းထဲရောက်လာသော ယောဂီဝတ်အဘိုးအိုက...

"ကဲ . . . အားလုံးပဲ ဥပဒေဘောင်အတွင်းက ဖြေရှင်းဖို့ ကျုပ်မေတ္တာရပ်ခံပါတယ်၊ ကျုပ်ကဒီက ဦးကျော်ခေါင်ကို လူသတ်မှု မှောင်ခိုမှုတွေနဲ့ ဖမ်းဆီးဖို့ရောက်လာတဲ့ အင်စိန်စီအိုင်ဒီရုံးက စုံထောက် မောင်လှကလေးပါ"

ဟုပြောဆိုရင်း ၎င်းကိုယ်ပေါ်မှ ရုပ်ဖျက်ထားသော ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး၊ အဝတ်အစားများကို ဖြုတ်လိုက်လေတော့၏။

"လေးစားပါတယ် မောင်လူကလေး။ ဒီအချိန်မှာ ခင်ဗျားရောက်လာလိမ့်မယ်ဆိုတာ လုံးဝမမျှော်လင့်ဘူး"

ဟု အဘသာလှကဆိုပြီး မောင်လှကို ပခုံးဖက်၍ ထွက်ခွာသွားလေတော့၏။

ထိုအချိန်မှာပင် ပုလိပ်အဖွဲ့များ ရောက်ရှိလာပြီး ဦးကျော်ခေါင်နှင့် ၎င်း၏အဖွဲ့အား ဖမ်းဆီးခေါ်ဆောင် သွားကြလေတော့၏။

ထို့နောက် စုံထောက်မောင်လူကလေးက လူမော်နှင့် လူကျော်ဘက်လှည့်၍ ...

"ကွန်ဂရက် ကျူလေးရှင်းပါ ငါ့ညီတို့၊ ရေစက်ရှိလို့ဒီနေ့ ဒီအချိန်မှာ ပြန်ဆုံရပြန်ပြီ"

ဟုပြောလေ၏။

ထိုအခါ လူမော်က ...

"ခုလို ကျုပ်တို့ရဲ့ အာယာဘဝတွေ၊ အငြိုးတွေကို ဥပဒေလက်ထဲ အပ်ရတာ ကျေနပ်ပါတယ်၊ အထူးသဖြင့် စုံထောက်မောင်လူကလေးဆိုတဲ့လက်ထဲပေါ့၊ ယောဂီအဘိုးအိုက အစ်ကိုဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်မိဘူး"

ဟုအံ့ဩကျေနပ်စွာဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူကလေးကပြုံး၍...

"ဒီလိုသိနိုင်ရင် မြန်မာပြည်မှာရှိတဲ့ လူဆိုးတွေ စုံထောက်မောင်လူကလေးလက်ထဲ ဘယ်လိုရောက်ရှိနိုင်ကြမလဲ၊ ဒီအမှုကို ဖော်ထုတ်တဲ့နေရာမှာ ငါ့ညီတို့နှစ်ယောက်ရဲ့ စွမ်းဆောင်ချက်က အများကြီးအထောက်အကူပြုခဲ့တာပါ"

ဟု ချီးကျူးစကားဆိုလေရာ လူကျော်က ခေါင်းခါ၍...

"ဒါမဖြစ်နိုင်ပါဘူးဗျာ"

ဟုငြင်းလိုက်၏။

ထိုအခါ စုံထောက်မောင်လူကလေးက ခေါင်းယမ်းလိုက်ပြီး...

"ငါ့ညီတို့ရယ်၊ ကျုပ် ဂုဏ်ပြုတာကို လက်ခံစမ်းပါ၊ ဦးကျော်ခေါင်ကို ခုလိုအလွယ်တကူ လက်ရဖမ်းဆီးနိုင်ဖို့အတွက် ကိတ်လိုးမားမှာ ကြိုတင်စီမံလိုက်တဲ့ နာရီပိုင်းအတွင်း လူအရိုးအသားကိုချေပြီး ဆယ့်ငါးမိနစ်ကြာမှေ့သွားတဲ့ မေ့ဆေးကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်ပြောမလဲ"

ဟုဆိုလိုက်လေ၏။

ထိုအခါ လူမော်နှင့်လူကျော်သည် ခေါင်းအောက်ငိုက်ချ၍ အမူအရာ ပြောင်းသွားကြ၏။

ထိုအခြေအနေကိုရိပ်စားမိသော စုံထောက်မောင်လူကလေးက

ပြုံး၍...

"ငါ့လူတို့ ခုလိုဖြစ်သွားတာ မေရီနဲ့မေကြည်ဆိုတဲ့ ညီအစ်မ နှစ်ယောက်ကြောင့် မဟုတ်လား"

ဟုမေးမြန်းလိုက်သဖြင့် လူမော်နှင့်လူကျော်မှာ အံ့ဩသွားကြ၏။

ထိုအခါ စုံထောက်မောင်လူကလေးက...

"ဒီအတွက် ဘာမှမပူနဲ့၊ အစွမ်းအစရှိတဲ့ ငါ့ညီတို့ကို ဂုဏ်ပြုဖို့ အတွက် ကျုပ်ကိုယ်တိုင် သူတို့ညီအစ်မနှစ်ယောက်နဲ့တွေ့ပြီး အဖြစ်မှန် အားလုံး ရှင်းပြပြီးပြီ၊ မယုံရင် ဟိုမှာကြည့်လိုက်ပါ"

ဟုပြောပြီး လှမ်းပြလိုက်သဖြင့် လူမော်နှင့်လူကျော်သည် အခန်းဝတွင်ရပ်လျက် ပြုံးကြည့်နေသော မေရီနှင့်မေကြည် ညီအစ်မကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် ဝမ်းသာပျော်ရွှင်သွားကြလေ တော့၏။

ထိုပျော်ရွှင်မှုကား ကွဲကွာနေကြသော ချစ်သူတွေ ပြန်တွေ့နေရ သကဲ့သို့ ပုံစံမျိုးဖြစ်နေလေတော့သတည်း။

**(အဟ္တာတိ အဟ္တနော နာထော)**

**ရွှေဒေါင်းလူ**

ပညာရှင်စာပေတိုက်မှ မတ်လအထူးအစီအစဉ်ဖြင့် ထွက်ရှိပါမည်။

## ရွှေဒေါင်းလူ

# ပြည်တော်ပြန်မြေ

**နိုင်ငံရေး၊ စစ်ရေး၊ အချစ်ရေး နောက်ခံထားသော**

လုံးချင်းဝတ္ထု

ပညာရှင်စာပေတိုက်

အမှတ်(၀၆၇)၊ ၃၈-လမ်းအသစ်၊ ဒိုလ်တာထောင်မြို့နယ်၊ရန်ကုန်။

ဖုန်း၊ ၀၁-၈၆၀၀၀၆၇၊ ၀၉-၇၃၀၂၇၀၇၇။

# ပြည်တော်ပြန်မြဖေ

- ခေတ်ဆိုးစနစ်ဆိုးတို့၏ သားကောင်။ (သို့မဟုတ်)
  ဂျပန်စစ်အတွင်းကာလ အကျဉ်းစံဘဝရောက်ရှိခဲ့သော မြဖေ . . .
- ဖက်ဆစ်မိစ္ဆာများကို အသက်စွန့်တိုက်ပွဲဝင်ခဲ့သော ဗမာ့တော်လှန်ရေး
  အဖွဲ့၏ ကြိုးပမ်းစွန့်စားမှုများ . . .
- ပဲခူးမိုးမလိုက်ဂူကြီးထဲမှ အင်းဝနန်းစဉ် ဓားတစ်လက်ကိုရရှိပြီး မူလ
  ဓားပိုင်ရှင်ဆန္ဒအတွက်ဖြည့်ဆည်းနိုင်ရန် စစ်ကြီး ပြီးချိန်၌ ခက်ခက်ခဲခဲစုံစမ်း
  ရှာဖွေခဲ့ရသော သခင်ခေါင်းဆောင်တစ်ဦး၏ ကြိုးစားမှုများ . . .
- သုသာန်ထဲမှ [illegible] တစ်ဦး၏ စိတ်ဝင်စား
  [illegible]
- [illegible]
  [illegible]

နိုင်ငံရေး စစ်ရေး အချစ်ရေး နောက်ခံထားသော

လုံးချင်းဝတ္ထုရှည်ဖြစ်သည်။